# The Rangoon Hotel စီမံကိန်း

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

# (Environmental Management Plan-EMP)

# အစီရင်ခံစာ


အစီရင်ခံစာရေးသားသူ

**Aggrandize Myanmar Company Limited**


၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ

# မာတိကာ


မာတိကာ ........ i

မာတိကာ (ဇယား) ........ v

မာတိကာ (ပုံ) ........ vi

အတိုကောက်စာလုံးများ ........ vii

အခန်း (၁) ၊ အစီရင်ခံစာအကျဉ်းချုပ် ........ ၁

၁.၁. *နိဒါန်း* ........ ၁

၁.၁.၁. EMP ရေးဆွဲရသည့် အကြောင်းရင်း ........ ၁

၁.၂. *မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်* ........ ၂

၁.၂.၁. ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လျှော့ချရေးဆိုင်ရာကိစ္စများအတွက် လိုက်နာဆောင်ရွက် မည့် စံချိန်စံညွှန်းများ ၄

၁.၃. *ကတိကဝတ်များ* ........ ၄

၁.၄. *စီမံကိန်းအကြောင်းအရာဖော်ပြချက်နှင့် အခြားနည်းရွေးချယ်ခြင်း* ........ ၅

၁.၄.၁. စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေး အချိန်ဇယား ........ ၇

၁.၄.၂. စက်ပစ္စည်းကိရိယာစာရင်း ........ ၇

၁.၄.၃. လုပ်သားအရေအတွက်၊ အဆိုင်းနှင့် အလုပ်ချိန် ........ ၉

၁.၄.၄. နှစ်စဉ်ရေလိုအပ်ချက်နှင့် ရေရရှိမှုအရင်းအမြစ် ........ ၉

၁.၄.၅. စွမ်းအင်လိုအပ်ချက်နှင့် သုံးစွဲမှုပမာဏ ........ ၉

၁.၄.၆. စွန့်ပစ်ပစ္စည်းထွက်ရှိမှု (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) စီမံခန့်ခွဲမှု အကျဉ်းချုပ် ........ ၁၀

၁.၄.၇. အဓိကစွန့်ထုတ်အခိုးအငွေ့၊ အမှုန်အမျိုးအစားနှင့် စီမံခန့်ခွဲမှုစနစ် ........ ၁၀

၁.၄.၈. စွန့်ပစ်ရေထွက်ရှိမှုပမာဏ နှင့် စီမံခန့်ခွဲမှုစနစ် ........ ၁၁

၁.၅. *စီမံကိန်းအနီးပတ်ဝန်းကျင်အကြောင်းရှင်းလင်းဖော်ပြခြင်း* ........ ၁၁

၁.၅.၁. လေထုအရည်အသွေး ........ ၁၂

၁.၅.၂. မြေအောက်ရေ အရည်အသွေးနှင့် စွန့်ပစ်ရေအရည်အသွေး ........ ၁၂

၁.၅.၃. ပတ်ဝန်းကျင်ဆူညံမှု ........ ၁၄

၁.၅.၄. အခြေခံအဆောက်အဦ၊ ဝန်ဆောင်မှုလုပ်ငန်းများတည်ရှိမှု ........ ၁၄

၁.၆. *ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လျှော့ပါးစေရေး နည်းလမ်းများ* ........ ၁၅

၁.၆.၁. စီမံကိန်းတည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက် နိုင်မှုများ ........ ၁၅

၁.၆.၂. ပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချမည့်နည်းလမ်းနှင့် နည်းပညာများ ........ ၂၂

၁.၆.၃. စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ဖျက်သိမ်းခြင်းကာလတို့အတွက် လျှော့ချမည့် နည်းလမ်းများ ........ ၂၂

၁.၆.၄. စီမံကိန်းလည်ပတ်ခြင်းကာလအတွက် လျှော့ချမည့် နည်းလမ်းများ ........ ၂၅

၁.၇. *စီမံအုပ်ချုပ်မှုနှင့် စောင့်ကြည့်စစ်ဆေးရေးစီမံချက်* ........ ၂၈

၁.၇.၁.ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ ... ၃၀
၁.၇.၂. ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ် ... ၃၀
၁.၇.၃. CSR လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အစီအစဉ် ... ၃၇
၁.၇.၄.ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အစီအစဉ်များအလိုက် အသုံးစရိတ်လျာထားချက် ... ၃၇
၁.၈. *အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ထုတ်ဖော်ခြင်း* ... ၃၈
၁.၈.၁.သတင်းအချက်အလက်ထုတ်ဖော်ခြင်း ... ၃၈
၁.၉. *နိဂုံး* ... ၃၉
အခန်း (၂)၊ နိဒါန်း ... ၄၀
၂.၁. *စီမံကိန်းနောက်ခံအကြောင်းအရာ* ... ၄၀
၂.၂. *စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်* ... ၄၁
၂.၃. *ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲခြင်းဆိုင်ရာ အကြောင်းအရာများ* ... ၄၁
၂.၃.၁. EMP ရေးဆွဲရသည့် အကြောင်းရင်း ... ၄၁
၂.၃.၂. ရည်ရွယ်ချက် ... ၄၃
၂.၃.၃. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲသည့် တတိယအဖွဲ့အစည်း ... ၄၃
၂.၃.၄. ဆောင်ရွက်သည့်နည်းလမ်း ... ၄၇
အခန်း (၃)၊ ကတိကဝတ်များ ... ၅၀
၃.၁. *စီမံကိန်းဆောင်ရွက်သူ၏ ကတိကဝတ်များ* ... ၅၀
၃.၂. EMP *ရေးဆွဲသည့် တတိယအဖွဲ့အစည်း၏ ကတိကဝတ်များ* ... ၅၆
အခန်း (၄)၊ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင် ... ၅၇
၄.၁. *ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ* ... ၅၇
၄.၂. *ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လျော့ချရေးဆိုင်ရာကိစ္စများအတွက် လိုက်နာဆောင်ရွက် မည့် စံချိန်စံညွှန်းများ* ၈၄
၄.၂.၁. စွန့်ထုတ်အရည် ... ၈၅
၄.၂.၂. ဆူညံသံ (Noise) ... ၈၅
၄.၂.၃. အနံ့ (Odor) ... ၈၆
၄.၃. *ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ* ... ၈၆
၄.၄. *အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ* ... ၈၆
အခန်း (၅)၊ စီမံကိန်းအကြောင်းအရာဖော်ပြချက်နှင့် အခြားနည်းရွေးချယ်ခြင်း ... ၈၈
၅.၁. *စီမံကိန်းအကြောင်းအရာ* ... ၈၈
၅.၂. *ရရှိမည့်အကျိုးကျေးဇူး* ... ၈၈
၅.၃. *စီမံကိန်းတည်နေရာ၊ စီမံကိန်းနေရာတစ်ခုလုံးကို ခြုံငုံဖော်ပြသည့်မြေပုံ နှင့် လုပ်ငန်းခွင် အလိုက် နေရာချထားမှုမြေပုံများ* ... ၈၉
၅.၄. *စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေး အချိန်ဇယား* ... ၁၀၁

၅.၅. *စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအလိုက် ရွေးချယ်ထားသော အခြားဆောင်ရွက် နိုင်သော နည်းလမ်းများ* ၁၀၁

၅.၆. *စက်ပစ္စည်းကိရိယာစာရင်း* ............ ၁၀၃

၅.၇. *လုပ်သားအရေအတွက်၊ အဆိုင်းနှင့် အလုပ်ချိန်* ............ ၁၀၄

၅.၈. *စီမံကိန်းမှဆောင်ရွက်မည့်ကိစ္စရပ်များ* ............ ၁၀၄

၅.၉. *နှစ်စဉ်ရေလိုအပ်ချက်နှင့် ရေရရှိမှုအရင်းအမြစ်* ............ ၁၀၄

၅.၁၀. *စွမ်းအင်လိုအပ်ချက်နှင့် သုံးစွဲမှုပမာဏ* ............ ၁၀၇

၅.၁၁. *စွန့်ပစ်ပစ္စည်းထွက်ရှိမှု (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) စီမံခန့်ခွဲမှု အကျဉ်းချုပ်* ............ ၁၀၈

၅.၁၂. *အဓိကစွန့်ထုတ်အခိုးအငွေ့၊ အမှုန်အမျိုးအစားနှင့် စီမံခန့်ခွဲမှုစနစ်* ............ ၁၀၉

၅.၁၃. *စွန့်ပစ်ရေထွက်ရှိမှုပမာဏ နှင့် စီမံခန့်ခွဲမှုစနစ်* ............ ၁၀၉

၅.၁၄. *ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် ထွက်ရှိမှုပမာဏနှင့်စီမံခန့်ခွဲမှု စနစ်* ............ ၁၁၆

၅.၁၅. *စီးဆင်းရေ နှင့် ရေနုတ်မြောင်းစနစ်အခြေအနေ* ............ ၁၁၆

**အခန်း (၆)၊ စီမံကိန်းအနီးပတ်ဝန်းကျင်အကြောင်းရှင်းလင်းဖော်ပြခြင်း ............ ၁၁၇**

၆.၁. *လေ့လာမှုဆိုင်ရာ ကန့်သတ်ချက်များ သတ်မှတ်ခြင်း* ............ ၁၁၇

၆.၂. *စီမံကိန်းအနီးပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ* ............ ၁၁၈

၆.၃. *စီမံကိန်းတည်ရှိရာဒေသ၏ ဒေသဆိုင်ရာအချက်အလက်များ* ............ ၁၁၈

၆.၃.၁.ရူပပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအချက်များ ............ ၁၁၉

၆.၃.၂.သက်ရှိဇီဝပတ်ဝန်းကျင် ............ ၁၂၉

၆.၃.၃.လူမှု-စီးပွားဆိုင်ရာအကြောင်းအချက်များ ............ ၁၃၂

**အခန်း (၇)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေး နည်းလမ်းများ ............ ၁၃၅**

၇.၁. *ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်နည်းစနစ်* ............ ၁၃၅

၇.၁.၁.ဂေဟစနစ်အခြေခံတန်ဖိုး (Ecosystem-based Value) ............ ၁၃၅

၇.၁.၂.အစိတ်အပိုင်းတစ်ခု၏ လူမှုဆိုင်ရာတန်ဖိုး (Social Value) ............ ၁၃၆

၇.၁.၃.ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုး (Environmental Value) ............ ၁၃၆

၇.၁.၄.နှောင့်ယှက်မှုအတိုင်းအတာ (Degree of Disturbance) ............ ၁၃၇

၇.၁.၅.ထိခိုက်မှု၏ ပြင်းထန်မှု (Intensity of Impact) ............ ၁၃၈

၇.၁.၆.ထိခိုက်မှုပမာဏ (Extent of Impact) ............ ၁၃၈

၇.၁.၇.ထိခိုက်မှု၏ ကြာချိန်ကာလ ............ ၁၃၉

၇.၁.၈.ထိခိုက်မှု၏ သိသာထင်ရှားမှု (Significance of the Impacts) ............ ၁၃၉

၇.၂. *ထိခိုက်မှုများအား ဖော်ထုတ်သတ်မှတ်ခြင်း* ............ ၁၄၁

၇.၃. *စီမံကိန်းတည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက် နိုင်မှုများ* ............ ၁၄၂

၇.၄. *ပတ်ဝန်းကျင်ထိခိုက်မှုများအား လျော့ချမည့်နည်းလမ်းနှင့် နည်းပညာများ* ............ ၁၄၈

၇.၄.၁.စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ဖျက်သိမ်းခြင်းကာလတို့အတွက် လျော့ချမည့် နည်းလမ်းများ ............ ၁၄၉

၇.၄.၂. စီမံကိန်းလည်ပတ်ခြင်းကာလအတွက် လျှော့ချမည့် နည်းလမ်းများ ........................ ၁၅၂

**အခန်း (၈) ။ စီမံအုပ်ချုပ်မှုနှင့် စောင့်ကြည့်စစ်ဆေးရေးစီမံချက် ........................ ၁၅၆**

၈.၁. *စီမံအုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ နှင့် တာဝန်ဝတ္တရားများ* ........................ ၁၅၆

၈.၂. *ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ* ........................ ၁၅၉

၈.၂.၁. ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ ကာကွယ်မှု အစီအစဉ် ........................ ၁၅၉

၈.၂.၂. ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ် ........................ ၁၇၂

၈.၂.၃. အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ် ........................ ၁၇၅

၈.၂.၄. စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် ........................ ၁၈၁

၈.၂.၅. ဝန်ထမ်းများအတွက် အသိပညာပေးနှင့် သင်တန်းအစီအစဉ် ........................ ၁၈၆

၈.၃. *ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်* ........................ ၁၈၇

၈.၄. CSR *လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အစီအစဉ်* ........................ ၁၉၅

၈.၄.၁. နေထိုင်ရန် ကောင်းမွန်သည့် အသိုင်းအဝန်းတည်ဆောက်ခြင်း ........................ ၁၉၅

၈.၄.၂. ပတ်ဝန်းကျင်ဆိုင်ရာ သဟဇာတဖြစ်စေရေးဆောင်ရွက်ခြင်း ........................ ၁၉၆

၈.၄.၃. ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအား ပိုမိုနားလည်သိရှိစေခြင်း ........................ ၁၉၆

၈.၄.၄. ဘဏ္ဍာငွေလျာထားချက် ........................ ၁၉၆

၈.၅. *ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အစီအစဉ်များအလိုက် အသုံးစရိတ်လျာထားချက်* ........................ ၁၉၇

**အခန်း (၉) ။ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ထုတ်ဖော်ခြင်း ........................ ၁၉၈**

၉.၁. *အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်၊ ရလဒ် နှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေ* ........................ ၂၀၆

၉.၂. *သတင်းအချက်အလက်ထုတ်ဖော်ခြင်း* ........................ ၂၀၆

**အခန်း (၁၀) ။ နိဂုံး ........................ ၂၀၈**

**ကိုးကားချက်များ ........................ ၂၁၀**

# မာတိကာ (ဇယား)

ဇယား ၂-၁ တတိယအဖွဲ့အစည်းဆိုင်ရာအချက်အလက်များ ....................................................................၄၄
ဇယား ၂-၂ ကျွမ်းကျင်သူများနှင့် ၎င်းတို့၏ အစီရင်ခံစာတွင် ဆောင်ရွက်သည့် ကဏ္ဍများ ..........................၄၄
ဇယား ၃-၁ အစီရင်ခံစာပါ ကတိကဝတ်များ..................................................................................၅၁
ဇယား ၄-၁ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ..........................၈၆
ဇယား ၅-၁ စီမံကိန်းဆိုင်ရာအချက်အလက်များ.............................................................................၈၈
ဇယား ၅-၂ နေရာချထားမှုအခြေအနေ ...........................................................................................၉၃
ဇယား ၅-၃ ရုံးသုံးပစ္စည်းကိရိယာစာရင်း....................................................................................... ၁၀၃
ဇယား ၅-၄ ရေခဲသေတ္တာ၊ လေအေးပေးစက် စာရင်း ........................................................................ ၁၀၃
ဇယား ၆-၁ မြေအောက်ရေနမူနာ ဓါတ်ခွဲစမ်းသပ်ချက်ရလဒ် အား WHO လမ်းညွှန်ချက်ဖြင့် နှိုင်းယှဉ်ဖော်ပြချက်၁၂၃
ဇယား ၇-၁ ထိခိုက်မှုတစ်ခု၏ သိသာထင်ရှားမှုအား ဆန်းစစ်ခြင်း .................................................... ၁၃၅
ဇယား ၇-၂ ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးဆုံးဖြတ်ခြင်း ....................................................................... ၁၃၇
ဇယား ၇-၃ ထိခိုက်မှု၏ ပြင်းထန်မှုကို ဆုံးဖြတ်ခြင်း ........................................................................ ၁၃၈
ဇယား ၇-၄ ထိခိုက်မှု၏ သိသာထင်ရှားမှုကို ဆုံးဖြတ်ခြင်း.................................................................. ၁၃၉
ဇယား ၇-၅ ထိခိုက်မှု၏ သိသာထင်ရှားမှုအား တွက်ချက်ထားမှု ..........................................................၁၄၁
ဇယား ၇-၆ ထိခိုက်မှု၏ သိသာထင်ရှားမှုကို ဆုံးဖြတ်ခြင်း.................................................................၁၄၂
ဇယား ၇-၇ စီမံကိန်းတည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ၁၄၃
ဇယား ၇-၈ စီမံကိန်းလည်ပတ်ခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ........................ ၁၄၅
ဇယား ၈-၁ စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများနှင့် တာဝန်များ........................................................ ၁၅၇
ဇယား ၈-၂ တည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးအစီအစဉ်များ ၁၆၀
ဇယား ၈-၃ လည်ပတ်ခြင်းကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးအစီအစဉ်များ .................. ၁၆၆
ဇယား ၈-၄ နှစ်စဉ်ဆောင်ရွက်သွားမည့် အသိပညာပေးနှင့် သင်တန်းအစီအစဉ်များ ............................. ၁၈၇
ဇယား ၈-၅ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များ (စီမံကိန်းလည်ပတ်ခြင်းကာလ).. ၁၈၉
ဇယား ၈-၆ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များ (စီမံကိန်း တည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလ)................................................................................ ၁၉၃
ဇယား ၈-၇ ကဏ္ဍအလိုက် ဆောင်ရွက်မည့် **CSR** လုပ်ငန်းစဉ် .......................................................... ၁၉၆
ဇယား ၈-၈ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ဆောင်ရွက်ချက်များအတွက် သုံးစွဲမည့် အသုံးစရိတ် လျာထားချက် ........................................................................................................................ ၁၉၇

# မာတိကာ (ပုံ)

ပုံ ၁-၁ စီမံကိန်းနှင့်ကပ်လျက်နေရာများအား တွေ့မြင်ရပုံ ....................................................................၁၁
၂-၁ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စာ ........................................................................................၄၀
ပုံ ၂-၂ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏အသိပေးအကြောင်းကြားစာ ...................................... ၄၂
ပုံ ၂-၃ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားရှိသည့်အခြေအနေ .......................................... ၄၄
ပုံ ၅-၁ ဟိုတယ်အဆောက်အဦအား တွေ့မြင်ရပုံ .................................................................................... ၉၂
ပုံ ၅-၂ Ground Floor နေရာချထားမှုပုံစံ ..............................................................................................၉၆
ပုံ ၅-၃ Level ၁ နေရာချထားမှုပုံစံ.......................................................................................................၉၇
ပုံ ၅-၄ Level ၂ နေရာချထားမှုပုံစံ ......................................................................................................၉၈
ပုံ ၅-၅ Level ၃ နေရာချထားမှုပုံစံ.......................................................................................................၉၉
ပုံ ၅-၆ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုတာဝန်ခံအဖွဲ့၏စာ ............................................................... ၁၀၅
ပုံ ၅-၇ ဓါတ်အားခ ပေးသွင်းမှုမှတ်တမ်း .......................................................................................... ၁၀၈
ပုံ ၅-၈ တပ်ဆင်ထားသည့် **Kubota** အမှတ်တံဆိပ် မိလ္လာရေဆိုးသန့်စင်စက်ဆိုင်ရာ အချက်အလက်များ .. ၁၁၀
ပုံ ၅-၉ **Waste Water Treatment Plant** ဆိုင်ရာ အချက်အလက်များ ...........................................၁၁၃
ပုံ ၅-၁၀ ရေနုတ်မြောင်းများအား မြောင်းဖုံးနှင့်တကွ ဆောင်ရွက်ထားခြင်း ........................................... ၁၁၆
ပုံ ၆-၁ စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်နေရာများပြမြေပုံ ......................................................... ၁၁၇
ပုံ ၆-၂ စီမံကိန်းနှင့်ကပ်လျက်နေရာများအား တွေ့မြင်ရပုံ ................................................................ ၁၁၈
ပုံ ၆-၃ စီမံကိန်းအတွင်းရှိလေထုအရည်အသွေးတိုင်းတာမှုရလဒ် ........................................................ ၁၂၂
ပုံ ၆-၄ စွန့်ပစ်ရေဓါတ်ခွဲစမ်းသပ်ချက်အဖြေ..........................................................................................၁၂၆
ပုံ ၆-၅ ဆူညံသံတိုင်းတာမှု မှတ်တမ်းဓါတ်ပုံ.........................................................................................၁၂၈

# အတိုကောက်စာလုံးများ

ADB - အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank)

CGM - မကျေနပ်မှုဖော်ထုတ်ခြင်းနှင့် တိုင်တန်းခြင်းလုပ်ငန်းစဉ် (Complaints and Grievances Mechanism)

ECD - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (Environmental Conservation Department)

FDA - အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (Food and Drug Administration)

GAD - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (General Administration Department)

GIS - ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် (Geographic Information System)

IFC - နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း (International Finance Corporation)

ISO - အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်ရေးအဖွဲ့ (International Standard Organization)

MONREC - သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (Ministry of Natural Resources and Environmental Conservation)

NEQEG - အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (National Environmental Quality (Emission) Guidelines)

OHSAS - လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးစံနှုန်း (Occupational Health and Safety Standard)

WHO - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organisation)

WMP - စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ် (Waste Management Plan)

# အခန်း (၁)၊ အစီရင်ခံစာအကျဉ်းချုပ်

## ၁.၁. နိဒါန်း

လုပ်ငန်းရှင် ဦးထက်လင်းအောင် (၁၂/ကမရ (နိုင်)၀၆၃၃၀၆) ပိုင် The Rangoon Hotel စီမံကိန်းအား အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လက်ရှိအချိန်တွင် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး ပြီးဖြစ်၍ ဟိုတယ်ဖွင့်လှစ်ရန် လိုအပ်သည့် လိုင်စင်၊ ခွင့်ပြုမိန့်များ လျှောက်ထားဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းအား အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်-

- ✓ ရန်ကုန်တိုင်းဒေသကြီး၏ ဟိုတယ်လုပ်ငန်းလိုအပ်ချက်အား အထောက်အကူပြုနိုင်ရန်၊
- ✓ နိုင်ငံခြားဝင်ငွေနှင့် အခွန်ဘဏ္ဍာငွေများ ရရှိနိုင်ရန်
- ✓ အလုပ်အကိုင်နေရာများဖန်တီးပေးနိုင်ရန်နှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြင့်မားလာစေရန်၊
- ✓ CSR လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအား တစ်ဖက်တစ်လမ်းမှ အကူအညီပေးနိုင်ရန်။

### ၁.၁.၁. EMP ရေးဆွဲရသည့် အကြောင်းရင်း

စီမံကိန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု မရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ (၃-၃-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ရက/EIA/၂(၂) (၄၀၃/၂၀၂၁) ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန် ညွှန်ကြားကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ (၁၃-၅-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ က-ရကတ/၂၀၂၁ (၀၁၈၃) ဖြင့် အသိပေးအကြောင်းကြားချက်အရ ဤအစီရင်ခံစာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်လျက် ရှိသည့် တတိယအဖွဲ့အစည်းဖြစ်သော Aggrandize Myanmar Company Limited သို့ လုပ်ငန်းအပ်နှံရေးဆွဲခဲ့ပါသည်။

## တတိယအဖွဲ့အစည်းဆိုင်ရာအချက်အလက်များ

| | | | |
|---|---|---|---|
| ၁။ | အဖွဲ့အစည်းအမည် | - | Aggrandize Myanmar Company Limited |
| ၂။ | ကုမ္ပဏီမှတ်ပုံတင်အမှတ် | - | ၁၂၄၃၀၇၈၁၃ |
| ၃။ | လိပ်စာ | - | အမှတ်၊ (ပ-၁၄၀)၊ သပြေကုန်းပွဲရုံတန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ |
| ၄။ | ဆက်သွယ်ရန် အမည် နှင့် ဖုန်းနံပါတ် | - | ဦးဗညားအောင်<br>Director<br>Aggrandize Myanmar Company Limited<br>၀၉၉၇၇၂၅၉၇၇၂ |

### ၁.၂. မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

စီမံကိန်းဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူ နှင့် ဆက်စပ်ပါဝင်သူများအနေဖြင့် မြန်မာနိုင်ငံမှထုတ်ပြန်ပြဌာန်းထားသည့် စီမံကိန်းနှင့်သက်ဆိုင်သည့် အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များအား အထူးဂရုပြုလိုက်နာသွားမည် ဖြစ်ပါသည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)

(၃) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

(၄) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂၀၁၅)

(၅) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၂၀၁၅)

(၆) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆)

(၇) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၇)

(၈) မြန်မာ့အာမခံလုပ်ငန်းဥပဒေ (၁၉၉၃)

(၉) ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)

(၁၀) ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)

(၁၁) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ (၁၉၉၈)

(၁၂) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

(၁၃) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)

(၁၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)

(၁၅) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ(၁၉၉၅)

(၁၆) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)

(၁၇) သစ်တောဥပဒေ (၂၀၁၈)

(၁၈) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆ )

(၁၉) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

(၂၀) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂)

(၂၁) Workmen Compensation Act

(၂၂) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

(၂၃) ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁)

(၂၄) အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

(၂၅) အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)

(၂၆) လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

(၂၇) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ

(၂၈) မော်တော်ယာဉ်ဥပဒေ (၂၀၁၅)

(၂၉) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)

(၃၀) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

(၃၁) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)

(၃၂) ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)

(၃၃) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ

(၃၄) လယ်ယာမြေဥပဒေ (၂၀၁၂) ပုဒ်မ ၃၀ (ခ)

(၃၅) Underground Water Act ပုဒ်မ ၃ ၊ ၆

(၃၆) အလုပ်ရုံအက်ဥပဒေ (၁၉၅၁)

(၃၇) ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈)

(၃၈) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈) နှင့် ဆက်စပ် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ

(၃၉) သက်ဆိုင်ရာအမိန့်ကြော်ငြာစာများ

(၄၀) ဒေသန္တရသတ်မှတ်/ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် နှင့် ညွှန်ကြားချက်များ

စီမံကိန်းလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များအားလည်း ဖောက်ဖျက်ခြင်းမရှိစေဘဲ လိုက်နာဆောင်ရွက်သွားပါမည်။

## ၁.၂.၁. ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လျော့ချရေးဆိုင်ရာကိစ္စများအတွက် လိုက်နာဆောင်ရွက်မည့် စံချိန်စံညွှန်းများ

စီမံကိန်းဆောင်ရွက်သူ အနေဖြင့် စီမံကိန်းမှ ထုတ်လွှတ်စွန့်ပစ်မှုအမျိုးမျိုးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအား လိုက်နာသွားမည်ဖြစ်ပါသည်။ အဆိုပါ လမ်းညွှန်ချက်၏ အပိုဒ် ၂.၆.၄ ပါ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (Tourism and Hospitality Development) ပါ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁.၃. ကတိကဝတ်များ

စီမံကိန်းဆောင်ရွက်သူအနေဖြင့် အောက်ပါအချက်များအား ကတိကဝတ်ပြုပါသည်-

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာဆောင်ရွက်သွားပါမည်။

(ခ) လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့်ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား တိုးတက်နေသည့် နည်းပညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်

စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်ရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။

(ဂ) စီမံကိန်းပိုင်ရှင်အနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ပြင်ဆင်ဖြည့်စွက်လိုပါက တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်ဆောင်ရွက်သွားပါမည်။

(ဃ) စီမံကိန်းလုပ်ငန်းများပြီးစီး၍ စီမံကိန်းလုပ်ငန်းပိတ်သိမ်းချိန်တွင် လူမှုဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိခိုက်မှုများရှိလာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အစီအမံများချမှတ် ဆောင်ရွက်သွားပါမည်။

အစီရင်ခံစာရေးဆွဲသည့် တတိယအဖွဲ့အစည်းအနေဖြင့် အောက်ပါအချက်များအား ကတိကဝတ်ပြုပါသည် -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာ၍ ပြည့်စုံပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲထားပါသည်။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များနှင့်အညီ ပြုစုရေးဆွဲထားပါသည်။

## ၁.၄. စီမံကိန်းအကြောင်းအရာဖော်ပြချက်နှင့် အခြားနည်းရွေးချယ်ခြင်း

စီမံကိန်းသည် အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ကိုဩဒိနိတ် (16°46'38.82"N, 96° 8'15.73"E) ၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ The Rangoon Hotel စီမံကိန်းဆိုင်ရာ အချက်အလက်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**စီမံကိန်းဆိုင်ရာအချက်အလက်များ**

| | | |
|---|---|---|
| စီမံကိန်းဆောင်ရွက်သူ | - | ဦးထက်လင်းအောင်<br>(၁၂/ကမရ (နိုင်)၀၆၃၃၀၆) |
| စီမံကိန်းအမည် | - | The Rangoon Hotel စီမံကိန်း |

| | | |
|---|---|---|
| စီမံကိန်းအမျိုးအစား | - | ဟိုတယ်လုပ်ငန်း |
| စီမံကိန်းတည်နေရာ | - | အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကျယ်အဝန်း | - | မြေအကျယ် (၀.၀၅၇) ဧက |
| အခန်းအရေအတွက် | - | (၁၄) ထပ် ၊ အခန်း (၅၅) ခန်း |
| တာဝန်ခံ/ဆက်သွယ်ရန် ပုဂ္ဂိုလ်/လိပ်စာ | - | ဒေါ်အေးအေးစိုး<br>ဖုန်း - ၀၉၂၅၁၀၂၃၈၃၈<br>အီးမေးလ် - aayesoe152@gmail.com<br>အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

အခန်း (၅၅) ခန်းပါ ဟိုတယ်စီမံကိန်းအား မြေအကျယ် (၀.၀၅၇) ဧကပေါ်တွင် (၁၄) ထပ် အဆောက်အဦ (၁) လုံး၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆောက်အဦအား အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည် -

**အဆောက်အဦအရေအတွက် နှင့် အမျိုးအစား**


| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | (၄၈.၈ ပေx၄၉.၁၀ ပေ) အကျယ်ရှိ RC (၁၄) ထပ် အဆောက်အဦ | (၁) လုံး |

စီမံကိန်း၌ ဓါတ်လှေကား (၂) စီး၊ အရေးပေါ်ထွက်ပေါက်တို့အား ထည့်သွင်း တည်ဆောက်ထားပြီး၊ အထပ်အလိုက် နေရာချထားမှုအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**နေရာချထားမှုအခြေအနေ**

| စဉ် | အလွှာ | ပါဝင်သည့်အရာ |
|---|---|---|
| ၁ | Ground Floor | ကား (၉) စီးစာ ပါကင်နေရာ၊ ရေသိုလှောင်ကန်၊ အမှိုက်ကန်၊ မီးသတ်ရေမော်တာ |
| ၂ | Level 1 | ညှော်ကြိုကောင်တာ၊ ညှော်ကြိုခန်းမ |

| | | |
|---|---|---|
| ၃ | Level 2 | စားဖိုဆောင်၊ စားသောက်ခန်းမ |
| ၄ | Level 3 | စတိုခန်း နှင့် ရုံးခန်းများ |
| ၅ | Level 4-14 | ဟိုတယ်ခန်းများ (တစ်ထပ်လျှင် အခန်း ၅ ခန်း ပါဝင်ပါသည်) |




ဟိုတယ်အဆောက်အဦအား တွေ့မြင်ရပုံ

## ၁.၄.၁. စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေး အချိန်ဇယား

စီမံကိန်းအား ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုချက်များ ရယူ၍ စတင်ဆောက်လုပ်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးပြီးဖြစ်ပါသည်။ စီမံကိန်းလည်ပတ်မည့် အချိန်အား ယေဘုယျအားဖြင့် နှစ်ပေါင်း (၃၀) ခန့် ဆောင်ရွက်ရန် လျာထားပြီး၊ စီမံကိန်း ဖျက်သိမ်းမည့် ကာလအား (၆) လအတွင်း ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁.၄.၂. စက်ပစ္စည်းကိရိယာစာရင်း

စီမံကိန်း၌ ရုံးအဖွဲ့သုံးစွဲရန် ကွန်ပြူတာ၊ ပရင်တာ ရုံးသုံးပစ္စည်းကိရိယာများထားရှိပြီး၊ ဟိုတယ်အခန်းများတွင် ရေခဲသေတ္တာ၊ လေအေးပေးစက်များ တပ်ဆင်ထားရှိပါသည်။

ရုံးသုံးပစ္စည်းစာရင်းနှင့် တပ်ဆင်ထားသည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာရင်းအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ရုံးသုံးပစ္စည်းကိရိယာစာရင်း**

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | ကွန်ပြူတာ | (၁၅) လုံး |
| ၂ | ပရင်တာ | (၄) လုံး |
| ၃ | မိတ္တူကူးစက် | (၂) လုံး |
| ၄ | Scanner | (၂) လုံး |
| ၅ | ဖက်စ် | (၁) လုံး |
| ၆ | ရုံးသုံးစားပွဲ | (၁၀) စုံ |
| ၇ | အစည်းအဝေးစားပွဲ | (၂) စုံ |
| ၈ | ကုလားထိုင် | (၃၀) လုံး |
| ၉ | ကြိုးဖုန်း | (၇) လုံး |

**ရေခဲသေတ္တာ၊ လေအေးပေးစက် စာရင်း**

| No. | Type | | Gas Type | HP | Quantity |
|---|---|---|---|---|---|
| 1 | Indoor | VRF, 4 Way Casette | R410 | 1.5 | 6 |
| 2 | Indoor | VRF, Wall Mounted | R410 | 1.5 | 59 |
| 3 | Indoor | Ceiling Suspended Inverter | R410 | 3 | 1 |
| 4 | Indoor | Wall Mounted Inverter | R410 | 2 | 2 |
| 5 | Indoor | TCL Air Conditioner | R410 | 1 | 3 |
| 6 | Outdoor | VRF, Outdoor | R410 | 8 | 1 |

| | | | | | |
|---|---|---|---|---|---|
| 7 | Outdoor | VRF, Outdoor | R410 | 10 | 12 |
| 8 | - | Refrigerator | - | - | 55 |

## ၁.၄.၃. လုပ်သားအရေအတွက်၊ အဆိုင်းနှင့် အလုပ်ချိန်

စီမံကိန်းတွင် လက်ရှိ ဝန်ထမ်းဦးရေ (၃၀) ဦးခန့်ရှိပြီး၊ စီမံကိန်းလည်ပတ်ချိန်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ခန့်အပ်သွားပါမည်။ အလုပ်ချိန်အား တစ်နေ့ (၈) နာရီခန့် နေ့ဆိုင်း၊ ညဆိုင်းများခွဲ၍ လုပ်ကိုင်စေမည်ဖြစ်ပြီး၊ လုပ်ခ၊ လစာနှင့် အချိန်ပိုကြေးများအား အလုပ်သမားဥပဒေနှင့်အညီ ပေးအပ်သွားမည်ဖြစ်ပါသည်။

## ၁.၄.၄. နှစ်စဉ်ရေလိုအပ်ချက်နှင့် ရေရရှိမှုအရင်းအမြစ်

စီမံကိန်းလည်ပတ်ရန် လစဉ်လိုအပ်မည့် ပျမ်းမျှရေအလိုအပ်ချက်ပမာဏမှာ ခန့်မှန်း လူဦးရေ (၁၅၀) ဦး နှင့် တစ်နေ့ရေ လိုအပ်ချက်မှာ ဂါလန် (၆,၀၀၀) ဖြစ်ကြောင်း၊ (၄) လက်မ မြေအောက်ရေတွင်း (၂) တွင်း တူးဖော်သုံးစွဲလျက်ရှိကြောင်း၊ Ground Floor Level (1) ရှိ မြေအောက်ရေသိုလှောင်ကန် ၂ ကန် (၉,၀၀၀ ဂါလံ + ၁,၂၀၀ ဂါလံ) ၌ လည်းကောင်း၊ Ground Floor Level (2) ရှိ (၉၃၈၀) ဂါလံဆံ့ Treated Water Tank ၌လည်းကောင်း၊ (၄၀၀၀) ဂါလံဆံ့ Overhead Tank ၌လည်းကောင်း၊ Roof Floor ရှိ မီးငြိမ်းသတ်ရန် (၄၀၀၀) ဂါလံဆံ့ Overhead Tank ၌လည်းကောင်း၊ Water Treatment Plant အား Ground Floor Level (1) အပေါ်၌လည်းကောင်း ထားရှိကြောင်းတွေ့ရှိရသဖြင့် ရေလုံလောက်စွာ သိုလှောင်ထားနိုင် ကြောင်း တွေ့ရှိရပါသည်။

## ၁.၄.၅. စွမ်းအင်လိုအပ်ချက်နှင့် သုံးစွဲမှုပမာဏ

စီမံကိန်းလည်ပတ်ရန်အတွက် လိုအပ်မည့် လျှပ်စစ်ဓါတ်အားအတွက် လျှပ်စစ်ဓါတ်အား ပေးရေးကော်ပိုရေးရှင်း၏ ခွင့်ပြုချက်နှင့်အညီ ၄၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တပ်ဆင် ထားရှိပါသည်။

### ၁.၄.၆. စွန့်ပစ်ပစ္စည်းထွက်ရှိမှု (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) စီမံခန့်ခွဲမှု အကျဉ်းချုပ်

စီမံကိန်းမှ ထွက်ရှိနိုင်မည့် စွန့်ပစ်ပစ္စည်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| ဆောင်ရွက်ချက် | စွန့်ပစ်ပစ္စည်းထွက်ရှိမှု | ဆောင်ရွက်မည့် လုပ်ငန်းစဉ် |
|---|---|---|
| ဝန်ထမ်းများ၊ တည်းခိုသူများ နေထိုင်ခြင်း | • သုံးစွဲပြီး စွန့်ပစ်ရေများ<br>• အထွေထွေ စွန့်ပစ်ပစ္စည်းများ | • မိလ္လာကန် အနည်ထိုင် ကန်၊ Grease Trap များ၌ စစ်ထုတ်ပြီးနောက် YCDC ရေဆိုး စနစ် အတွင်း စွန့်ပစ်ခြင်း<br>• YCDC နှင့် ဆက်သွယ် စွန့်ပစ်ခြင်း |
| ဟိုတယ်၏ရုံးလုပ်ငန်း လည်ပတ်ခြင်း | • လုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများ<br>• အထွေထွေ စွန့်ပစ်ပစ္စည်းများ | • YCDC နှင့် ဆက်သွယ် စွန့်ပစ်ခြင်း<br>• လိုအပ်သူများထံ ပြန်လည် ရောင်းချခြင်း (ဥပမာ- အိတ်ခွံ၊ ပီပါ၊ ပုံးခွံ စသည်) |
| လောင်စာစွမ်းအင်သုံးစက်များ မောင်းနှင်ခြင်း | • ဖုန်နှင့်အမှုန်အမွှားများ<br>• လောင်စာလောင်ကျွမ်း ပြီးနောက် စွန့်ထုတ် ဓာတ်ငွေ့များ | • ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း |

### ၁.၄.၇. အဓိကစွန့်ထုတ်အခိုးအငွေ့၊ အမှုန်အမျိုးအစားနှင့် စီမံခန့်ခွဲမှုစနစ်

ဟိုတယ်စီမံကိန်းဖြစ်သဖြင့် စွန့်ထုတ်အခိုးအငွေ့နှင့် အမှုန်ထွက်ရှိမှု နည်းပါးသော်လည်း လောင်စာစွမ်းအင်သုံး စက်ပစ္စည်းများမှ စွန့်ထုတ် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်နှင့် အခြားအမှုန်အမွှားများ ထွက်ရှိနိုင်ခြင်းတို့ကြောင့် ထွက်ရှိမှုနည်းပါးစေရန်

ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ သုံးစွဲမှုနှင့် ယာဉ်အသွားအလာ တတ်နိုင်သမျှလျှော့ချခြင်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၁.၄.၈. စွန့်ပစ်ရေထွက်ရှိမှုပမာဏ နှင့် စီမံခန့်ခွဲမှုစနစ်

စွန့်ပစ်ရေအနေဖြင့် တစ်နေ့စွန့်ပစ်ရေ ဂါလန် (၆,၀၀၀) ခန့်ဖြစ်ပါသည်။ စီမံကိန်းမှ ထွက်ရှိသည့် မိလ္လာရေများအား 15m$^3$/day သန့်စင်နိုင်သည့် Kubota တံဆိပ် မိလ္လာရေဆိုး သန့်စင်စက်ဖြင့် သန့်စင်၍လည်းကောင်း၊ Kitchen Sink များမှ ထွက်ရှိရေများအား Grease Trap များ၌ စစ်ထုတ်ပြီးနောက်လည်းကောင်း၊ ကျန်ရေများအား Waste Water Treatment Plant ဖြင့်လည်းကောင်း သန့်စင်ပြီးနောက်လည်းကောင်း စွန့်ပစ်သွားမည်ဖြစ်ပါသည်။

## ၁.၅. စီမံကိန်းအနီးပတ်ဝန်းကျင်အကြောင်းရှင်းလင်းဖော်ပြခြင်း

စီမံကိန်းတည်ရှိရာ လမ်းမတော်မြို့နယ်သည် ရန်ကုန်မြို့ Downtown (၆) မြို့နယ်၌ ပါဝင်သည့် မြို့နယ်တစ်ခုဖြစ်ပါသည်။ စီမံကိန်း မြောက်ဘက်တွင် အနော်ရထာလမ်းခြားလျက် မြေကွက်လွတ်၊ အနောက်ဘက် တွင် (၁) လမ်းခြားလျက် မြေကွက်လွတ်၊ အရှေ့ဘက် နှင့် တောင်ဘက်တို့တွင် လူနေအိမ်တို့ တည်ရှိပါသည်။




**ပုံ ၁-၁ စီမံကိန်းနှင့်ကပ်လျက်နေရာများအား တွေ့မြင်ရပုံ**

စီမံကိန်းတည်ရှိရာ လမ်းမတော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၆ မိနစ်နှင့် ၉၆ ဒီဂရီ ၁၆ မိနစ် အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၀၀ မိနစ်နှင့် ၀၈ ဒီဂရီ ၃၅ မိနစ်အကြားတွင် တည်ရှိ ပါသည်။ အရှေ့မှအနောက် ၁.၇မိုင် နှင့် တောင်မှမြောက် ၀.၈၈ မိုင် ရှည်လျားပြီး၊ ၀.၆၁၄ မိုင် ကျယ်ဝန်းပါသည်။ အရှေ့ဘက်တွင် လသာမြို့နယ် နှင့် ဗိုလ်တထောင်မြို့နယ်၊ အနောက်ဘက် တွင် အလုံမြို့နယ်၊ တောင်ဘက်တွင် ဆိပ်ကမ်းမြို့နယ်၊ မြောက်ဘက်တွင် ဒဂုံမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေပြီး၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀ တွင် တည်ရှိပါသည်။ မြေမျက်နှာသွင်ပြင် ညီညာပြန့်ပြူး၍ ရေဆင်းမှာ ကျုံးကြီးမြောင်း (ကျုံးကြီး) မှတစ်ဆင့် ရန်ကုန်မြစ်အတွင်းသို့ စီးဆင်းပါသည်။

မြို့နယ်သည် ပူအိုက်စွတ်စိုသောရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် (၄၂) ဒီဂရီစင်တီဂရိတ် နှင့် အနိမ့်ဆုံးအပူချိန် (၁၂) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။

## ၁.၅.၁. လေထုအရည်အသွေး

စီမံကိန်းဒေသ၏ ပတ်ဝန်းကျင်လေထုအရည်အသွေးအား www.accuweather.com ၌ (၁၂-၁၀-၂၀၂၁) ရက်နေ့၌ တိုင်းတာဖော်ပြထားချက်အရ လေထုအရည်အသွေးမှာလည်း အသင့်အတင့် ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ စီမံကိန်းအတွင်းရှိလေထုအရည် အသွေးအား သိရှိနိုင်ရန်အတွက် ၁၂-၁၀-၂၀၂၁ ရက်နေ့ ၁၀၀၀ နာရီချိန်ခန့် ၁၄၀၀ နာရီခန့်အတွင်း Ground Floor Level (2) ၊ Reception Area တို့၌ Air Quality Detector ဖြင့် PM 10, PM 2.5, PM1.0, HCHO, TVOC, Temperature, Humidity တို့အား တိုင်းတာခဲ့ပြီး တိုင်းတာမှုပျမ်းမျှ ရလဒ်များအရ WHO လမ်းညွှန်ချက်များ အတွင်း ရှိကြောင်း တွေ့ရှိရပါသည်။

## ၁.၅.၂. မြေအောက်ရေ အရည်အသွေးနှင့် စွန့်ပစ်ရေအရည်အသွေး

ပတ်ဝန်းကျင်ရေအရည်အသွေးအား သိရှိနိုင်ရန်အတွက် မြေပြင်ကွင်းဆင်း၍ မြေအောက်ရေနမူနာရယူခြင်းအား ၁၂-၁၀-၂၀၂၁ ရက်နေ့ ၁၄၀၀ နာရီချိန်ခန့်တွင် (GPS Point: 16°46'38.51"N, 96° 8'15.70"E) မှ ရယူ၍ ISO Tech ဓာတ်ခွဲခန်းသို့ ပို့ဆောင်စမ်းသပ်ခဲ့ပါသည်။ စမ်းသပ်ချက် ရလဒ်များအရ မြေအောက်ရေနမူနာရလဒ်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) မှ သတ်မှတ်သည့်သောက်သုံးရေ လမ်းညွှန်ချက်များ (Drinking Water Guidelines) အတွင်းရှိကြောင်း အောက်ပါအတိုင်းနှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## မြေအောက်ရေနမူနာ ဓါတ်ခွဲစမ်းသပ်ချက်ရလဒ် အား WHO လမ်းညွှန်ချက်ဖြင့် နှိုင်းယှဉ်ဖော်ပြချက်

| စဉ် | အမျိုးအမည် | WHO Drinking Water Guideline | ရေနမူနာ ရလဒ် | မှတ်ချက် |
|---|---|---|---|---|
| ၁. | pH | 6.5- 8.5 | 7.6 | သတ်မှတ်ချက်အတွင်း |
| ၂. | Colour (True) | 15 TCU | Nil | သတ်မှတ်ချက်အတွင်း |
| ၃. | Turbidity | 5 NTU | 2 | သတ်မှတ်ချက်အတွင်း |
| ၄. | Total Hardness (as $CaCO_3$) | 500 mg/l | 66 | သတ်မှတ်ချက်အတွင်း |
| ၅. | Iron | 0.3 mg/l | 0.20 | သတ်မှတ်ချက်အတွင်း |
| ၆. | Chloride (as Cl) | 250 mg/l | 4 | သတ်မှတ်ချက်အတွင်း |
| ၇. | Sulphate ($SO_4$) (as SO4) | 500 mg/l | 10 | သတ်မှတ်ချက်အတွင်း |
| ၈. | Total Solids | 1500 mg/l | 112 | သတ်မှတ်ချက်အတွင်း |
| ၉. | Total Suspended Solids | - | 3 | – |
| ၁၀. | Total Dissolved Solids | 1000 mg/l | 109 | သတ်မှတ်ချက်အတွင်း |
| ၁၁. | Manganese | 0.05 mg/l | Nil | သတ်မှတ်ချက်အတွင်း |
| ၁၂. | Salinity | - | 0.1 ppt | - |

စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ရေအရည်အသွေးအား သိရှိနိုင်ရန်အတွက် စွန့်ပစ်ရေနမူနာရယူခြင်းအား ၁၂-၁၀-၂၀၂၂ ရက်နေ့ ၁၄၃၀ နာရီချိန်ခန့်တွင် (GPS Point: 16°46'38.33"N, 96° 8'15.75"E) မှ ရယူ၍ ISO Tech ဓာတ်ခွဲခန်းသို့ ပို့ဆောင်စမ်းသပ်ခဲ့ပါသည်။ စမ်းသပ်ချက်ရလဒ်များအရ စွန့်ပစ်ရေနမူနာရလဒ်များသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (National Environmental Quality (Emission) Guidelines-NEQEG) အတွင်းရှိကြောင်း အောက်ပါအတိုင်းနှိုင်းယှဉ်ဖော်ပြအပ် ပါသည်-

**စွန့်ပစ်ရေခေတ်ခွဲစမ်းသပ်ချက်အဖြေ**

| Parameter | Unit | EQEG Guideline Value | စီမံကိန်းမှ စွန့်ပစ်ရေ | မှတ်ချက် |
|---|---|---|---|---|
| pH | S.U.[C] | 6-9 | 7.4 | သတ်မှတ်ချက်အတွင်း |
| Total Solid | mg/l | - | 220 | - |
| Salinity | mg/l | - | 0.1 | - |
| Dissolved Oxygen (DO) | mg/l | - | 6.2 | - |
| Chemical Oxygen Demand (COD) | mg/l | 250 | 64 | သတ်မှတ်ချက်အတွင်း |
| 5-day Biochemical oxygen demand | mg/l | 50 | 24 | သတ်မှတ်ချက်အတွင်း |

### ၁.၅.၃. ပတ်ဝန်းကျင်ဆူညံမှု

စီမံကိန်းမှာ ဟိုတယ်စီမံကိန်းဖြစ်ပြီး၊ အဆောက်အဦအား အကာအရံများဖြင့် သေချာစွာ တည်ဆောက်ထားသဖြင့် ဆူညံသံများ စီမံကိန်းအတွင်းမှ အပြင်သို့ ပျံ့လွင့်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ စီမံကိန်းအတွင်း (GPS Point: 16°46'38.76"N, 96°8'15.76"E) နှင့် စီမံကိန်းမျက်နှာစာ (GPS Point: 16°46'38.91"N, 96° 8'15.82"E) တို့၌ တိုင်းတာချက်များအရ EQEG သတ်မှတ်ချက်များအတွင်းရှိကြောင်း တွေ့ရှိရပါသည်။


### ၁.၅.၄. အခြေခံအဆောက်အဦ၊ ဝန်ဆောင်မှုလုပ်ငန်းများတည်ရှိမှု

အခြေခံအဆောက်အဦများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ဆေးရုံ၊ ဘဏ်လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ဆေးခန်း၊ အခြေခံပညာကျောင်းများ နှင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်သည့် မြို့နယ်တစ်ခုဖြစ်ပါသည်။

## ၁.၆. ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေး နည်းလမ်းများ

စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ဆန်းစစ်ရာတွင် ဆိုးကျိုး၏ ပြင်းထန်မှု (Intensity)၊ ပမာဏ (Extent) နှင့် ကြာချိန်ကာလ (Duration) တို့ကို စုပေါင်း၍ ထိခိုက်မှု ညွှန်းကိန်းဖြစ်သည့် သိသာထင်ရှားမှု (Significance) ကို ဆုံးဖြတ်ပါသည်။

**ထိခိုက်မှုတစ်ခု၏ သိသာထင်ရှားမှုအား ဆန်းစစ်ခြင်း**




### ၁.၆.၁. စီမံကိန်းတည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ

စီမံကိန်း တည်ဆောက်ခြင်းနှင့်ဖျက်သိမ်းခြင်း၊ လည်ပတ်ခြင်း တို့ကြောင့် ဖြစ်ပေါ်နိုင်မည့် သက်ရောက်နိုင်မှုအခြေအနေများအား အောက်ပါဇယားများဖြင့် တွက်ချက်ဖော်ပြအပ်ပါသည်-

## စီမံကိန်းတည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ

| စဉ် | ကဏ္ဍ | လုပ်ဆောင်ချက် | သက်ရောက်နိုင်မှု | သက်ရောက်မှု၏သိသာထင်ရှားမှုအားဆုံးဖြတ်ခြင်း | | | |
|---|---|---|---|---|---|---|---|
| | | | | ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
| ၁ | လေအရည်အသွေး | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • အမှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင် အောက်ဆိုဒ်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်များ ထွက်ရှိ နိုင်ခြင်း | နိမ့်သည် | ဒေသန္တရ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ကာဗွန်မိုနောက် ဆိုဒ်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | ဒေသန္တရ | ကာလတို | အလွန်နိမ့် |
| ၂ | အနံ့ | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဓာတ်ဆီ၊ ဒီဇယ်ဆီအနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းစဉ်များမှ အနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၃ | ဆူညံသံနှင့် တုန်ခါမှု | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များလည်ပတ်မောင်းနှင်ခြင်း | • ဆူညံသံနှင့် တုန်ခါမှုများထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များကြောင့် ဆူညံသံများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၄ | ရေအရည်အသွေး | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များမှ ညစ်ညမ်းရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • သိုလှောင်ထားသည့် စွန့်ပစ်ရေ များကို စွန့်ထုတ်ခြင်း | • ညမ်းညမ်းရေများထွက်ရှိနိုင်ခြင်းနှင့် ရေအရည်အသွေး ပြောင်းလဲနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၅ | မြေအရည်အသွေး | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆီမတော်တဆ ဖိတ်စင်ခြင်းမှ မြေထုညစ်ညမ်းစေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |

| စဉ် | ကဏ္ဍ | လုပ်ဆောင်ချက် | သက်ရောက်နိုင်မှု | သက်ရောက်မှု၏သိသာထင်ရှားမှုအားဆုံးဖြတ်ခြင်း | | | |
|---|---|---|---|---|---|---|---|
| | | | | ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်းနှင့် ယင်းလုပ်ငန်းစဉ်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား မြေထုအတွင်း စွန့်ပစ်ခြင်းကြောင့် မြေထုညစ်ညမ်းစေနိုင်ခြင်း<br>• မလိုအပ်ဘဲ သစ်ပင်ခုတ်ထွင်ရှင်းလင်းခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၆ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ) | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်/ဖျက်သိမ်းပစ္စည်းများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၇ | စွန့်ပစ်ပစ္စည်း (အရည်) | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်း ရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆီမတော်တဆ ဖိတ်စင်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်င န်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များမှ စွန့်ပစ်ရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၈ | စွန့်ပစ်ပစ္စည်း (ထုတ်လွှတ် အခိုးအငွေ့) | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်း ရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • အမှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင် အောက်ဆိုဒ်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်များ ထွက်ရှိ နိုင်ခြင်းနှင့် ဆီမတော်တဆဖိတ်စင်ခြင်းမှ အခိုးအငွေ့ များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ကာဗွန် မိုနောက်ဆိုဒ်နှင့် အနံ့အသက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၉ | မီးဘေးအန္တရာယ် | • တည်ဆောက်ရေး/ဖျက်သိမ်းရေး ပစ္စည်းများ စုပုံခြင်း | • စနစ်တကျ စုပုံထားမှု မရှိပါက မတော်တဆ မီးလောင်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၁၀ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်း ရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • လုပ်ငန်းတည်ဆောက်/ဖျက်သိမ်းသည့်ယာဉ်များ လည်ပတ်သွားလာ မှုကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ် စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • မတော်တဆ ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |

| စဉ် | ကဏ္ဍ | လုပ်ဆောင်ချက် | သက်ရောက်နိုင်မှု | သက်ရောက်မှု၏သိသာထင်ရှားမှုအားဆုံးဖြတ်ခြင်း | | | |
|---|---|---|---|---|---|---|---|
| | | | | ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
| | | | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကြောင့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | | | | |
| | | • ယာယီဝန်ထမ်းများခန့်ထားခြင်း | • ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၁၁ | လူမှု-စီးပွားရေး အခြေအနေ | • လူမှုရေးပဋိပက္ခများ ဖြစ်ပေါ်နိုင်ခြင်း | • ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း<br>• နစ်နာကြေးပေးအပ်မှုမရှိခြင်း<br>• အစားထိုးအလုပ်အကိုင် ရှာဖွေမပေးခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |

## စီမံကိန်းလည်ပတ်ခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ

| စဉ် | ကဏ္ဍ | လုပ်ဆောင်ချက် | သက်ရောက်နိုင်မှု | ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
|---|---|---|---|---|---|---|---|
| ၁။ | လေအရည်အသွေး | • သယ်ယူပို့ဆောင်ရာတွင် မော်တော်ယာဉ်များ အသုံးပြုခြင်း | • အမှုန်များအမွှားများ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်နှင့် ဆာလဖာဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့များ ထွက်ရှိ နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း စက်ပစ္စည်းများ (ဥပမာ - မီးစက်) လည်ပတ်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း လေအေးပေးစက်များ အသုံးပြုခြင်း | • လေအေးပေးစက်များမှ ကမ္ဘာကြီးပူနွေးစေသည့် ဓာတ်ငွေ့များ စိမ့်ထွက်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း ကြမ်းပြင်သန့်ရှင်းခြင်း | • အမှုန်အမွှားများ ပျံ့လွင့်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၂။ | အနံ့ | • မော်တော်ယာဉ်များလည်ပတ် မောင်းနှင်ခြင်း | • ဓာတ်ဆီ၊ ဒီဇယ်ဆီအနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း စက်ပစ္စည်းများ လည်ပတ်မောင်းနှင်ခြင်း | • စက်ပစ္စည်းများမှ ဓာတ်ဆီ၊ ဒီဇယ်အနံ့များနှင့် မီးခိုးငွေ့အနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • လုပ်ငန်းခွင်အတွင်း နေထိုင်သူများ၏ အိမ်သာများနှင့် စားသောက်ဆောင်များမှ အနံ့ အသက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၃။ | ဆူညံသံနှင့်တုန်ခါမှု | • လုပ်ငန်းသုံးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆူညံသံများထွက်ရှိနိုင်ခြင်း<br>• တုန်ခါမှုများ ဖြစ်ပေါ်နိုင်ခြင်း | နိမ့်သည် | ဒေသန္တရ | ကာလလတ် | အလွန်နိမ့် |
| | | • ဒီဇယ်နှင့် ဓာတ်ဆီအသုံး ပြုသော မီးစက်များ မောင်းနှင်ခြင်း | • စက်ပစ္စည်းများလည်ပတ်ခြင်းကြောင့် ဆူညံသံများနှင့် တုန်ခါမှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၄။ | ရေအရည်အသွေး | • မိုးရေများစီးဆင်းခြင်း | • စီမံကိန်းအတွင်း မိုးရေများ၊ စွန့်ပစ်ရေများ ရောနှော၍ စီးဆင်းခြင်းကြောင့် ဘေးပတ်ဝန်းကျင်ရေထု ညစ်ညမ်းစေနိုင်ခြင်း၊ အက်စစ်ဓာတ်များပြားစေခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • လုပ်ငန်းခွင်အတွင်း နေထိုင်သူများမှ စွန့်ပစ်သည့် မိလ္လာရေနှင့် သုံးစွဲပြီးရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | •လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • လုပ်ငန်းခွင်နေထိုင်သူများမှ စားကြွင်းစားကျန်၊ ပလတ်စတစ်အိတ် များ၊ သံဘူးခွံများ စွန့်ပစ်ခြင်းကြောင့် မြေထုညစ်ညမ်းစေနိုင်ခြင်း၊ | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •ဝန်ထမ်းများစားဖိုဆောင် | • စားဖိုဆောင်နှင့် Cateen များမှ စားကြွင်း/ စားကျန်များ၊ အိမ်သုံးအမှိုက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၇။ | စွန့်ပစ်ပစ္စည်း (အရည်) | •လုပ်ငန်းသုံးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆီမတော်တဆ ဖိတ်စင်နိုင်ခြင်း၊ | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •စက်ကရိယာများ ပြင်ဆင်ခြင်းနှင့် ဆေးကြောသန့်စင်ခြင်း | • စက်ကရိယာများ ပြင်ဆင်ခြင်းနှင့် ဆေးကြောသန့်စင်ခြင်းတို့မှ စက်ဆီ၊ ချောဆီနှင့် ဒီဇယ်ဆီများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •စီမံကိန်းအတွင်း အိမ်သာများ | • မိလ္လာရေဆိုးများနှင့် သုံးစွဲပြီးစွန့်ပစ်ရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၈။ | စွန့်ပစ်ပစ္စည်း (ထုတ်လွှတ် အခိုးအငွေ့) | •လုပ်ငန်းသုံးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • အမှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်များ ထွက်ရှိနိုင်ခြင်းနှင့် ဆီမတော်တဆဖိတ်စင်ခြင်းမှ အခိုးအငွေ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •မီးစက်များ/အင်ဂျင်များ မောင်းနှင်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ကာဗွန် မိုနောက်ဆိုဒ်နှင့် အနံ့အသက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၉။ | မီးဘေးအန္တရာယ် | •ကုန်ပစ္စည်းများ သိမ်းဆည်းခြင်း/ သိုလှောင်ခြင်း | •ကုန်ပစ္စည်းများ စနစ်တကျ သိမ်းဆည်း/ သိုလှောင်ခြင်းမရှိပါက မီးဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •စီမံကိန်းအတွင်းလျှပ်စစ်သွယ်တန်းခြင်း | •အရည်အသွေးမကောင်းသော လျှပ်စစ်မီးကြိုးများ၊ Safeguard, Breaker များ အသုံးပြုခြင်းကြောင့် ဝါယာရှော့များဖြစ်ပေါ်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | •လုပ်ငန်းခွင်နေထိုင်သူများ၏ ပေါ့လျော့ခြင်းကြောင့် မတော်တဆ မီးလောင်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •ဓာတ်ဆီ/ ဒီဇယ်ဆီသိုလှောင်ခြင်း | •မတော်မဆ မီးလောင်မှုများဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၁၀။ | သဘာဝဘေး အန္တရာယ် | •လုပ်ငန်းလည်ပတ်ခြင်းနှင့် လုပ်ငန်းခွင်အတွင်းနေထိုင်ခြင်း | •ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေနိုင်ခြင်း၊ လျှင်လှုပ်ခြင်းနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၀။ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | •လုပ်ငန်းသုံးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • လုပ်ငန်းသုံးယာဉ်များ လည်ပတ်သွားလာမှုကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •လုပ်ငန်းလည်ပတ်ခြင်း | • လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | လုပ်ငန်းခွင်ဧရိယာ | • လေဝင်လေထွက်မကောင်းခြင်း၊ အလင်းရောင် လုံလောက်စွာ မရရှိခြင်း၊<br>• လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသော အပူချိန်ထက် ကျော်လွန်နေခြင်း၊<br>• အစားအသောက်များ မသန့်ရှင်းခြင်း<br>• ရောဂါပိုးရှိသူနှင့် ထိတွေ့ဆက်ဆံနေရခြင်း၊<br>• မသန့်ရှင်းသော အလုပ်ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေရခြင်း၊ | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • တစ်ကိုယ်ရည် သန့်ရှင်းရေး၊ သန့်ရှင်းသော သောက်သုံးရေ စနစ်တကျ ပြုလုပ်ထားမှုမရှိပါက ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၁၁။ | လူမှု-စီးပွားရေး အခြေအနေ | •အလုပ်အကိုင်၊ ဝင်ငွေနှင့် အခွန်အခများရရှိခြင်း | • ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာနိုင်ခြင်း<br>• နိုင်ငံတော်၏ဘဏ္ဍာငွေ၊ အခွန်အခများ ရရှိလာနိုင်ခြင်း<br>• စီးပွားရေးတိုးတက်လာနိုင်ခြင်း<br>• လူမှုအကျိုးတူပူးပေါင်းပါဝင်မှု (CSR) အစီအစဉ်များပြုလုပ်ခြင်း ဖြင့် လူမှုဝန်းကျင်အပေါ် ကောင်းကျိုးများရရှိစေခြင်း၊ | ကောင်းကျိုး ဖြစ်ထွန်းခြင်း | ကောင်းကျိုး ဖြစ်ထွန်းခြင်း | ကောင်းကျိုး ဖြစ်ထွန်းခြင်း | ကောင်းကျိုး ဖြစ်ထွန်းခြင်း |

### ၁.၆.၂. ပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချမည့်နည်းလမ်းနှင့် နည်းပညာများ

စီမံကိန်းသည် ဟိုတယ်စီမံကိန်းဖြစ်ပြီး၊ စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးတို့အပေါ် သိသာထင်ရှားစွာသက်ရောက်နိုင်မှုများသည် အလွန်နိမ့်သည့် အဆင့်များတွင်သာရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် သိသာထင်ရှားစွာ သက်ရောက်နိုင်မှုများအား အလွန်နိမ့်သည့် အဆင့်တွင် ထိန်းသိမ်းထားနိုင်ရန်အတွက် အောက်တွင် ဖော်ပြထားသည့် စီမံကိန်း၏ လည်ပတ်ရေးကာလ၊ တည်ဆောက်ရေးနှင့်ဖျက်သိမ်းရေးကာလအလိုက် လျှော့ချမည့်နည်းလမ်းများအား ဆောင်ရွက်သွားပါမည် -

### ၁.၆.၃. စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ဖျက်သိမ်းခြင်းကာလတို့အတွက် လျှော့ချမည့် နည်းလမ်းများ

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| လေအရည်အသွေး | ➢ လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ ယာဉ်သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ခြင်း၊<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက် ခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ အမှုန်အမွှားများထွက်ရှိမှုနည်းပါးစေရန် စီမံကိန်းအတွင်း ရေဖြန်းခြင်း၊ စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်း မပြုလုပ်ခြင်း၊ |
| အနံ့ | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ စွန့်ပစ်ပစ္စည်းများအား မီးရှို့မှု မပြုလုပ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်ခြင်း၊ |
| ဆူညံသံနှင့် တုန်ခါမှု | ➢ လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | ➢ ဂျင်နရေတာအား အသံလုံသည့်အခန်းတွင်ထားရှိခြင်း၊ |
| ရေအရည်အသွေး | ➢ ရေစီးဆင်းစနစ်လုပ်ဆောင်ပေးခြင်းနှင့် မြောင်းများတူးဖော်ပေးခြင်း၊<br>➢ မြေအောက်ရေအားထုတ်ယူ၍ ရေသိုလှောင်ကန်တွင် သိုလှောင်ပြီး စနစ်တကျ သုံးစွဲခြင်း၊<br>➢ ပြန်လည်အသုံးပြု၍ ရနိုင်သည့်ရေများအား ပြန်လည်သုံးစွဲခြင်း၊<br>➢ ဖျက်သိမ်းခြင်းကာလ၌ သွယ်ယူထားသော ပိုက်လိုင်းများကို စနစ်တကျ ပြန်လည် ဖြုတ်ယူခြင်းနှင့် ပြန်လည် အသုံးပြုစေခြင်း၊<br>အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်း၊ |
| မြေအရည်အသွေး | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ မြေတိုက်စားမှု/မြေပြိုမှုမဖြစ်စေရန် ကွန်ကရိခင်းခြင်း၊ မြေထိန်းနံရံများ ဆောင်ရွက်ခြင်း နှင့် သင့်လျော်သည့် စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း (ဥပမာ - ဒေသနှင့်ကိုက်ညီသည့် သစ်ပင်ပန်းမာန်များ စနစ်တကျ စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်း)<br>➢ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ထုတ်လွှတ်ခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊ |
| စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည် နှင့် ထုတ်လွှတ်အခိုးအငွေ့ | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ ကောင်းမွန်သည့်စက်ပစ္စည်းများကို အသုံးပြုခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | ➢ ဖျက်သိမ်းခြင်းကာလတွင် ဖြိုဖျက်ခြင်းကြောင့် ရရှိလာသော ဖြိုဖျက်ပစ္စည်းများကို စနစ်တကျစုပုံထားရှိခြင်းနှင့် လိုအပ်သောနေရာတွင် ပြန်လည်သုံးစွဲခြင်း၊<br>➢ ရေစီးဆင်းစနစ်လုပ်ဆောင်ပေးခြင်းနှင့် မြောင်းများတူးဖော်ပေးခြင်း၊<br>➢ ပြန်လည်အသုံးပြု၍ ရနိုင်သောရေများအား ပြန်လည်သုံးစွဲခြင်း၊<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက် ခြင်း၊ |
| မီးဘေး အန္တရာယ် | ➢ မီးသတ်ဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များ ထားရှိခြင်းနှင့် မီးဘေးအန္တရာယ် နှင့်ပတ်သက်သည့် ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊<br>➢ လျှပ်စစ်ဝါယာကြိုးများအား စစ်ဆေးခြင်း၊<br>➢ တည်ဆောက်ရေးကာလတွင် တည်ဆောက်ရေးပစ္စည်းများအား စနစ်တကျ သိမ်းဆည်းသိုလှောင်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလတွင် ဖျက်သိမ်းခြင်းမှ ထွက်ရှိသော ပစ္စည်းများအား စနစ်တကျ စုပုံခြင်း၊<br>➢ မီးသတ်ဌာနနှင့် ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား သင့်လျော်သည့် သင်တန်းများ ပေးအပ်ခြင်း၊<br>➢ အရေးပေါ်မီးသတ်ဌာနနှင့်သက်ဆိုင်သောဆက်သွယ်ရမည့်ဖုန်းနံပါတ်များနှင့် လိပ်စာများဖော်ပြထားရှိခြင်း၊ |
| ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ➢ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းနှင့် တစ်ကိုယ်ရည်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ အသုံးပြုစေခြင်း၊<br>➢ အလုပ်ချိန် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊<br>➢ ကူးစက်ရောဂါများ မပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | ➢ အရေးပေါ်သုံးဆေးဝါးများနှင့် ဆေးသေတ္တာများအား လက်လှမ်းမီရာ တွင်ထားရှိခြင်း၊<br>➢ ဝန်ထမ်းများအတွက် သောက်သုံးရေကို လုံလောက်စွာ ထားရှိပေးခြင်း၊ |

## ၁.၆.၄. စီမံကိန်းလည်ပတ်ခြင်းကာလအတွက် လျှော့ချမည့် နည်းလမ်းများ

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| လေအရည်အသွေး | ➢ တပ်ဆင်ထားသော အိုဇုန်းလွှာထိခိုက်မှုနည်းစေသော ဓာတ်ငွေ့သုံး လေအေးပေး စက်များ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းနှင့် အစားထိုးရန်လိုအပ်ပါက အိုဇုန်းလွှာ ထိခိုက်မှုနည်းစေသော ဓာတ်ငွေ့သုံး လေအေးပေးစက်များကိုသာ တပ်ဆင်သုံးစွဲခြင်း၊<br>➢ တပ်ဆင်ထားသည့် အမှုန်စုပ်စက် (Dust Collector) ၊ လေမှုတ်ထုတ်သည့်စက် (Exhaust Fan) နှင့် လေသန့်စင်သည့်စက် (Roof Ventilator) များ၊ မီးခိုးခေါင်းတိုင် စသည်တို့အား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ စက်ပစ္စည်းများအား ရေရှည်အသုံးပြုနိုင်ရန် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ နှင့် စောင့်ကြည့်စစ်ဆေးခြင်း၊<br>➢ စီမံကိန်းအတွင်း အစိမ်းရောင်ဧရိယာ (Greening Area) ထားရှိ၍ စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ခြင်း (ဥပမာ- Roof Top ၌ ဆောင်ရွက်ခြင်း) |
| အနံ့ | ➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ စွန့်ပစ်ပစ္စည်းများ (ပလတ်စတစ်၊ စက္ကူများနှင့် အခြားစွန့်ပစ်ပစ္စည်းများ) အား မီးရှို့မှု မပြုလုပ်ခြင်း၊<br>➢ ရေမြောင်းဖုံးများအား လုံခြုံစွာပိတ်၍ အနံ့ဆိုးများ မထွက်ရှိအောင် ပုံမှန်စစ်ဆေးခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| ဆူညံသံနှင့် တုန်ခါမှု | ➢ ဆူညံမှုများသော နေရာများတွင် ဆောင်ရွက်ရသည့် ဝန်ထမ်းများအား နားကြပ် နှင့်နားအဆို့အကာများ ထောက်ပံ့ပေးထားခြင်း နှင့် အလှည့်ကျ လုပ်ကိုင်စေခြင်း၊<br>➢ စက်ပစ္စည်းကရိယာများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း၊<br>➢ ဘေးပတ်ဝန်းကျင်သို့ ဆူညံသံနှင့် တုန်ခါမှုများမဖြစ်ပေါ်စေရန် အဆိုပါ ဆူညံသံထွက်ရှိရာ နေရာများအား လုံခြုံစွာကာရံထားခြင်း၊ |
| ရေအရည်အသွေး | ➢ မိလ္လာစနစ်နှင့်ရေမြောင်းများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ခြင်း<br>➢ မိလ္လာကန်စနစ်များ၊ စွန့်ပစ်ရေသန့်စင်စနစ်များအား ပုံမှန်စစ်ဆေးခြင်း<br>➢ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ပုံမှန်စစ်ဆေးခြင်း<br>➢ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို ရေဆင်းမြောင်းထဲသို့ စွန့်ပစ်မှု မပြုခြင်း၊<br>➢ စွန့်ပစ်ရေများအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ (အရည်အသွေး) ထုတ်လွှတ်မှု လမ်းညွှန်ချက်များအတိုင်း စနစ်တကျစွန့်ပစ်ခြင်း |
| မြေအရည်အသွေး | ➢ အမျိုးအစားတူ စွန့်ပစ်အမှိုက်များအား စနစ်တကျစုစည်းထားရှိခြင်း၊<br>➢ အမှိုက်ပုံးများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ ကွန်ကရိအခင်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း |
| စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည် နှင့် ထုတ်လွှတ် အခိုးအငွေ့ | ➢ စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်သော ပစ္စည်း၊ ပြန်လည်အသုံးမပြုနိုင် သော ပစ္စည်း စသည်တို့အား ခွဲခြားစွန့်ပစ်ခြင်း<br>➢ စွန့်ပစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်း YCDC အား ဆက်သွယ်ပြီး စနစ်တကျ စွန့်ပစ်ခြင်း<br>➢ ကောင်းမွန်သော စက်ပစ္စည်းများတပ်ဆင်ဆောင်ရွက်ပြီး အရည်အသွေး ပြည့်မီ သည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ လုပ်ငန်းသုံးလောင်စာစွမ်းအင်သုံးစက်များနှင့် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေး ကြည့်ရှုခြင်း၊<br>➢ အခိုးအငွေ့ထွက်ရှိသော နေရာများအား မီးခိုးခေါင်းတိုင်မြင့်မြင့် တည်ဆောက် ၍ စွန့်ထုတ်ခြင်း |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | ➢ လောင်စာစွမ်းအင်သုံးစက်များ မောင်းနှင်မှုကြောင့် အခိုးအငွေ့များ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန် ရေဖျန်းစနစ်၊ Cycleone System နှင့် Scrubber များ တပ်ဆင်ခြင်း<br>➢ အစိုင်အခဲ၊ အရည်နှင့် အခိုးအငွေ့ထုတ်လွှတ်မှုတိုင်းအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့်ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်း |
| မီးဘေး အန္တရာယ် | ➢ မီးသတ်ဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များ ထားရှိခြင်းနှင့် မီးဘေးအန္တရာယ် နှင့်ပတ်သက်သည့် ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊<br>➢ အရည်အသွေးကောင်းမွန်သော လျှပ်စစ်မီးကြိုးများ၊ Safeguard များအသုံး ပြုခြင်း၊<br>➢ အပူချိန်လွန်ကဲသော စက်ယန္တရားများမောင်းနှင်ရာ နေရာများတွင် အပူချိန်တိုင်း ကိရိယာများတပ်ဆင်ထားခြင်း၊<br>➢ မီးသတ်ဌာနနှင့်ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား မီးဘေး အန္တရာယ်နှင့် မီးသတ်ခြင်းဆိုင်ရာလုပ်ငန်းများအား လေ့ကျင့်ပေးခြင်း၊<br>➢ မီးသတိပေးစနစ်၊ မီးသတ်စနစ်၊ မီးသတ်ဆေးဘူးများ၊ အရေးပေါ် တံခါးပေါက်၊ လှေကားနှင့် အရေးပေါ်စုရပ်များအား လမ်းညွှန်စနစ်များ ထားရှိပေးခြင်း နှင့် ပုံမှန် စစ်ဆေးခြင်း၊<br>➢ အရေးပေါ်ဖြစ်ပွားလျှင် ဆေးကုသရေးနှင့် မီးသတ်ဌာန၊ အစိုးရဌာန များသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်များအား စီမံကိန်းအတွင်း အလွယ် တကူမြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားခြင်း၊ |
| ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ➢ အန္တရာယ်ရှိသော ပစ္စည်းများအား ကိုင်တွယ်အသုံးပြုရာတွင် တစ်ကိုယ် ရည်သုံး ကာကွယ်ရေးပစ္စည်းများ (**PPE**) အပြည့်အစုံဖြင့် စနစ်တကျ ဝတ်ဆင်ခြင်း၊<br>➢ လေဝင်လေထွက်ကောင်းမွန်စေရန် တပ်ဆင်ထားသည့် စနစ်များအား နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | ➢ ဝန်ထမ်းများအား ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း၊<br>➢ အရေးပေါ်ပြုစုရန် နေရာ (သို့) ဆေးပေးခန်းထားရှိခြင်း၊<br>➢ ကူးစက်ရောဂါဖြစ်ပွားနေသော လုပ်သားများအား လုပ်ငန်းခွင်မှ အနားပေးခြင်း၊<br>➢ ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများအား စေလွှတ်တက်ရောက်စေ၍ ဆင့်ပွားသင်တန်းများ ပြန်လည်ပြုလုပ်ပေးခြင်း၊ |

## ၁.၇. စီမံအုပ်ချုပ်မှုနှင့် စောင့်ကြည့်စစ်ဆေးရေးစီမံချက်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်းအတွက် လိုက်နာဆောင်ရွက်ရန် အဓိကတာဝန်ရှိသူများမှာ စီမံကိန်းပိုင်ရှင်ဖြစ်သူ နှင့် စီမံကိန်း၌ ဆောင်ရွက်နေသည့် ဝန်ထမ်းများဖြစ်ပါသည်။ ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများ ဖြစ်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တို့အနေဖြင့် စီမံကိန်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်ခြင်း အခြေအနေအား လေ့လာစောင့်ကြည့်ထိန်းသိမ်းသွားရန် လိုအပ်မည် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တတိယအဖွဲ့အစည်းများအနေဖြင့် စီမံကိန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြံပြုချက်များပေးခြင်း၊ အစီရင်ခံစာ ရေးဆွဲပေးခြင်း စသည်တို့အား ကူညီပံ့ပိုးပေးသွားရန် လိုအပ်ပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် စီမံကိန်းပိုင်ရှင် အနေဖြင့် အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) အား ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | အဖွဲ့ခေါင်းဆောင် |
| ၂ | လက်ထောက်မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | အဖွဲ့ဝင် |
| ၄ | ဝန်ထမ်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့ခေါင်းဆောင် နှင့် အဖွဲ့ဝင်တို့၏ တာဝန်ဝတ္တရားများ

| | |
|---|---|
| အဖွဲ့ခေါင်းဆောင် | • ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ပါးရေး ကိစ္စရပ်များကို စနစ် တကျ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း<br>• ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် ဝန်ဆောင်မှု အကောင်းမွန်ဆုံး ပေးနိုင်စေရေး ဆောင်ရွက်ခြင်း<br>• ပတ်ဝန်းကျင်ထိခိုက်မှုများ ရှိ လာနိုင်သည့် ကိစ္စရပ် များအတွက် လမ်းညွှန်မှုများ၊ အရေးယူဆောင်ရွက်မှုများ ကြိုတင် ပြုလုပ်ထားခြင်း<br>• သက်ဆိုင်ရာမှ လာရောက်စစ်ဆေးပါက အစီရင်ခံတင်ပြနိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ထားခြင်း<br>• ပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာများ တင်ပြနိုင်ရေးဆောင်ရွက်ခြင်း |
| အဖွဲ့ဝင်များ | • လုပ်ငန်းအဆင့်အလိုက် ပုံမှန်စစ်ဆေး ဆောင်ရွက်ရန်၊<br>• ဝန်ထမ်းများအား အသိပညာပေးနှင့် သင်တန်းအစီအစဉ် များ ပြုလုပ်ပေးရန်၊<br>• လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊<br>• အရေးပေါ်အခြေအနေ ကြီးကြပ်ရေးအစီအစဉ်အား ပြင်ဆင်ထားရှိရန်၊<br>• လူမှုပတ်ဝန်းကျင်နှင့်သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများ လျှော့ပါးသက်သာစေရေး အတွက် ဆောင်ရွက် ထားရှိ သည့် လုပ်ငန်းမှတ်တမ်းများ အား စနစ်တကျ ပြုစုထားရှိ ရန် |

### ၁.၇.၁. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ

စီမံကိန်းအနေဖြင့် အောက်ပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ ကာကွယ်မှု အစီအစဉ်

(ခ) ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ်

(ဂ) အရေးပေါ်အခြေအနေ တုံ့ပြန်မှု အစီအစဉ်

(ဃ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်

(င) ဝန်ထမ်းများအတွက် အသိပညာပေးနှင့် သင်တန်းအစီအစဉ်

### ၁.၇.၂. ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်

ပတ်ဝန်းကျင် အစိတ်အပိုင်းတစ်ခု၏ အရည်အသွေး (သို့မဟုတ်) ပမာဏသည် လူသားတို့၏ လုပ်ဆောင်ချက်အမျိုးမျိုးတို့ကြောင့် သတ်မှတ်ထားသောစံနှုန်း(သို့မဟုတ်)လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်၍ ပြောင်းလဲသွားခြင်းမရှိကြောင်း သေချာစေရန် ရည်ရွယ်ချက်ဖြင့် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အား ဆောင်ရွက်ခြင်းဖြစ်ပါသည်။

စီမံကိန်းပိုင်ရှင်အနေဖြင့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များဆောင်ရွက်ရန် EMP Implementation Team အား တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လိုအပ်ပါက တတိယအဖွဲ့အစည်းအား ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း အစီရင်ခံစာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၁) နှစ် (၁) ကြိမ် အစီရင်ခံတင်ပြသွားမည် ဖြစ်ပါသည်။

လုပ်ငန်းစီမံကိန်း၏ အချိန်ကာလ အဆင့်အလိုက် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

## ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များ (စီမံကိန်းလည်ပတ်ခြင်းကာလ)

| စဉ် | စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည့် အချက်များ | စောင့်ကြပ် ကြည့်ရှုမည့် အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များ နှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့် နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့် စံနှုန်း | တိုင်းတာမည့် ကြိမ်ရေ | ခန့်မှန်း ကုန်ကျ စရိတ် (ကျပ်) | တင်ပြမည့် အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၁။ | လေ အရည် အသွေး | EMP Implementation Team (သို့) တတိယ ပုဂ္ဂိုလ်/အဖွဲ့ အစည်း | Temperature, Relative Humidity, $PM_{10}$, $PM_{2.5}$, VOC (16°46'38.91"N, 96° 8'15.70"E) | Air Quality Monitoring စက်ဖြင့် တိုင်းတာ စစ်ဆေးခြင်း | NEQEG Guideline | တစ်နှစ် တစ်ကြိမ် | ၂၀၀,၀၀၀ | နှစ်စဉ် အစီရင် ခံစာ ရေးသား တင်ပြခြင်း |
| ၂။ | ဆူညံသံ | ။ | ဆူညံသံထွက်ရှိမှု (GPS Point: 16°46'38.76"N, 96°8'15.76"E) နှင့် (GPS Point: 16°46'38.91"N, 96° 8'15.82"E | Noise Meter စက်ဖြင့် တိုင်းတာ စစ်ဆေးခြင်း | NEQEG Guideline | တစ်နှစ် တစ်ကြိမ် | ၁၀၀,၀၀၀ | |
| ၃။ | သောက်သုံး ရေအရည် အသွေး | ။ | pH, Colour, Turbidity, Total Suspended Solid 16°46'38.51"N, 96° 8'15.70"E) | နမူနာ ရယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့ စစ်ဆေးခြင်း | WHO Guidelines | တစ်နှစ် တစ်ကြိမ် | ၁၀၀,၀၀၀ | |

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များနှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့်နည်းလမ်း/စက်ကိရိယာ | စစ်ဆေးမည့်စံနှုန်း | တိုင်းတာမည့်ကြိမ်ရေ | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | တင်ပြမည့်အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၄။ | စွန့်ပစ်ရေ အရည်အသွေး | ။ | BOD, COD, pH, Temperature, Iron (16°46'38.33"N, 96° 8'15.75"E) | နမူနာ ရယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့ စစ်ဆေးခြင်း | NEQEG Guideline | တစ်နှစ် တစ်ကြိမ် | ၂၀၀,၀၀၀ | |
| ၅။ | မြေအရည်အသွေး | EMP Implementation Team | ဆီမတော်တဆဖိတ်စင်ခြင်းနှင့် မိလ္လာကန်စနစ် | မျက်မြင် စစ်ဆေးခြင်း | - | လစဉ် | ၁၀၀,၀၀၀ | |
| ၆။ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ) | EMP Implementation Team | စွန့်ပစ်ပစ္စည်းများကို ခွဲခြား၍ စွန့်ပစ်ခြင်း (ဟိုတယ်ဧရိယာတွင်း) | မျက်မြင် စစ်ဆေးခြင်း | - | လစဉ် | ၁၀၀,၀၀၀ | |
| | | | စွန့်ပစ်ပစ္စည်းများအား ပြန်လည်၍ သုံးစွဲခြင်း | | | | | |
| | | | စွန့်ပစ်ပစ္စည်းများအား ပြုပြင်၍ အခြားနည်းဖြင့် သုံးစွဲခြင်း | | | | | |

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များနှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့်နည်းလမ်း/စက်ကိရိယာ | စစ်ဆေးမည့်စံနှုန်း | တိုင်းတာမည့်ကြိမ်ရေ | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | တင်ပြမည့်အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၇။ | မီးဘေးအန္တရာယ် | EMP Implementation Team | မီးလောင်ကျွမ်းနိုင်ခြေနှင့် တုံ့ပြန် ဆောင်ရွက်မည့် အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | မျက်မြင်စစ်ဆေးခြင်း | မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကင်းရှင်း ကြောင်းထောက်ခံချက် | လစဉ် | ၁၀၀,၀၀၀ | |
| | | | မီးဘေးအန္တရာယ်ကင်းရှင်းမှု အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | | | | | |
| | | | လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ် အန္တရာယ်ကင်း ရှင်းကြောင်းထောက်ခံချက် | | | |
| ၈။ | ကျန်းမာရေးနှင့် ဘေး | EMP Implementation Team | မတော်တဆ ထိခိုက်မှုများနှင့် ရောဂါကူးစက်မှု အခြေအနေ | မျက်မြင်စစ်ဆေးခြင်း | - | လစဉ် | ၁၀၀,၀၀၀ | |

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များနှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့်နည်းလမ်း/စက်ကိရိယာ | စစ်ဆေးမည့်စံနှုန်း | တိုင်းတာမည့်ကြိမ်ရေ | ခန့်မှန်းကုန်ကျစရိတ်(ကျပ်) | တင်ပြမည့်အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| | အန္တရာယ်ကင်းရှင်းရေး | | (ဟိုတယ်ဧရိယာတွင်း) | | | | | |
| | | | လူမှုရေး ပဋိပက္ခများ (ဟိုတယ်ဧရိယာတွင်း) | | | | | |
| | | | ဝန်ထမ်းများ တစ်ကိုယ်ရည် ကာကွယ်ရေး ပစ္စည်းများ စနစ်တကျ အသုံးပြုမှု အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | | | | | |

**မှတ်ချက်။** လည်ပတ်ခြင်းကာလ၏ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်အတွက် နှစ်စဉ်စုစုပေါင်းဘဏ္ဍာငွေကျပ် (၁၀) သိန်း လျာထားပါသည်။

## ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များ (စီမံကိန်း တည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလ)

| စဉ် | စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အချက်များ | စောင့်ကြပ် ကြည့်ရှုမည့် အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များ နှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့် နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့် စံနှုန်း | တိုင်းတာမည့် ကြိမ်ရေ | ခန့်မှန်း ကုန်ကျ စရိတ် (ကျပ်) | တင်ပြမည့် အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၁။ | လေအရည်အသွေး | EMP Implementation Team (သို့) တတိယ ပုဂ္ဂိုလ်/အဖွဲ့အစည်း | Temperature, Relative Humidity, $PM_{10}$, $PM_{2.5}$, VOC (16°57'4.72"N, 96° 5'32.42"E) | Air Quality Monitoring စက်ဖြင့် တိုင်းတာ စစ်ဆေးခြင်း | NEQEG Guideline | တစ်ကြိမ် | ၅၀၀,၀၀၀ | အစီရင်ခံစာ ရေးသား တင်ပြခြင်း |
| ၂။ | ဆူညံသံ | ॥ | ဆူညံသံထွက်ရှိမှု (16°57'5.16"N, 96° 5'32.28"E) နှင့် (16°57'4.40"N, 96° 5'32.32"E) | Noise Meter ဖြင့် တိုင်းတာ စစ်ဆေးခြင်း | NEQEG Guideline | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၃။ | ရေအရည်အသွေး | ॥ | BOD, COD, pH, Temperature, Iron (16°57'3.83"N, 96° 5'32.23"E) | နမူနာ ရယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့ စစ်ဆေးခြင်း | NEQEG Guideline | တစ်ကြိမ် | ၃၀၀,၀၀၀ | |

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အချက်များ | စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များ နှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့် နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့် စံနှုန်း | တိုင်းတာမည့် ကြိမ်ရေ | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | တင်ပြမည့် အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၄။ | မြေအရည်အသွေး | EMP Implementation Team | ဆီမတော်တဆဖိတ်စင်ခြင်းနှင့် မိလ္လာကန်စနစ် | မျက်မြင် စစ်ဆေးခြင်း | - | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၅။ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ) | EMP Implementation Team | စွန့်ပစ်ပစ္စည်းများကို ခွဲခြား၍ စွန့်ပစ်ခြင်း (ဟိုတယ်ဧရိယာတွင်း) | မျက်မြင် စစ်ဆေးခြင်း | - | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၆။ | မီးဘေးအန္တရာယ် | EMP Implementation Team | မီးလောင်ကျွမ်းနိုင်ခြေနှင့် တုံ့ပြန် ဆောင်ရွက်မည့် အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | မျက်မြင် စစ်ဆေးခြင်း | မီးသတ်ဦးစီးဌာနမှ လမ်းညွှန်ချက်များ | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၇။ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | EMP Implementation Team | မတော်တဆ ထိခိုက်မှုများ နှင့် ရောဂါကူးစက်မှု အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | မျက်မြင် စစ်ဆေးခြင်း | - | တစ်ကြိမ် | ၅၀၀,၀၀၀ | |

**မှတ်ချက်။** တည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလ၏ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်အတွက် စုစုပေါင်းဘဏ္ဍာငွေကျပ် (၂၅) သိန်း လျာထားပါသည်။

### ၁.၇.၃. CSR လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အစီအစဉ်

CSR လုပ်ငန်းစဉ်ဆောင်ရွက်ရန်အတွက် စီမံကိန်းမှအမြတ်ငွေများစတင်ရရှိခြင်းမရှိသေးသော်လည်း (၁) နှစ်လျှင် ကျပ် (၁၀) သိန်းခန့်အား အောက်ဖော်ပြပါ အကျိုးပြုလုပ်ငန်းများတွင် အချိုးကျသတ်မှတ်ပြီး ခွဲဝေသုံးစွဲသွားမည် ဖြစ်ပါသည် -

**ကဏ္ဍအလိုက် ဆောင်ရွက်မည့် CSR လုပ်ငန်းစဉ်**

| စဉ် | ကဏ္ဍ | သုံးစွဲမည့် ရာခိုင်နှုန်း |
|---|---|---|
| ၁ | ပညာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၂ | ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၃ | လူမှုဖူလုံရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၄ | သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးဆောင်ရွက်ခြင်း ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၅ | ဒေသခံအသိုင်းအဝိုင်းများ ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |

### ၁.၇.၄. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အစီအစဉ်များအလိုက် အသုံးစရိတ်လျာထားချက်

စီမံကိန်းအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအတွက် နှစ်စဉ်လျာထားငွေကျပ် (၆၀) သိန်းခန့်အား အောက်ပါကဏ္ဍများအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လျာထားချက်ထက် ကျော်လွန်သုံးစွဲရန် လိုအပ်မည့်ကိစ္စရပ်များအတွက်လည်း အရေးပေါ် ရံပုံငွေမှကျခံသုံးစွဲရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ဆောင်ရွက်ချက်များအတွက် သုံးစွဲမည့် အသုံးစရိတ် လျာထားချက်**

| စဉ် | အစီအစဉ်အမည် | နှစ်စဉ်လျာထားငွေ (ကျပ်) |
|---|---|---|
| ၁ | ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေး/ ကာကွယ်မှု အစီအစဉ် | ၂၀ သိန်း |
| ၂ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ် | ၅ သိန်း |

| | | |
|---|---|---|
| ၃ | အရေးပေါ်အခြေအနေ တုံ့ပြန်မှု အစီအစဉ် | ၅ သိန်း |
| ၄ | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် | ၅ သိန်း |
| ၅ | ဝန်ထမ်းများအတွက် အသိပညာပေးနှင့် သင်တန်းအစီအစဉ် | ၅ သိန်း |
| ၆ | ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ် | ၁၀ သိန်း |
| ၇ | CSR လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အစီအစဉ် | ၁၀ သိန်း |
| | **စုစုပေါင်း** | **၆၀ သိန်း** |

## ၁.၈. အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ထုတ်ဖော်ခြင်း

စီမံကိန်းအနေဖြင့် လက်ရှိအချိန်တွင် ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်နေသည့် Corona Virus Disease (Covid-19) ရောဂါအားလည်း မြန်မာနိုင်ငံတွင် ရောဂါကူးစက်ပြန့်ပွားမှုအနည်းဆုံးဖြစ်စေရန်အတွက် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့် တစ်ပြေးညီထုတ်ပြန်လျက်ရှိသည့် ညွှန်ကြားချက်နှင့်အညီ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၁.၈.၁. သတင်းအချက်အလက်ထုတ်ဖော်ခြင်း

ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ပြည်သူများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး အများပြည်သူ၏ သဘောထားများရယူ၍ စီမံကိန်းပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ်ထိခိုက်ခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းဆိုင်ရာ သတင်းထုတ်ပြန်မှုများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးမှူးရုံးနှင့်စီမံကိန်း ကြော်ငြာဘုတ်တို့တွင် အချိန်နှင့် တပြေးညီ ထုတ်ပြန် ဆောင်ရွက်သွားပါမည်။

စီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကောင်းကျိုး/ဆိုးကျိုးများအား စီမံကိန်းဧရိယာအနီးတဝိုက်ရှိ ပြည်သူလူထုအနေဖြင့် အကြံပြုချက်များ ပေးပို့နိုင်ရန်နှင့် အများပြည်သူ၏ သဘောထားများ၊ အကြံဉာဏ်များ အမြဲတမ်းရယူနိုင်စေရန်အတွက် စီမံကိန်းဆောင်ရွက်ရာသည့်နေရာတွင် အကြံပြုစာတိုက်ပုံး ထားရှိခြင်း၊ စီမံကိန်းဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်၏ ဆက်သွယ်နိုင်မည့် အောက်ဖော်ပြပါ သတင်းအချက်

အလက်များအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ထားရှိခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

**စီမံကိန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရန်ပုဂ္ဂိုလ်**

| | |
|---|---|
| အမည် | ဒေါ်အေးအေးစိုး |
| ဖုန်းနံပါတ် | ၀၉၂၅၁၀၂၃၈၃၈ |
| အီးမေးလ် | aayesoe152@gmail.com |
| ရုံးလိပ်စာ | အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

## ၁.၉. နိဂုံး

ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ၌ စီမံကိန်းဆောင်ရွက်ရာမှ သက်ရောက်စေနိုင်သော ဆိုးကျိုးများ၊ လျော့နည်းသက်သာစေရေး နည်းလမ်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ လူထုအကျိုးပြု လုပ်ငန်းဆောင်ရွက်မည့် ရန်ပုံငွေလျာထားချက်နှင့် အစီရင်ခံစာ အကောင်အထည်ဖော်ရန် ရန်ပုံငွေလျာထားချက်များ စသည်တို့အား ထည့်သွင်း ရေးဆွဲထားပြီး၊ စီမံကိန်းဆောင်ရွက်သူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အားဖြင့် The Rangoon Hotel စီမံကိန်းသည် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားအပေါ် သိသာထင်ရှားသည့် ဆိုးကျိုးသက်ရောက်မှုမရှိနိုင်သည့် စီမံကိန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# အခန်း (၂)၊ နိဒါန်း

## ၂.၁. စီမံကိန်းနောက်ခံအကြောင်းအရာ

လုပ်ငန်းရှင် ဦးထက်လင်းအောင် (၁၂/ကမရ (နိုင်)၀၆၃၃၀၆) ပိုင် The Rangoon Hotel စီမံကိန်းအား အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဟိုတယ်စီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၇-၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၄/၈-၂(၁)/စည်ပင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လုပ်ခဲ့ပါသည်။

(တံဆိပ် - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ - စာအမှတ် ၂၇၂ - ရက်စွဲ ၂၇-၁-၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၄/၈-၂(၁)/စည်ပင်
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

သို့

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **ဟိုတယ်ဆောက်လုပ်ခွင့်လျှောက်ထားလာခြင်းကိစ္စ**

လမ်းမတော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၁)လမ်းနှင့်အနော်ရထာလမ်းထောင့်၊ အမှတ် (၃၃၁/၃၃၃)မြေကွက်ပေါ်တွင် အိပ်ခန်း(၅၅)ခန်းပါ (၁၄ထပ်/RCC) ဟိုတယ်ဆောက်လုပ်ခွင့် ပြုပါရန် ဦးမျိုးဦး၊ ၁၂/လမတ(နိုင်)၀၂၅၉၀၂ မှ လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၂.၁.၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ်(၂၇)အရ ကန့်ကွက်ရန်မရှိကြောင်း ညှိနှိုင်းပေးပို့အပ်ပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(စိုးမင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး)

မိတ္တူ။

ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်တိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လမ်းမတော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဦးမျိုးဦး၊ ၅၆/၅၈၊ ၁၆လမ်း၊ (၇)ရပ်ကွက်၊ လမ်းမတော်မြို့နယ်
လက်ခံစာတွဲ
မျှောစာတွဲ

**၂-၁ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စာ**

လက်ရှိအချိန်တွင် ဟိုတယ်စီမံကိန်း၏ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ ဟိုတယ်ဖွင့်လှစ်ရန် လိုအပ်သည့် လိုင်စင်၊ ခွင့်ပြုမိန့်များ လျှောက်ထားဆောင်ရွက်လျက်ရှိပါသည်။

## ၂.၂. စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်

စီမံကိန်းအား အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည် -

- ✓ ရန်ကုန်တိုင်းဒေသကြီး၏ ဟိုတယ်လုပ်ငန်းလိုအပ်ချက်အား အထောက်အကူပြုနိုင်ရန်၊
- ✓ နိုင်ငံခြားဝင်ငွေနှင့် အခွန်ဘဏ္ဍာငွေများ ရရှိနိုင်ရန်
- ✓ အလုပ်အကိုင်နေရာများဖန်တီးပေးနိုင်ရန်နှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြင့်မားလာစေရန်၊
- ✓ CSR လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအား တစ်ဖက်တစ်လမ်းမှ အကူအညီပေးနိုင်ရန်။

## ၂.၃. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲခြင်းဆိုင်ရာ အကြောင်းအရာများ

### ၂.၃.၁. EMP ရေးဆွဲရသည့် အကြောင်းရင်း

စီမံကိန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု မရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ (၃-၃-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ရက/EIA/၂(၂) (၄၀၃/၂၀၂၁) ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန် ညွှန်ကြားကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ (၁၃-၅-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ က-ရကတ/၂၀၂၁ (၀၁၈၃) ဖြင့် အသိပေးအကြောင်းကြားချက်အရ ဤအစီရင်ခံစာအား ရေးဆွဲခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှု ဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
စာအမှတ်၊ က - ရကတ / ၂၀၂၁ (၈၄၅၅)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ( ၁၃ ) ရက်

အကြောင်းအရာ။ The Rangoon Hotel လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ရန်ကိစ္စ

ရည် ညွှန်း ချက် ။ (၁) ဤရုံး၏ (၄.၂.၂၀၂၁) ရက်စွဲပါစာအမှတ် က-ရကတ/၂၀၂၁ (၀၁၈၃)
(၂) ရန်ကုန်တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၃.၃.၂၀၂၁) ရက်စွဲပါ စာအမှတ် ရက/EIA/ ၂ (၂) (၄၀၃/၂၀၂၁)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁) ရပ်ကွက်၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ အမှတ် (၃၃၁/၃၃၃) ရှိ ဦးထက်လင်းအောင် (၁၂/ကမရ(နိုင်)၀၆၃၃၀၆) ပိုင်ဆိုင်သော အခန်း (၅၅) ခန်းပါ ဟိုတယ်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်လိုအပ်ပါသဖြင့် ဤရုံးမှ ကူညီဆောင်ရွက်ပေးနိုင်ရေး တင်ပြလာ၍ ရည်ညွှန်း (၁) ပါစာဖြင့် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ရည်ညွှန်း (၂) ပါစာဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြားလာပါသည်။

၂။ ထိုသို့ပြန်ကြားရာတွင် "အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မရှိစေရေး (သို့မဟုတ်) အနည်းဆုံး ဖြစ်စေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အစီရင်ခံစာအားရေးဆွဲ၍ ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ ပေးပို့တင်ပြရန်" နှင့် ထိုသို့ဆောင်ရွက်ရာတွင် စီမံကိန်းအဆိုပြုသူ (လုပ်ငန်းရှင်) ကိုယ်တိုင် (သို့မဟုတ်) တတိယပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းကိုခန့်အပ်၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လုပ်ငန်းရှင် ဦးထက်လင်းအောင် အနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာရေးဆွဲတင်ပြရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ပြန်လည်တင်ပြရန် အသိပေးအကြောင်းကြားပါသည်။

(ညိုအေး)
ညွှန်ကြားရေးမှူး

ဦးထက်လင်းအောင်
အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁)ရပ်ကွက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

မိတ္တူကို
ရုံးလက်ခံ/ မျှောစာတွဲ

ပုံ ၂-၂ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏အသိပေးအကြောင်းကြားစာ

### ၂.၃.၂. ရည်ရွယ်ချက်


ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အောက်ပါရည်ရွယ်ချက်များဖြင့် ရေးဆွဲဆောင်ရွက်ခဲ့ပါသည်-

- စီမံကိန်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများ၊ စံချိန်စံနှုန်းများနှင့် လမ်းညွှန်ချက်များကို သိရှိနိုင်ရန်၊
- စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသော သက်ရောက်မှုများနှင့် ထိခိုက်မှုများသည် လက်ခံနိုင်သော စံချိန်စံညွှန်းများနှင့် သတ်မှတ်ချက်များအတွင်းရှိစေရန်၊
- စီမံကိန်း၏ လုပ်ဆောင်ချက်များနှင့် စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသော ထိခိုက်မှုများအား လျှော့ချနိုင်မည့်နည်းလမ်းများကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊
- စီမံကိန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ကုမ္ပဏီအတွက်လည်း အကျိုးရှိစေရန်၊ ဒေသခံပြည်သူများအနေဖြင့်လည်း အကျိုးရှိစေရန်။

### ၂.၃.၃. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲသည့် တတိယအဖွဲ့အစည်း

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ ရေးဆွဲရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်လျက်ရှိသည့် တတိယအဖွဲ့အစည်းဖြစ်သော Aggrandize Myanmar Company Limited သို့ လုပ်ငန်းအပ်နှံရေးဆွဲခဲ့ပါသည်။

Aggrandize Myanmar ကုမ္ပဏီလီမိတက်သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၂၄၃၀၇၈၀၃ ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ကြားကာလအကြံပေးလုပ်ကိုင်သူများမှတ်ပုံတင်လက်မှတ် ရရှိရန် တင်ပြထားသည့် ကုမ္ပဏီဖြစ်ပါသည်။


DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION
Myanmar Companies Online (MyCO)

HOME MYCO GUIDES COMPANY SEARCH HELP CREATE AN ACCOUNT LOG IN

COMPANY PROFILE

| Company Name (English) | Company Name (Myanmar) | Registration Number | Registration Date |
|---|---|---|---|
| AGGRANDIZE MYANMAR COMPANY LIMITED | | 124307813 | 13/01/2020 |
| **Company Type** | **Status** | **Foreign Company** | **Small Company** |
| Private Company Limited by Shares | Registered | No | No |

Annual Return Due Date
13/02/2021

Principal Activity
63 - Information service activities
79 - Travel agency, tour operator, reservation service and related activities

FILING HISTORY ADDRESSES OFFICERS

| Type | Address | Effective Date |
|---|---|---|
| Principal Place Of Business In Union | Myanmar | 13/01/2020 |
| Registered Office In Union | No.(Pa-140), Thapyaygone Pwe Yone Tan, Zabu Thiri Township , Naypyitaw, Myanmar | 13/01/2020 |

ပုံ ၂-၃ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားရှိသည့်အခြေအနေ

## ဇယား ၂-၁ တတိယအဖွဲ့အစည်းဆိုင်ရာအချက်အလက်များ

| | | | |
|---|---|---|---|
| ၁။ | အဖွဲ့အစည်းအမည် | - | Aggrandize Myanmar Company Limited |
| ၂။ | ကုမ္ပဏီမှတ်ပုံတင်အမှတ် | - | ၁၂၄၃၀၇၈၁၃ |
| ၃။ | လိပ်စာ | - | အမှတ်၊ (ပ-၁၄၀)၊ သပြေကုန်းပွဲရုံတန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ |
| ၄။ | ဆက်သွယ်ရန် အမည်နှင့် ဖုန်းနံပါတ် | - | ဦးဗညားအောင်<br>Director<br>Aggrandize Myanmar Company Limited<br>၀၉၉၇၇၂၅၉၇၇၂ |

## ဇယား ၂-၂ ကျွမ်းကျင်သူများနှင့် ၎င်းတို့၏ အစီရင်ခံစာတွင် ဆောင်ရွက်သည့် ကဏ္ဍများ

| စဉ် | အမည် | ကျွမ်းကျင်မှုနယ်ပယ် | အစီရင်ခံစာတွင် ဆောင်ရွက်သည့်ကဏ္ဍ |
|---|---|---|---|
| ၁ | ဦးဗညားအောင် | Waste Management and Pollution Control | |

| | | | |
|---|---|---|---|
| | B.A (Geography) | Risk Assessment and Hazard Management<br>Land Use<br>Environmental Review, Management and Monitoring | ကွင်းဆင်းလေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစု ရေးသား ခြင်း |
| ဦးဗညားအောင်သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် (National Commission for Environmental Affairs-NCEA) ၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်အတွင်း UNEP-NCEA Joint Project for Disaster Risk Reduction ၌ လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ စတင်၍ ပတ်ဝန်းကျင်ဆိုင်ရာ တတိယအဖွဲ့အစည်း၌ ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူအဖြစ်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိသူဖြစ်ပါသည်။ ၂၀၀၄ ခုနှစ်မှစတင်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာနှင့်ဒေသတွင်း အစည်းအဝေးများ၊ သင်တန်းများ၊ စီမံကိန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပြီး၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆုရအလွှတ်တန်းဆောင်းပါး၊ စာစီစာကုံးများအား ရေးသားခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။ | | | |
| ၂ | ဒေါ်သက်ဝေနှင်း | Forestry<br>GIS<br>Environmental Impact Assessment<br>ISO 14001:2015 (Environmental Management Systems)<br>Project Management, Leadership Studies | ကွင်းဆင်းလေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစု ရေးသားခြင်း |

ဒေါ်သက်ဝေနှင်းသည် ၂၀၁၂ ခုနှစ်တွင် သစ်တောသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် Post Graduate Diploma in GIS ကိုလည်းကောင်းရရှိထားသူဖြစ်ပြီး ၂၀၁၄ ခုနှစ်မှ စတင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် (၇) နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာသင်တန်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း အစည်းအဝေးများ၊ သင်တန်းများ၊ စီမံကိန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ပါသည်။

**ကျွမ်းကျင်ပညာရှင် တစ်ဦးချင်းစီ၏ အစီရင်ခံစာအခန်းအလိုက် တာဝန်ယူဆောင်ရွက်သည့် အခန်းကဏ္ဍများ**

| အခန်း | အကြောင်းအရာ | ဆောင်ရွက်သူ |
|---|---|---|
| အခန်း (၁) | အကျဉ်းချုပ်အစီရင်ခံစာ | ဦးဗညားအောင် |
| အခန်း (၂) | နိဒါန်း | ဦးဗညားအောင် |
| အခန်း (၃) | မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင် | ဦးဗညားအောင် |
| အခန်း (၄) | စီမံကိန်းအကြောင်းအရာဖော်ပြချက်နှင့် အခြားနည်းရွေးချယ်ခြင်း | ဦးဗညားအောင်<br>ဒေါ်သက်ဝေနှင်း |
| အခန်း (၅) | လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အကြောင်းအရာဖော်ပြချက် | ဦးဗညားအောင်<br>ဒေါ်သက်ဝေနှင်း |
| အခန်း (၆) | ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများနှင့် လျော့နည်းစေရန်ဆောင်ရွက်မည့်လုပ်ငန်းများ | ဦးဗညားအောင် |
| အခန်း (၇) | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် | ဦးဗညားအောင် |
| အခန်း (၈) | အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်း | ဦးဗညားအောင် |
| အခန်း (၉) | နိဂုံးချုပ်နှင့် အကြံပြုချက် | ဦးဗညားအောင် |

### ၂.၃.၄. ဆောင်ရွက်သည့်နည်းလမ်း

Aggrandize Myanmar Company Limited သည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်ခြေရှိသော ထိခိုက်မှုများနှင့်သက်ရောက်မှုများကိုဖော်ပြနိုင်ရန်နှင့် လျှော့ချနိုင်မည့် နည်းလမ်းများကို အကြံပြုဖော်ပြနိုင်ရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာကို ရေးသားပြုစုခဲ့ပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) ၏ အပိုဒ် ၆၃ (ဇ) ၌ သတ်မှတ်ထားရှိသည့် အောက်ဖော်ပြပါ အချက်များနှင့်အညီ ရေးဆွဲပြုစုထားပါသည်-

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)၊ အပိုဒ် ၆၃**

**(ဇ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်**

(၁) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလစသည့် စီမံကိန်း လုပ်ငန်းအဆင့်အလိုက် အကြောင်းအရာဖော်ပြချက်၊

(၂) စီမံကိန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ နှင့် လိုအပ်ပါက ကျန်းမာရေးဆိုင်ရာ မူဝါဒ၊ ကတိကဝတ်၊ ဥပဒေဆိုင်ရာ လိုအပ်ချက်နှင့် ဖွဲ့စည်းမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ၊

(၃) ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် လျော့နည်းစေရန် ဆောင်ရွက် မည့် လုပ်ငန်းများ အကျဉ်းချုပ်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် ယေဘုယျ အသုံးစရိတ်၊

(၅) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးကာလစသည့် စီမံကိန်း လုပ်ငန်းအဆင့်အလိုက် စီမံခန့်ခွဲမှုနှင့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးမှုအစီအစဉ်ခွဲများနှင့်စပ်လျဉ်း၍ ဆူညံမှု၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေနှင့် ရေဆိုးများ၊ လေအရည်အသွေး၊ အနံ့၊ ဓာတုပစ္စည်း၊ ရေအရည်အသွေး၊ တိုက်စားမှုနှင့် နုန်းအနည်ကျမှု၊ ဇီဝမျိုးစုံမျိုးကွဲ၊ လုပ်ငန်းခွင်ဆိုင်ရာနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယဉ်ကျေးမှုအမွေအနှစ်၊ အလုပ်

အကိုင်နှင့် လေ့ကျင့်သင်ကြားမှုနှင့် အရေးပေါ်တုန့်ပြန်မှု စသည့် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု ကိစ္စရပ်များဖော်ပြချက်၊

(ဖ) အစီအစဉ်ခွဲအလိုက် ပါဝင်ရမည့် အကြောင်းအရာများ၊

(ကက)ရည်ရွယ်ချက်များ၊

(ခခ) ဥပဒေဆိုင်ရာလိုအပ်ချက်များ၊

(ဂဂ) လွှမ်းခြုံမြေပုံကြီးများ၊ လုပ်ငန်းခွင်အလိုက်မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင် ဓာတ်ပုံများ၊ ဂြိုလ်တုဓာတ်ပုံများ၊

(ဃဃ)အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်

(ငင) စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊

(စစ) စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များ၊


(ဆဆ)ရန်ပုံငွေလျာထားချက်နှင့် တာဝန်များ။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) ပါ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံစာရေးသားရာတွင် အောက်ပါအဆင့်များဖြင့် ဆောင်ရွက်ခဲ့ပါသည်-

| **အဆင့် ၁** | **အဆင့် ၂** | **အဆင့် ၃** | **အဆင့် ၄** |
|---|---|---|---|
| အချက်အလက် စုဆောင်းခြင်း | အချက်အလက်များအား သုံးသပ်ခြင်း | ရရှိသည့်အချက်အလက်များအပေါ် သုံးသပ်ဆွေးနွေးခြင်း | အစီရင်ခံစာ တင်သွင်းခြင်း |
| ကွင်းဆင်း၍ အချက်အလက် ကောက်ယူခြင်း | ဓါတ်ခွဲခန်းတွင် တိုင်းတာစစ်ဆေးခြင်း | အချက်အလက်များ ပေါင်းစပ်ခြင်း | |
| နမူနာများ ကောက်ယူခြင်း၊ တိုင်းတာစစ်ဆေးခြင်း ဒေသခံများ/ သက်ဆိုင်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း | | အစီရင်ခံစာ ပြုစုရေးဆွဲခြင်း | |

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (၂၀၁၅) တွင် ပါရှိသည့် EMP အစီရင်ခံစာရေးဆွဲပြီးနောက် ဆောင်ရွက်ရသည့် အစီရင်ခံစာသုံးသပ်ခြင်း နှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်များအား အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

**အစီရင်ခံစာ သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း လုပ်ငန်းစဉ်**



# အခန်း (၃)၊ ကတိကဝတ်များ

## ၃.၁. စီမံကိန်းဆောင်ရွက်သူ၏ ကတိကဝတ်များ

စီမံကိန်းဆောင်ရွက်သူအနေဖြင့် အောက်ပါအချက်များအား ကတိကဝတ်ပြုပါသည်-

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာဆောင်ရွက်သွားပါမည်။

(ခ) လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့်ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား တိုးတက်နေသည့် နည်းပညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်ရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။

(ဂ) စီမံကိန်းပိုင်ရှင်အနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ပြင်ဆင်ဖြည့်စွက်လိုပါက တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်ဆောင်ရွက်သွားပါမည်။

(ဃ) စီမံကိန်းလုပ်ငန်းများပြီးစီး၍ စီမံကိန်းလုပ်ငန်းပိတ်သိမ်းချိန်တွင် လူမှုဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိခိုက်မှုများရှိလာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အစီအမံများချမှတ် ဆောင်ရွက်သွားပါမည်။

| | | |
|---|---|---|
| အမည် | - | ဦးထက်လင်းအောင် |
| ရာထူး | - | ပိုင်ရှင် |
| လိပ်စာ | - | အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်းနံပါတ် | - | |

**ဇယား ၃-၁ အစီရင်ခံစာပါ ကတိကဝတ်များ**

| အစီရင်ခံစာပါ ရည်ညွှန်းချက် (အခန်း) | ကတိကဝတ်၏ အတိုချုပ်အမည် | စာပိုဒ် အမှတ်စဉ် | ကတိကဝတ်အား ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| အခန်း (၂) နိဒါန်း | အစီရင်ခံစာ ရေးဆွဲခြင်း | ၂.၃.၄ | အစီရင်ခံစာအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) ၏ အပိုဒ် ၆၃ (ဈ) နှင့်အညီ ရေးဆွဲ ပြုစုထားပါသည်။ |
| အခန်း (၃) မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင် | စီမံကိန်းအား ဥပဒေ နှင့်အညီ ဆောင်ရွက်ခြင်း | ၃.၁ | စီမံကိန်းလုပ်ငန်းရှင် အနေဖြင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းလည်ပတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ညွှန်ကြားချက်များအားလည်း လိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| | လမ်းညွှန်ချက်အား လိုက်နာခြင်း | ၃.၂ | ထုတ်လွှတ်မှုများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အပိုဒ် ၂.၆.၄ ပါ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (Tourism and Hospitality Development) အတွက် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ပါမည်။ |

| | | | |
|---|---|---|---|
| | နိုင်ငံတကာ သဘောတူညီချက်များအား လိုက်နာခြင်း | ၃.၄ | အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များအားလည်း ဖောက်ဖျက်ခြင်းမရှိစေဘဲ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| အခန်း (၄) ကတိကဝတ် | ကတိကဝတ်များအား လိုက်နာခြင်း | ၄ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာ ဆောင်ရွက်သွားပါမည်။<br>လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့်ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား တိုးတက်နေသည့်နည်းပညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက် ရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။<br>ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ပြင်ဆင်ဖြည့်စွက်လိုပါက တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်ဆောင်ရွက်သွား ပါမည်။<br>စီမံကိန်းလုပ်ငန်းများပြီးစီး၍ စီမံကိန်းလုပ်ငန်းပိတ်သိမ်းချိန်တွင် လူမှုဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိခိုက်မှုများရှိလာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အစီအမံများချမှတ် ဆောင်ရွက်သွားပါမည်။ |

| | | | |
|---|---|---|---|
| အခန်း (၅) စီမံကိန်းအကြောင်းအရာ ဖော်ပြချက်နှင့် အခြားနည်းရွေးချယ်ခြင်း | အလုပ်ခန့်ထားခြင်း | ၅.၇ | ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်ချက်နှင့် အညီ ခန့်အပ်သွားပါမည်။<br>လုပ်ခ၊ လစာနှင့် အချိန်ပိုကြေးများအား အလုပ်သမားဥပဒေနှင့်အညီ ပေးအပ်သွားမည်ဖြစ်ပါသည်။ |
| အခန်း (၇) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေး နည်းလမ်းများ | ဆိုးကျိုးသက်ရောက်မှု လျော့ကျရေး နည်းလမ်း များ ဆောင်ရွက်ခြင်း | ၇.၄ | စီမံကိန်း၏ လည်ပတ်ရေးကာလ၊ တည်ဆောက်ရေး နှင့် ဖျက်သိမ်းရေး ကာလအလိုက် လျော့ချမည့်နည်းလမ်း များအား ဆောင်ရွက်သွားပါမည် |
| အခန်း (၈) စီမံအုပ်ချုပ်မှုနှင့် စောင့်ကြည့်စစ်ဆေးရေး စီမံချက် | EMP အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ၈.၁ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) အား ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ |
| | ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ခွဲများ ဆောင်ရွက်ခြင်း | ၈.၂ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| | စောင့်ကြပ်ကြည့်ရှုခြင်း | ၈.၃ | ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်ပါ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များအား ဆောင်ရွက်သွားပါမည်။ |

| | | | |
|---|---|---|---|
| | အစီရင်ခံတင်ပြခြင်း | ၈.၃ | စောင့်ကြည့်စစ်ဆေးခြင်းအစီရင်ခံစာအားပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၁) နှစ် (၁) ကြိမ် အစီရင်ခံတင်ပြသွားမည် ဖြစ်ပါသည်။ |
| | **CSR** လုပ်ငန်းစဉ် ဆောင်ရွက်ခြင်း | ၈.၄ | CSR လုပ်ငန်းစဉ်ဆောင်ရွက်ရန်အတွက် (၁) နှစ်လျှင် ကျပ် (၁၀) သိန်းခန့် အား အောက်ဖော်ပြပါ အကျိုးပြုလုပ်ငန်းများတွင် အချိုးကျသတ်မှတ်ပြီး ခွဲဝေသုံးစွဲသွားပါမည်။ |
| | **EMP** ပါ အစီအစဉ်များ ဆောင်ရွက်ရန်ဘဏ္ဍာငွေ | ၈.၅ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအတွက် နှစ်စဉ်လျာထားငွေကျပ် (၆၀) သိန်းခန့်အား လျာထားသုံးစွဲသွားပါမည်။ |
| အခန်း (၉) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်း | အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း | ၉.၁ | အများပြည်သူနှင့် တိုင်ပင် ဆွေးနွေးခြင်းလုပ်ငန်းစဉ်များအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| | သတင်းထုတ်ပြန်ခြင်း | ၈.၅ | သတင်းထုတ်ပြန်မှုများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးမှူးရုံး နှင့် စီမံကိန်း ကြော်ငြာဘုတ်တို့တွင် အချိန်နှင့်တပြေးညီ ထုတ်ပြန်သွားပါမည်။ |
| | အကြံပြုချက်များ ရယူခြင်း | ၉.၂ | အများပြည်သူ၏ သဘောထားများ၊ အကြံဉာဏ်များ အမြဲတမ်းရယူနိုင်စေရန်အတွက် စီမံကိန်းဆောင်ရွက်ရာသည့်နေရာတွင် အကြံပြုစာတိုက်ပုံးထားရှိခြင်း၊ စီမံကိန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်နိုင်မည့် ပုဂ္ဂိုလ်၊ အမည်၊ ဖုန်း စသည်တို့အား ထုတ်ပြန်ထားခြင်းတို့ ဆောင်ရွက်သွားပါမည်။ |

| | | | |
|---|---|---|---|
| အခန်း (၁၀)<br>နိဂုံးချုပ်နှင့် အကြံပြုချက် | **EMP**<br>အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၀ | ပတ်ဝန်းကျင်နှင့်လူမှု-စီးပွားဆိုင်ရာ ထိခိုက်မှုများအား ဖြစ်နိုင်သမျှ နည်းသည်ထက်လျော့နည်းစေပြီး၊ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများ ရရှိစေရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် **(EMP)** အစီရင်ခံစာပါ အစီအစဉ်များအား လိုက်နာကျင့်သုံးသွား၍ မျက်ခြေမပြတ် စောင့်ကြည့် ထိန်းချုပ် သွားမည်ဖြစ်ပါသည်။ |

## ၃.၂. EMP ရေးဆွဲသည့် တတိယအဖွဲ့အစည်း၏ ကတိကဝတ်များ

အစီရင်ခံစာရေးဆွဲသည့် တတိယအဖွဲ့အစည်းအနေဖြင့် အောက်ပါအချက်များအား ကတိကဝတ်ပြုပါသည် -

(က) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာ၍ ပြည့်စုံပါသည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ ဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲထားပါသည်။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များနှင့်အညီ ပြုစု ရေးဆွဲထားပါသည်။

အမည် - ဦးဗညားအောင်

ရာထူး - ဒါရိုက်တာ

Aggrandize Myanmar Company Limited

လိပ်စာ - အမှတ် (ပ-၄၀)၊ သပြေကုန်းပွဲရုံတန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ဖုန်းနံပါတ် - ၀၉၉၇၇၂၅၉၇၇၂

# အခန်း (၄)၊ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့်ရင်ဘောင်တန်းလျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းရပ်များအား ဆောင်ရွက်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် (National Commission for Environmental Affairs-NCEA) အား ၁၉၉၀ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၁ ခုနှစ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် အား ဖျက်သိမ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန လက်အောက်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၂၀၁၆ ခုနှစ်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အဖြစ် ပြောင်းလဲဖွဲ့စည်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းရပ်များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ၊ နည်းဥပဒေများ၊ စီမံကိန်း၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပြဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းလည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ညွှန်ကြားချက်များအားလည်း လိုက်နာဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## ၄.၁. ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ

စီမံကိန်းဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူ နှင့် ဆက်စပ်ပါဝင်သူများအနေဖြင့် မြန်မာနိုင်ငံမှထုတ်ပြန်ပြဌာန်းထားသည့် စီမံကိန်းနှင့်သက်ဆိုင်သည့် အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များအား အထူးဂရုပြုလိုက်နာသွားမည် ဖြစ်ပါသည်-

**(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)**

စီမံကိန်းပိုင်ရှင်သည်-

(က) ပတ်ဝန်းကျင်ကိုညစ်ညမ်းစေခဲ့လျှင် ဝန်ကြီးဌာနကသတ်မှတ်သည့် လျော်ကြေးငွေကို ပေးလျော်ပါမည်။ (ပုဒ်မ ၇၊ ပုဒ်မခွဲ (ဏ) အရ)

(ခ) ပတ်ဝန်းကျင်ကိုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် ထုတ်လွှတ်ခြင်းကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ထုတ်လွှတ်ပါမည်။ (ပုဒ်မ ၁၄ အရ)

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုပါမည်။ ထိုသို့မဆောင်ရွက်နိုင်ပါက စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင် မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်ပါမည်။ (ပုဒ်မ ၁၅ အရ)

(ဃ) ဝန်ကြီးဌာနကထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/ မရှိ လာရောက်စစ်ဆေးသည့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား စစ်ဆေးခွင့်ပြုပါမည်။ (ပုဒ်မ ၂၄ အရ)

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်များကို လိုက်နာပါမည်။ (ပုဒ်မ ၂၉ အရ)

(စ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မိပါက ချမှတ်ထားသော ဥပဒေများအတိုင်း တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံပါမည်။ (ပုဒ်မ ၃၂ အရ)

**(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)**

စီမံကိန်းပိုင်ရှင်သည်-

(က) နည်းဥပဒေ ၆၉၊ နည်းဥပဒေခွဲ (က) အရ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသည့် ပစ္စည်းများကို အများပြည်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်

စေနိုင်မည့်နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ခ) နည်းဥပဒေ ၆၉၊ နည်းဥပဒေခွဲ (က) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ တစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိပစ္စည်းများကို အများပြည်သူအားတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့်နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုပါ။

(ဂ) နည်းဥပဒေ ၆၉၊ နည်းဥပဒေခွဲ (ခ) အရ ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုကို ဆောင်ရွက်ခြင်းမပြုပါ။

## (၃) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

(က) မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ၊ မိမိကိုယ်စား ဆောင်ရွက်သည့် ကန်ထရိုက်တာ၊ လက်ခွဲ ဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုကို တာဝန်ယူပါမည်။ (အပိုဒ် ၁၀၂ (က) အရ)

(ခ) စီမံကိန်းကြောင့်ထိခိုက်ခံစားရသူကို လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးပေးပါမည်။ (အပိုဒ် ၁၀၂ (ခ) အရ)

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ပါမည်။ မိမိကိုယ်စားဆောင်ရွက်သည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများက စီမံကိန်းအတွက်လုပ်ငန်းများဆောင်ရွက်ရာတွင်သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ

များ၊ ဤလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝလိုက်နာ ဆောင်ရွက်စေပါမည်။ (အပိုဒ် ၁၀၃ အရ)

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင်ပါရှိသော လိုအပ်ချက်အားလုံးကို တာဝန်ယူသည့်အပြင် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ (အပိုဒ် ၁၀၄ အရ)

(င) အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်နိုင်သောဆိုးကျိုးသက်ရောက်မှုများကိုဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ စာဖြင့်အသိပေးတင်ပြရမည်။ (အပိုဒ် ၁၀၅ အရ)

(စ) အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် လုပ်ငန်းပိတ်သိမ်းပြီး ကာလတို့တွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ် ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဘက်စုံ စောင့်ကြပ်စစ်ဆေးပါမည်။ (အပိုဒ် ၁၀၆ အရ)

(ဆ) မိမိ၏တာဝန် သို့မဟုတ် ဆောင်ရွက်ချက်ပျက်ကွက်မှုကို အမြန်ဆုံးစာဖြင့် တင်ပြပါမည်။ ပျက်ကွက်မှုကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု ဖြစ်နိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရန် လိုအပ်သည့်ကိစ္စကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားကိစ္စဖြစ်ပါက စတင်သိရှိချိန်မှ ၇ ရက် အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ တင်ပြပါမည်။ (အပိုဒ် ၁၀၇ အရ)

(ဇ) အစီရင်ခံစာအား အတည်ပြုပြန်ကြားပြီးသည့်နေ့မှစ၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏ ဇယားပါအတိုင်းစောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ၆ လ တစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြပါမည်။ (အပိုဒ် ၁၀၈ အရ)

(ဈ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် အပိုဒ် ၁၀၉ ပါ သတ်မှတ်ချက်များ အနည်းဆုံး ထည့်သွင်းဖော်ပြပါမည်။ (အပိုဒ် ၁၀၉ အရ)

(ည) အပိုဒ် ၁၀၈ အရ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အများပြည်သူသိရှိနိုင်ရန်စီမံကိန်း၏ဝက်ဘ်ဆိုဒ်၊ စာကြည့်တိုက်၊ ပြည်သူ့ခန်းမ၊ အများပြည်သူစုဝေးရာနေရာနှင့် စီမံကိန်းရုံးဌာနတို့တွင် အများပြည်သူသိရှိစေရန် ယင်းအစီရင်ခံစာကို

တင်ပြပါမည်။ ယင်းအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူ တောင်းခံချက်ကို လက်ခံရရှိသည့်နေ့မှစ၍ ၁၀ ရက်အတွင်း အီးမေလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ တောင်းခံသူအား ဖြန့်ဝေပေး ပါမည်။ (အပိုဒ် ၁၁၀ အရ)

(ဍ) စောင့်ကြပ်ကြည့်ရှုရန်နှင့် စစ်ဆေးရန် တာဝန်ရှိသူကို သာမန်အလုပ်ချိန်အတွင်း ဝင်ရောက်ခွင့်ပြုပါမည်။ (အပိုဒ် ၁၁၃ (က) အရ) စီမံကိန်း၏ရုံးများ၊ လုပ်ငန်းခွင်၊ စီမံကိန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြားနေရာများသို့ လိုအပ်ပါကအချိန်မရွေး ဝင်ရောက်ခွင့်ပြုပါမည်။ (အပိုဒ်၁၁၃ (ခ)အရ)

(ဎ) အရေးပေါ် အခြေအနေတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသို့ပျက်ကွက်နိုင်သည်ဟု ယူဆလျှင်ဖြစ်စေ စစ်ဆေးရန်တာဝန်ရှိသူက ဝင်ရောက်စစ်ဆေးလိုသည့်အချိန်တွင် ချက်ချင်းခွင့်ပြုပါမည်။ (အပိုဒ် ၁၁၅ အရ)

(ဏ) ကိုယ်စားဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်သူ ဆပ်ကန်ထရိုက်တာတို့ကို တာဝန်ရှိသူက စစ်ဆေးခြင်းကို ခွင့်ပြုပါမည်။ (အပိုဒ် ၁၁၇ အရ)

**(၄) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂၀၁၅)**

စီမံကိန်းပိုင်ရှင်သည် -

စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂၀၁၅) နှင့်အညီ စွန့်ပစ်သွား မည်ဖြစ်ပြီး၊ အထူးသဖြင့် ယင်းလမ်းညွှန်ချက် ၂.၆.၄ ပါ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (Tourism and Hospitality Development) ပါ လမ်းညွှန်ချက်များအား လိုက်နာ ဆောင်ရွက်သွားပါမည်။ (လမ်းညွှန်ချက်အရ)

**(၅) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၂၀၁၅)**

စီမံကိန်းပိုင်ရှင်သည် -

တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်း

လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဒေသနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေး၍ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။ (ပုဒ်မ ၅ အရ)

**(၆) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ** (**၂၀၁၆**)

စီမံကိန်းပိုင်ရှင်သည် -

(က) မြေယာ၊ အဆောက်အအုံများအား ငှားရမ်းဆောင်ရွက်ခြင်းအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်။ **(**ဥပဒေပုဒ်မ ၅၀၊ ၅၁ အရ**)**

(ခ) သဘာဝတွင်းထွက်ပစ္စည်းများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများနှင့် ရတနာသိုက်အစရှိသည်တို့ကိုတွေ့ရှိပါက ကော်မရှင်ထံသို့ ချက်ချင်းသတင်းပေး အကြောင်းကြားခြင်း၊ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားအား သိသာထင်ရှားစွာပြောင်းလဲမှုကို ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင်ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပြည်တွင်းအသိအမှတ်ပြု စာရင်းကိုင်စံနှုန်းများနှင့်အညီ ကောင်းမွန်စွာ ပြုစုမှတ်တမ်းတင်ထားရှိခြင်း၊ အလုပ်သမားများနှင့် ၎င်းတို့၏လုပ်ခလစာများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်း စသည့်သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ်ဆိုးရွားမှုများဖြစ်ပေါ်စေပါက အဆိုပါဆိုးရွားနစ်နာမှုအတွက် ထိရောက်သည့်လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ခြင်း၊ ဥပဒေနှင့်အညီ အာမခံထားရှိခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၆၅ **(**င**)** မှ **(**ဏ**)** အရ**)**

**(**ဂ**)** သဘာဝတွင်းထွက်ပစ္စည်းများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများနှင့် ရတနာသိုက်အစရှိသည်တို့ကိုတွေ့ရှိပါက ကော်မရှင်ထံသို့ ချက်ချင်းသတင်းပေး အကြောင်းကြားခြင်း၊ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထား

အား သိသာထင်ရှားစွာ ပြောင်းလဲမှုကို ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင်ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ခြင်း၊ အလုပ်သမားများနှင့် ၎င်းတို့၏လုပ်ခလစာများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့်မသက်ဆိုင်သော သစ်တောများခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်း စသည့်သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ်ဆိုးရွားမှုများ ဖြစ်ပေါ်စေပါက အဆိုပါဆိုးရွားနစ်နာမှုအတွက် ထိရောက်သည့်လျော်ကြေးကို နစ်နာသူထံသို့ပေးလျော်ခြင်း၊ ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား စစ်ဆေးကြည့်ရှုမည်ဆိုပါက မည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးခွင့်ပေးခြင်း၊ ဆန်းစစ်ခြင်းများမလုပ်ဆောင်မီ ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကိုဦးစွာရယူပြီး လုပ်ငန်းဆောင်ရွက်နေသည့် ကာလတစ်လျှောက်လုံးတွင်လည်း လိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များ ဆောင်ရွက်မှုအခြေအနေများကို ကော်မရှင် သို့တင်ပြခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၆၅ **(င)** မှ **(ထ)** အရ (ဇ နှင့် ဗမပါ ) )

(ဃ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် နည်းဥပဒေ၌ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံထားရှိရမည်။ **(ပုဒ်မ ၇၃ အရ)**

## (၇) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ (၂၀၁၇)

စီမံကိန်းပိုင်ရှင်သည် -

(က) ခွင့်ပြုမိန့်နှင့် အခြားသက်ဆိုင်သည့် ဥပဒေများတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များ အားလုံးကိုလိုက်နာသွားပါမည်။ (နည်းဥပဒေ ၂၀၂ အရ)

(ခ) ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသူများအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အပြည့်အဝကူညီဆောင်ရွက်သွားပါမည်။ (နည်းဥပဒေ ၂၀၃ အရ)

(ဂ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားသားကျွမ်းကျင်သူအား ဥပဒေပုဒ်မ ၅၁ (က) အရ ခန့်အပ်လိုပါက ကော်မရှင်ရုံးသို့ တင်ပြလျှောက်ထား၍ ခွင့်ပြုချက်ရယူခြင်းတို့အား လိုက်နာဆောင်ရွက်သွားပါမည်။ (နည်းဥပဒေ ၂၀၆ အရ)

(ဃ) ခွင့်ပြုမိန့် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိထားလျှင် လုပ်ငန်းသဘာဝအပေါ်မူတည်၍ ပစ္စည်းနှင့်စီးပွားရေးလုပ်ငန်းရပ်ဆိုင်းမှုအာမခံ၊ အင်ဂျင်နီယာလုပ်ငန်းအာမခံ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာတာဝန်ရှိမှုအာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ ရေကြောင်းအာမခံ၊ အလုပ်သမားလျော်ကြေးအာမခံ စသည့် အာမခံအမျိုးအစားများကို နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် အာမခံထားရှိရမည်။ (နည်းဥပဒေ ၂၁၂ အရ)

## (၈) မြန်မာ့အာမခံလုပ်ငန်းဥပဒေ (၁၉၉၃)

စီမံကိန်းပိုင်ရှင်သည် -

စီမံကိန်းနှင့်ပတ်သက်သည့် အာမခံထားရှိမှုများအား မြန်မာ့အာမခံလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေအရ)

## (၉) ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိပြီး၊ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် ယူဆရန်အကြောင်းရှိလျှင် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာသတင်းပို့ပါမည်။ (ဥပဒေ ပုဒ်မ ၁၂ အရ)

## (၁၀) ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေ (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

(က) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော နှစ်ပေါင်း ၁၀၀ နှင့် အထက်သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံကိုတွေ့ရှိပြီး၊ ရှေးဟောင်းအဆောက်အအုံဖြစ်ကြောင်းသိရှိလျှင် သို့မဟုတ် ယူဆရန်အကြောင်းရှိလျှင်၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်းပေးပို့ပါမည်။ (ဥပဒေပုဒ်မ ၁၂ အရ)

(ခ) ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဇရိယာအတွင်း၌ ပြုလုပ်ဆောင်ရွက်ချက်များအတွက် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားခြင်းတို့အား လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေပုဒ်မ ၁၅ နှင့် ၂၀ (စ) အရ)

**(၁၁) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ (၁၉၉၈)** စီမံကိန်းပိုင်ရှင်သည်-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာ ဇုန်အတွင်းတွင် အဆောက်အအုံတည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း စသည့်ကိစ္စရပ်တစ်ခုခုပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကိုလိုက်နာ၍ ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားပါမည်။.( ဥပဒေပုဒ်မ ၁၃ အရ )

(ခ) ဦးစီးဌာနမှ ဆောင်ရွက်သည့် စည်းကမ်းချက်များအား လိုက်နာပါမည်။ (ဥပဒေပုဒ်မ ၁၆ အရ)

(ဂ) ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းမပြုလုပ်ပါ။ (ဥပဒေ ပုဒ်မ ၁၈ အရ)

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုပါ။ (ဥပဒေ ပုဒ်မ ၂၂ အရ)

## (၁၂) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

စီမံကိန်းပိုင်ရှင်သည်-

(က) အစိုးရ၏ လုပ်သားပြည်သူတို့ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ငှင်း၊ လုပ်သားပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်ခြင်းမှ ကာကွယ်ရန်ငှင်း၊ ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လုပ်သားပြည်သူတို့ ထုတ်လုပ်ရောင်းချသော အစားအသောက်နှင့်ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်ဖြစ်သော နေအိမ်သုံးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်သည့်ကိစ္စများ၊ ကူးစက်ရောဂါများနှင့် ပတ်သက်သည့်ကိစ္စ များ၊ ကိုယ်ပိုင်ဆေးကုဂေဟာများနှင့် ပတ်သက်သည့်ကိစ္စများ၊ လုပ်သားပြည်သူများအတွက် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးနှင့်ပတ်သက်သည့်ကိစ္စများကို အကြံပေးခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ပြုပြင်ခြင်း၊ တားမြစ်ခြင်း စသည့် လုပ်ငန်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၃ အရ)

(ခ) အချိန်အခါမရွေးဝင်ရောက်စစ်ဆေး ညွှန်ကြားခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၅ အရ)

## (၁၃) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ (၁၉၉၅)

စီမံကိန်းပိုင်ရှင်သည်-

(က) ကျန်းမာရေးဦးစီးဌာန၏ ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၃ (က) အရ)

(ခ) ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ပုဒ်မ ၃ ပါ ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၄ အရ)

(ဂ) ကြက်ငှက်အပါအဝင် တိရစ္ဆာန်များအစုလိုက် အပြုံလိုက်သေဆုံးခြင်း၊ ကြွက်ကျခြင်း၊ ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါဖြစ်ပွားခြင်း၊ တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း ကိစ္စတစ်ရပ်ရပ် ဖြစ်ပွားကြောင်း သိရှိလျှင်သိရှိချင်း အနီးဆုံးကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်း သတင်းပို့ပါမည်။ (ဥပဒေပုဒ်မ ၉ အရ)

(ဃ) ကျန်းမာရေးအရာရှိသည် ကူးစက်မြန်ရောဂါဖြစ်ပွားပျံ့နှံ့မှုကို ကာကွယ်နှိမ်နင်းနိုင်ရန်အလို့ငှာ ဆောင်ရွက်ခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၁၁ အရ)

**(၁၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)**

စီမံကိန်းပိုင်ရှင်သည်-

(က) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုများ လျော့နည်းပပျောက်စေရန်နှင့် ကြိုတင်ကာကွယ်တားဆီးနိုင်ရန်၊ လုပ်ငန်းခွင်အတွင်း ကျန်းမာစွာလုပ်ကိုင်နိုင်စေရန်တို့အတွက် ကျန်းမာရေးဆိုင်ရာကိစ္စရပ်တို့အား ဆောင်ရွက်သွားပါမည်။ (ဥပဒေပုဒ်မ ၃ အရ)

**(၁၅) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ(၁၉၉၅)**

စီမံကိန်းပိုင်ရှင်သည်-

ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၊ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့်နေရာများအား ဖော်ညွှန်းသည့်စာတန်းနှင့်အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိခြင်း၊ လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စစ်ဆေးမှုခံယူခြင်းတို့အား ဆောင်ရွက်သွားပါမည်။ (ဥပဒေပုဒ်မ ၉ အရ)

**(၁၆) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)**

စီမံကိန်းပိုင်ရှင်သည်-

မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၂၅ အရ)

**(၁၇) သစ်တောဥပဒေ (၂၀၁၈)**

စီမံကိန်းပိုင်ရှင်သည်-

သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်း သို့မဟုတ် စီးပွားရေးစီမံကိန်းလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်းအတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူသွားပါမည်။ (ဥပဒေပုဒ်မ ၁၂ (က) အရ)

## (၁၈) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆ )

စီမံကိန်းပိုင်ရှင်သည်-

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မဟုတ် ရေကြောင်းအားပြောင်းလဲစေခြင်း၊ ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်းတို့အားမပြုလုပ်ပါ။ (ဥပဒေပုဒ်မ ၈ ဃ အရ)

(ခ) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းဖြစ်စေမည့် စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများ စွန့်ပစ်ခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများစွန့်ပစ်ခြင်း၊ အဆိပ်သင့်စေသော ပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောပစ္စည်းဖြင့် ဖောက်ခွဲ၍ဖြစ်စေ ရေနေသတ္တဝါများအား ဖမ်းဆီးခြင်း၊ တို့အား မပြုလုပ်ပါ။ (ဥပဒေပုဒ်မ ၁၁ က အရ)

(ဂ) ဦးစီးဌာန၏လုပ်ပိုင်ခွင့်များအားလိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ၆အရ)

(ဃ) ဦးစီးဌာန၏ မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းမရှိစေရန် စီမံဆောင်ရွက်ခြင်းအား လိုက်နာပါမည်။ (ဥပဒေပုဒ်မ ၅ အရ)

(င) ရေလမ်းပျက်စီးခြင်း သို့မဟုတ် ရေကြောင်းပြောင်းလဲခြင်းဖြစ်ပေါ်စေမည့် အရာဝတ္ထုတစ်ခုခုကို မြစ်ချောင်းအတွင်းသို့စွန့်ပစ်ခြင်းတို့အား ရှောင်ကြဉ်ပါမည်။ (ဥပဒေပုဒ်မ ၁၉ အရ)

(စ) မြို့ပြကျေးလက်လူနေမှုပုံစံနှင့် မသင့်လျော်သည့် အိမ်သာများ ဆောက်လုပ်ခြင်း၊ ရေတွင်းရေကန်တူးဖော်ခြင်း၊ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မြေတူးခြင်းတို့အား ရှောင်ကြဉ်ပါမည်။ (ဥပဒေပုဒ်မ ၂၁ အရ)

(ဆ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများကို စုပုံခြင်း မပြုလုပ်ပါ။ (ဥပဒေပုဒ်မ ၂၂ အရ)

(ဇ) လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းများနှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်း ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ မြစ်ရေထုတ်နုတ်သုံးစွဲခြင်း၊ မြစ်ကူးတံတားကြီးများတည်ဆောက်ခြင်း၊ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓါတ်အားလိုင်းဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်း ဆက်သွယ်

ခြင်း သို့မဟုတ် တူးဖော်ခြင်း စသည်တို့ပြုလုပ်လိုပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ကိုရယူပြီးမှသာ ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၃၀ အရ)

(ဈ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သောပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင်ဖြစ်စေ ဤဥပဒေတွင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခံပါမည်။ (ဥပဒေပုဒ်မ ၂၉ အရ)

## (၁၉) အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်သမားအဖွဲ့အစည်းများသည် ယင်းတို့နှင့်သက်ဆိုင်သော ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်းကောင်း၊ ယင်းတို့၏စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ယင်းတို့၏အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့် ရှိစေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာ ဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်းမရှိပါက အလုပ်ရှင်နှင့်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ခွင့်ရှိပြီး သဘောတူညီချက်မရရှိခဲ့လျှင် သက်ဆိုင်ရာဥပဒေနှင့်အညီ အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိသည်။ (ဥပဒေပုဒ်မ ၁၇ အရ)

(ခ) အလုပ်ရှင်က အလုပ်သမားတစ်ဦးဦးအား အလုပ်မှထုတ်ပယ်ရာတွင် ထိုသို့ အလုပ်မှ ထုတ်ပယ်သောအကြောင်းရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမား ဥပဒေများနှင့် ညီညွတ်မှုမရှိဟု ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာအလုပ်ရှင်အား တောင်းဆိုခွင့်ရှိသည်။ (ဥပဒေပုဒ်မ ၁၈ အရ)

(ဂ) အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမားကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူအဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ ၏

ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ (ဥပဒေပုဒ်မ ၁၉ အရ)

(ဃ) အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွား များနှင့်စပ်လျဥ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူအလုပ်သမားတို့ ဆွေးနွေး ရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေး ခွင့်ရှိသည်။ (ဥပဒေပုဒ်မ ၂ဝ အရ)

(င) အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့်အညီ အလုပ် သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိသည်။ (ဥပဒေပုဒ်မ ၂၁ အရ)

(စ) အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများပြုလုပ်ခြင်း၊ သပိတ် မှောက်ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ငြိမ်းချမ်းစွာဆောင်ရွက်ရမည်။ (ဥပဒေ ပုဒ်မ ၂၃ အရ)

## (၂ဝ) အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂ဝ၁၂)

စီမံကိန်းပိုင်ရှင်သည် ဥပဒေပါ အောက်ပါအချက်များအား လိုက်နာပါမည်-

(က) မည်သည့်အလုပ်ရှင်မျှ တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဥ်း၍ သတ်မှတ် ကာလအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ။ (ဥပဒေပုဒ်မ ၃၈ အရ)

(ခ) မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေး နေစဉ် ထိုအငြင်းပွားမှုမစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ် သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ ၏ အကျိုးထိခိုက်စေရန် ရုတ်တရက်ပြောင်းလဲခြင်းမပြုရ။ (ဥပဒေပုဒ်မ ၃၉ အရ)

(ဂ) မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့်စပ်လျဥ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေး ညှိနှိုင်းခြင်း ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်း မပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းမပြုရ။ (ဥပဒေပုဒ်မ ၄ဝ အရ)

(ဃ) အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သော အကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှု ကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့်လျော့နည်းစေရန်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကျူးလွန်လျှင် ခုံမသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့အရ ကောက်ခံရမည်။ (ဥပဒေပုဒ်မ ၅၁ အရ)

## (၂၁) Workmen Compensation Act

စီမံကိန်းပိုင်ရှင်သည်-

လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်သည့် မတော်တဆထိခိုက်မှုများ၊ သေကြေပျက်စီးမှုများနှင့် သဘာဝဘေးကြောင့် ဖြစ်ပေါ်သည့် မတော်တဆထိခိုက်နစ်နာရသည့် လုပ်သားများအတွက် Workmen Compensattion Act နှင့်အညီ ကူညီထောက်ပံ့၊ လျော်ကြေးပေးမှုများ ဆောင်ရွက်သွားပါမည်။ (Act အရ)

## (၂၂) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်း၊ အလုပ်ခန့်အပ်ထားခြင်းမပြုမီ အကြိုသင်တန်းကာလနှင့် အစမ်းခန့်ကာလ သတ်မှတ်ပါက ယင်းသင်တန်းသားသည် ပုဒ်မခွဲငယ် (၁) ပါ သတ်မှတ်ချက်နှင့် သက်ဆိုင်ခြင်းမရှိခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အား ဥပဒေနှင့်အညီချုပ်ဆိုခြင်း၊ ဥပဒေနှင့်အညီ သတ်မှတ်ထားသော နစ်နာကြေးပေးခြင်း၊ လုပ်ငန်းခွင်စည်းကမ်းနှင့် အကျိုးခံစားခွင့်များကို တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလိုပြင်ဆင်ခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်မိတ္တူကို သက်ဆိုင်ရာအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ သတ်မှတ်ကာလအတွင်း အလုပ်ရှင်ကပေးပို့ပြီး အတည်ပြုချက်ရယူထားခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၅ အရ)

(ခ) အလုပ်ရှင်သည် အလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်မြင့်မားစေရန် ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၁၄ အရ)

(ဂ) စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၏အလုပ်ရှင်သည် ယင်း၏လုပ်ငန်း၌ အလုပ်သမားကြီးကြပ်သူအဆင့်နှင့် ယင်းအဆင့်အောက်ရှိ အလုပ်သမားများ အား ပေးချေရသည့် စုစုပေါင်းလုပ်ခ၊ လစာ၏ သုညဒသမငါးရာခိုင်နှုန်းအောက် မနည်းသောငွေကို ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ်မပျက်မကွက် ပေးသွင်း ခြင်းနှင့် ပေးသွင်းသည့်ထည့်ဝင်ကြေးကို အလုပ်သမားများ၏ လုပ်ခ၊ လစာမှ ဖြတ်တောက်ခြင်းမပြုခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၃၀ အရ)

## (၂၃) ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁)

စီမံကိန်းပိုင်ရှင်သည်-

ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များအား ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ နှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။

## (၂၄) အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

စီမံကိန်းပိုင်ရှင်သည်-

(က) ဤဥပဒေအရ သတ်မှတ်ထားသောအနည်းဆုံးအခကြေးငွေအောက်လျော့နည်း၍ မပေးခြင်း၊ အနည်းဆုံးအခကြေးငွေမှ နုတ်ယူခွင့်ရှိသည်ဟု သတ်မှတ်ထားသော အခကြေးငွေမှအပ အခြားအခကြေးငွေကို နုတ်ယူမှု မပြုပါ။ (ဥပဒေပုဒ်မ ၁၂ အရ)

(ခ) လုပ်ငန်းနှင့်သက်ဆိုင်သော အနည်းဆုံးအခကြေးငွေနှုန်းထားများကို အလုပ် သမားများအား အသိပေးခြင်းအပြင် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာ အလုပ် သမားများ မြင်နိုင်စေရန် ကြော်ငြာထားခြင်း၊ သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာမှတ်တမ်းပြုစုထားရှိခြင်း၊ သက်ဆိုင်ရာဦးစီးဌာနသို့ အစီရင်ခံခြင်း၊ စစ်ဆေးရေးအရာရှိကစစ်ဆေးရန် ဆင့်ဆိုသည့်အခါ သွားရောက်စစ်ဆေးခံခြင်း နှင့် တောင်းခံသည့်အခါ တင်ပြခြင်း၊ အလုပ်သမားများဖျားနာ၍ အလုပ်မလုပ် ကိုင်နိုင်သည့်အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ်နားခွင့် ပေးခြင်း၊ အလုပ်သမားများ၏မိသားစုဝင် သို့မဟုတ် မိဘနာရေးကိစ္စဖြစ်သည့် အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့် အညီ အလုပ်နားခွင့်ပေးခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၁၃ အရ)

(ဂ) ပုဒ်မ ၁၃ (င)၊ (စ) နှင့် (ဆ) တို့အရ စီမံကိန်းပိုင်ရှင်သည် အောက်ဖော်ပြပါ အချက်များအား လိုက်နာဆောင်ရွက်သွားပါမည်-

(က) ပုဒ်မ ၁၃ (င) အရ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း နှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့ စစ်ဆေးရေး အရာရှိက ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး လိုအပ်သော အကူအညီ များပေးရမည်။

(ခ) ပုဒ်မ (၁၃) (စ)အရ အလုပ်သမားများဖျားနာ၍ အလုပ်မလုပ်ကိုင်နိုင်သည့် အခါ သတ်မှတ်ချက်များနှင့်အညီ ဆေးကုသရန် အလုပ်နားခွင့်ပေးရမည်။

(ဂ) ပုဒ်မ ၁၃ (ဆ) အရ အလုပ်သမားများ၏ မိသားစုဝင် သို့မဟုတ် မိဘ နာရေးကိစ္စဖြစ်သည့်အခါ အနည်းဆုံးအခကြေးငွေမှ ဖြတ်တောက်ခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ အလုပ်နားခွင့်ပေးရမည်။

(ဃ) ပုဒ်မ ၁၈ အရ စီမံကိန်းပိုင်ရှင်သည် စစ်ဆေးရေးအရာရှိ၏ အောက်ဖော်ပြပါ အချက်များ ဆောင်ရွက်ခွင့်ရှိကြောင်းအား နားလည်သဘောပေါက်ပါသည် -

(က) အလုပ်ရှင်က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကိုလည်းကောင်း၊ အလုပ်သမား များဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများ၊ အခကြေးငွေ များကို မှန်ကန်စွာမှတ်တမ်းပြုစုထားခြင်း ရှိ မရှိကိုလည်းကောင်း၊ အဆိုပါ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ်အသားများကို ဦးစီးဌာနသို့ သတ်မှတ်ချက် များနှင့်အညီ အစီရင်ခံတင်ပြခြင်း ရှိ မရှိကိုလည်းကောင်း သက်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်၊ ဝန်ဆောင်မှုလုပ်ငန်း ခွင်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့ ဝင်ရောက်စစ်ဆေးခွင့် ရှိသည်။

(ခ) ဦးစီးဌာန၏ တာဝန်ပေးအပ်ချက်အရ သက်ဆိုင်သည့်ပုဂ္ဂိုလ်များအား ဆင့်ဆိုခြင်း၊ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ စာရင်း၊ ဇယားနှင့် စာတမ်းအမှတ် အသားများကို တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်းတို့ ပြုနိုင်သည်။

(ဂ) အလုပ်ရှင်ထံတွင် ပြင်ပအလုပ်သမားများရှိပါက ထိုပြင်ပအလုပ်သမား များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ ယင်းတို့၏အမည်နှင့် နေရပ်လိပ်စာများကို စစ်ဆေးခွင့်၊ လုပ်ငန်းခွင်ပြင်ပ အလုပ်သမားများ၏

စာရင်းနှင့် အခကြေးငွေဆိုင်ရာ စာရင်းဇယားမှတ်တမ်းများကို တောင်းခံခွင့်၊ မိတ္တူ ကူးခွင့်ရှိသည်။

(ဃ) စစ်ဆေးခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအလုပ်ရှင်ကအထောက်အထားကိုတောင်းဆိုပါက သက်ဆိုင်ရာဦးစီးဌာနက ထုတ်ပေးထားသည့် ဝန်ထမ်းစိစစ်ရေး သက်သေခံလက်မှတ်ကို ပြသရမည်။

(င) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ စစ်ဆေးတွေ့ရှိချက်နှင့် တောင်းခံသည့် အထောက်အထားစာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

**(၂၅) အခကြေးငွေပေးချေရေးဥပဒေ (၂၀၁၆)**

စီမံကိန်းပိုင်ရှင်သည်-

(က) အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေခြင်း၊ ငွေသားတစ်ချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သောပစ္စည်းတစ်ချို့တစ်ဝက်တွဲဖက်၍ ပေးချေနိုင်ခြင်း၊ အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ်သတ်မှတ်ပြီး ရက်ပေါင်း (၆၀) အတွက် အခကြေးငွေ ထုတ်ပေးခြင်း ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၃ အရ )

(ခ) အလုပ်ပြီးဆုံးသည့်အခါဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေပေးချေခြင်း၊ အခကြေးငွေပေးချေရန် အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလ အပိုင်းအခြားသည် တစ်လထက်မကျော်စေခြင်း၊ အမြဲတမ်း အလုပ်အတွက် အခကြေးငွေကို ဥပဒေနှင့်အညီ လစဉ်ပေးချေခြင်း၊ အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှ ရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက်နှစ်ရက်အတွင်း ပေးချေခြင်း၊ အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်အကြောင်းကြားစာပေးပို့၍ မိမိဆန္ဒအရအလုပ်မှနုတ်ထွက်ပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေခြင်း၊ အလုပ်သမား သေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကိုသေဆုံးပြီးနောက် အလုပ်ဖွင့်ရက်

နှစ်ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေဆက်ခံသူထံသို့ ပေးချေခြင်း၊ အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးချေခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၄ အရ)

(ဂ) သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ၄၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့ရက်သို့ ပြောင်းလဲပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်း ခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြပါမည်။ (ဥပဒေပုဒ်မ ၅ အရ)

(ဃ) အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းများအား ဥပဒေနှင့် အညီ ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၇ အရ)

(င) အလုပ်ရှင်သည် ပုဒ်မ ၇ နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ မည်သည့်ကိစ္စအတွက်မျှ နုတ်ယူဖြတ်တောက်ခြင်း မပြုပါ။ (ဥပဒေပုဒ်မ ၈ အရ)

(စ) အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမား ရရှိသည့် အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရပါ။ (ဥပဒေပုဒ်မ ၉ အရ)

(ဆ) အလုပ်ရှင်သည် ပုဒ်မ ၁၁ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၁၀ အရ)

(ဇ) အလုပ်ရှင်သည် အလုပ်သမား၏ ပြုလုပ်မှုများ သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန်ဒဏ်ငွေအဖြစ်သတ်မှတ်ပြီး ဥပဒေနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ပါမည်။ (ဥပဒေပုဒ်မ ၁၁ အရ)

(ဈ) အလုပ်သမားသည် မိမိနစ်နာမှုများအတွက် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ စီမံကိန်းတွင်း လုပ်ငန်းညှိနှိုင်းရေး ကော်မတီကဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့ တောင်းဆိုနိုင်ခြင်း၊ (ဥပဒေပုဒ်မ ၁၂ အရ)

(ည) စစ်ဆေးရေးအရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ်များအားစစ်ဆေးပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ခြင်း၊ အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် အယူခံနိုင်ခြင်း၊ စစ်ဆေးရေးအရာရှိချုပ်သည် အယူခံမှုကိုစိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကိုကြားနာပြီး သင့်လျော်သောအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်ခြင်း၊ စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့်အမိန့်သည် အပြီးအပြတ်ဖြစ်ခြင်း။ (ဥပဒေပုဒ်မ ၁၃ အရ)

(ဋ) အလုပ်သမားသည် အချိန်ပိုလုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရ သတ်မှတ်သည့်နှုန်းထားအတိုင်း ခံစားခွင့်ရှိခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၁၄ အရ)

## (၂၆) လူမှုဖူလုံရေးဥပဒေ (၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံတင်ဆောင်ရွက်ထားရှိပါမည်။ (ဥပဒေပုဒ်မ ၁၁ အရ)

(ခ) လူမှုဖူလုံရေးရန်ပုံငွေ ထားရှိခြင်း၊ လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အလုပ်သမားများတို့သည် ရန်ပုံငွေများသို့ မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေများ ပေးသွင်းပါမည်။ (ဥပဒေပုဒ်မ ၁၅ အရ)

(ဂ) လူမှုဖူလုံရေးအတွက် မှတ်ပုံတင်ပြီး အာမခံထားရှိခြင်းနှင့် ထည့်ဝင်ကြေးများ ထည့်ဝင်ပါမည်။ (ဥပဒေပုဒ်မ ၁၈ အရ)

(ဃ) အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသော အလုပ်သမားများအတွက် အလုပ်ရှင်များသည် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထားသောထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်ပါမည်။ (ဥပဒေပုဒ်မ ၄၈ အရ)

(င) အလုပ်ရှင်သည် မှတ်တမ်းနှင့်စာရင်းများကိုမှန်ကန်စွာပြုစုထားရှိပြီးသက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်းတို့ကို လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေပုဒ်မ ၇၅ အရ)

(စ) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) အရ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မနေရ မှတ်ပုံတင်၍ဖြစ်စေ၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်၏ ဆန္ဒအရ မှတ်ပုံတင်၍ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးသွင်းထားသော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အလုပ်သမားလျော်ကြေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေခြင်း၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်အတွက် အာမခံထားသူတို့သည် ဤဥပဒေပါ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်များကိုသာ ခံစားခွင့်ရှိစေခြင်း စသည်တို့ အား လိုက်နာဆောင်ရွက်ပါမည်။ ( ဥပဒေပုဒ်မ ၄၉ အရ)

## (၂၇) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ

စီမံကိန်းပိုင်ရှင်သည်-

(က) ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုပါ။ (ဥပဒေပုဒ်မ ၃၇ အရ)

(ခ) ပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်းအား ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား ဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်ခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၃၄ အရ)

## (၂၈) မော်တော်ယာဉ်ဥပဒေ (၂၀၁၅)

စီမံကိန်းပိုင်ရှင်သည်-

မော်တော်ယာဉ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်း၊ ဆူညံသံ၊ အခိုးအငွေ့၊ အမှုန်အမွှားထွက်ရှိမှုများအား သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ခြင်းတို့ကို လိုက်နာဆောင်ရွက်သွားပါမည်။ (ဥပဒေ အရ)

## (၂၉) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ (၂၀၁၇)

စီမံကိန်းပိုင်ရှင်သည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ရေနံနှင့် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကိုသယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့်တွဲများကို လိုင်စင်ထုတ်ပေးခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့်

လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၉ အရ)

(ခ) ရေနံနှင့် ရေနံထွက်ပစ္စည်းသယ်ယူမှုပို့ဆောင်မှုနှင့် ထားသိုမှုတို့နှင့်ပတ်သက်သည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေ ပုဒ်မ ၁၀ အရ)

(ဂ) ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုးထည့်သွင်းပစ္စည်းအားလုံးတွင် သတိပေးချက်ကိုမြင်သာသည့်နေရာတွင် ထင်ရှားသော စာလုံးများဖြင့်ဖြစ်စေ၊ သင်္ကေတဖြင့်ဖြစ်စေ ရေးသားဖော်ပြခြင်းတို့အား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၁၁ အရ)

(ဃ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်တစ်ခုခုပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ကိုပျက်ကွက်ခြင်းမရှိစေရန်၊ ဘေးအန္တရာယ်ရှိသောရေနံနှင့်ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်မရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းကိုဖြစ်စေ ဤဥပဒေပါသတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ပါး တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်၊ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် တာဝန်ခံမှုမရှိဘဲ ဆောင်ရွက်ခွင့်မရှိစေရန် စသည့်တားမြစ်ချက်များအား လိုက်နာဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၃၁ အရ)

## (၃၀) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ချထားပေးသော မြေဧရိယာနှင့်စပ်လျဉ်း၍ ဇဟိုကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးပါမည်။ (ဥပဒေ ပုဒ်မ ၂၅ အရ)

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၁၆ အရ)

## (၃၁) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)

စီမံကိန်းပိုင်ရှင်သည်-

(က) ပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ -

(က) စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့် ခံနိုင်ရည်ရှိမှုတို့အတွက် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ခ) တာဝန်ထမ်းဆောင်မည့်သူများကို သက်ဆိုင်ရာ ပြည်ပသင်တန်းများ (သို့မဟုတ်) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဖွင့်လှစ်သော ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်မှု သင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများသို့ တက်ရောက်စေရမည်။

(ခ) ပုဒ်မ ၁၆ အရ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် ညွှန်ကြားချက်များကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများက တိကျစွာလိုက်နာစေရန် လည်းဆောင်ရွက်ရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် လိုအပ်သော လုံခြုံရေးကိရိယာများ လုံလောက်စွာ ထားရှိရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား ကိုယ်ခန္ဓာကာကွယ်ရေး ကိရိယာနှင့် ဝတ်စုံများကို အခမဲ့ထုတ်ပေးရမည်။

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား လုပ်ငန်းခွင်လုံခြုံရေးကိရိယာ၊ ကိုယ်ခန္ဓာကာကွယ်ရေး ကိရိယာနှင့် ဝတ်စုံများကို စနစ်တကျသုံးစွဲတတ်စေရန် သင်တန်းပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် လိုအပ်သလိုညွှန်ကြားခြင်းများပြုရမည်။

(င) လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကို လည်းကောင်း၊ ဘေးအန္တရာယ်ထိခိုက်နိုင်မှု ရှိ၊ မရှိနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန် ထမ်းဆောင်မည့်သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ယင်းလုပ်ငန်းတွင် လုပ်ကိုင်ရန် ကျန်းမာရေးနှင့်ညီညွတ်ကြောင်း ထောက်ခံချက်ရရှိမှသာ တာဝန် ထမ်းဆောင်ခွင့်ပြုရမည်။ ယင်းတို့၏ ကျန်းမာရေးစစ်ဆေးချက်မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိရမည်။

(ဆ) အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို သိုလှောင်ခွင့်ရရှိပါက ခွင့်ပြုသည့် အကြောင်းကြားစာမိတ္တူကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ရမည်။

(ဇ) မီးဘေးအန္တရာယ် ဖြစ်စေတတ်သည့် ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ် သည့် ပစ္စည်းများကိုအသုံးပြု၍ မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းလုပ်ကိုင် ပါက သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ လမ်းညွှန်သဘောတူညီချက် ကြိုတင် ရယူရမည်။

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းတွင် သယ်ယူပို့ဆောင် သည့်အခါ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသော ပမာဏကိုသာ သယ်ဆောင်ရမည်။

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို လိုင်စင်ပါ နေရာဒေသတစ်ခုခုမှ အခြားနေရာဒေသ တစ်ခုခုသို့ပြောင်းလဲပြီး သယ်ယူပို့ဆောင်ရန်ရှိပါက ဗဟို ကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက်ရယူရမည်။

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းမရှိစေရန် ပတ်ဝန်းကျင်နှင့် သက်ဆိုင်သော ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ လူနှင့်တိရစ္ဆာန်တို့ကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်

လည်းကောင်း ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ပါက လျော်ကြေးပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အာမခံထားရှိပါမည်။ (ဥပဒေပုဒ်မ ၁၇ အရ)

(ဂ) မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန် သော အမိန့်နှင့်ညွှန်ကြားချက်များကိုလည်း လိုက်နာပါမည်။ (ဥပဒေပုဒ်မ ၂၂ အရ)

(ဃ) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်မပါရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများကို အသုံးပြုရန်ရှိပါက မှတ်ပုံတင်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားပါမည်။ (ဥပဒေပုဒ်မ ၂၃ အရ)

(င) လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာအန္တရာယ်ကို ထိန်းချုပ်ကာကွယ်ရန်နှင့် လျော့ပါးစေရန် သတ်မှတ်ချက်များအား လိုက်နာ ဆောင်ရွက်ပါမည်။ (ဥပဒေပုဒ်မ ၂၇ အရ)

## (၃၂) ပို့ကုန်သွင်းကုန်ဥပဒေ (၂၀၁၂)

စီမံကိန်းပိုင်ရှင်သည်-

(က) ခွင့်ပြုချက်ရယူရန်သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်း မရှိဘဲ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းများ မပြုလုပ်ပါ။ (ဥပဒေပုဒ်မ ၆ အရ)

(ခ) ခွင့်ပြုချက်ရရှိပါက ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မပြုလုပ်ပါ။ (ဥပဒေပုဒ်မ ၇ အရ)

## (၃၃) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ

စီမံကိန်းပိုင်ရှင်သည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုလုပ်ငန်းနှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းအသီးသီးတွင် ထုတ်လုပ်မှုတိုးတက်စေရန်၊ စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ခေတ်မီနည်းပညာများရရှိစေရန်နှင့် စက်မှု လုပ်ငန်းမှထုတ်လုပ်သော ကုန်ချောပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင်လည်း အခြေချစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက် ပေါ်ပေါက်စေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းစေသော နည်းပညာအသုံးပြုမှုကို ရှောင်ရှား စေရန် သို့မဟုတ် လျှော့ချစေရန်၊ စွမ်းအင်ကို အသက်သာဆုံးသောနည်းဖြင့် အသုံးပြု စေရန်အချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်။

**(၃၄) လယ်ယာမြေဥပဒေ (၂၀၁၂) ပုဒ်မ ၃၀ (ခ)**

စီမံကိန်းပိုင်ရှင်သည် လယ်ယာမြေဥပဒေ (၂၀၁၂) ပုဒ်မ ၃၀ (ခ) အများပြည်သူ အကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေ မှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ရယူဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**(၃၅) Underground Water Act** ပုဒ်မ ၃ ၊ ၆

စီမံကိန်းပိုင်ရှင်သည် အောက်ဖော်ပြပါ Underground Water Act ပုဒ်မ ၃ နှင့် ၆ တို့နှင့်အညီ လိုအပ်သည့် ခွင့်ပြုချက်များရယူ၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်သွားပါမည်-

(က) အက်ဥပဒေပုဒ်မ ၃

No person shall sink a tube for the purpose of obtaining underground water except under and in accordance with the terms of a licence granted by the water officer.

Every person owning a tube which was in existence before the extension of this Act to the local area concerned shall apply to the water officer for a licence for the said tube, and such licence shall be granted free of charge.

(ခ) အက်ဥပဒေပုဒ်မ 6

The President of the Union may make rules 1-

(a) prescribing the conditions subject to which licences may be granted by the water officer under section 3;

(b) prescribing the form of and the procedure for granting such licences and the fees payable for the issue thereof;

(c) prescribing the information to be supplied to the water officer under section 5.

**(၃၆) အလုပ်ရုံအက်ဥပဒေ (၁၉၅၁)**

စီမံကိန်းပိုင်ရှင်သည် အလုပ်ရုံအက်ဥပဒေ (၁၉၅၁) နှင့်အညီ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလင်းရောင်ရရှိရေးနှင့် လေဝင်လေထွက် ကောင်းမွန်စေရေး၊ စက်ကိရိယာအကာအရံထားရှိခြင်းများ၊ မီးလောင်လျှင်ဆောင်ရွက်ရမည့် စီမံချက်များ စသည်တို့အား အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

**(၃၇) ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈)**

စီမံကိန်းပိုင်ရှင်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) နှင့် အညီ စည်ပင်သာယာရေးဆိုင်ရာ အခွန်အရပ်ရပ်အား ပေးဆောင်ခြင်း၊ နိုင်ငံတကာ မြို့တော်ကြီးများကဲ့သို့ သန့်ရှင်း၊ သာယာ၊ လှပ၍ နေချင်စဖွယ်မြို့တော်ကြီး ဖြစ်လာအောင် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ခြင်း၊ နေ့စဉ်ထွက်ရှိသည့် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း စသည့်အချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

**(၃၈) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈) နှင့် သက်ဆိုင်ရာ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ**

စီမံကိန်းပိုင်ရှင်သည် အောက်ဖော်ပြပါ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈) နှင့် ဟိုတယ် နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် စသည်တို့အား လိုက်နာပါမည်-

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈)**

၂၀၁၈ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၂၆ ဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ ပါ ပြဋ္ဌာန်း ချက်များအား လိုက်နာပါမည်။

**မြန်မာနိုင်ငံခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ကုန်သွယ်ရေးဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာအမှတ် ၃၆/၉၀ ဖြင့် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံခရီးသွားလာရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား လိုက်နာပါမည်။

**ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၂/၂၀၁၉ ဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်သည့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့် အား လိုက်နာပါမည်။

**ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင် ခွင့်ပြုချက်လျှောက်ထားခြင်းဆိုင်ရာအမိန့်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၁၉ ဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ဆောက်လုပ် ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း ဆိုင်ရာ အမိန့်အား လိုက်နာပါမည်။

**ဟိုတယ်လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၃/၂၀၁၉ ဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဟိုတယ်လုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့် အား လိုက်နာပါမည်။

စီမံကိန်းပိုင်ရှင်အနေဖြင့် လုပ်ငန်းနှင့်ပတ်သက်၍ အထက်ပါသက်ဆိုင်ရာကဏ္ဍများ အလိုက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ စသည့်ပြဋ္ဌာန်း သတ်မှတ်ချက်များအပါအဝင် အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်၊ ဒေသ ဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များအားလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွား ပါမည်။

## ၄.၂. ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လျော့ချရေးဆိုင်ရာကိစ္စများအတွက် လိုက်နာဆောင်ရွက် မည့် စံချိန်စံညွှန်းများ

စီမံကိန်းဆောင်ရွက်သူ အနေဖြင့် စီမံကိန်းမှ ထုတ်လွှတ်စွန့်ပစ်မှုအမျိုးမျိုးနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအား လိုက်နာ သွားမည်ဖြစ်ပါသည်။ အဆိုပါ လမ်းညွှန်ချက်၏ အပိုဒ် ၂.၆.၄ ပါ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း (Tourism and Hospitality Development) ပါ အောက်ဖော်ပြပါ စွန့်ထုတ်အရည် အညီဖြစ်စေရန် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်–

### ၄.၂.၁. စွန့်ထုတ်အရည်

**စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)**

| Parameter | Unit | Guideline Value |
|---|---|---|
| 5-day Biochemical oxygen demand | mg/l | 50 |
| Chemical oxygen demand | mg/l | 250 |
| Oil and grease | mg/l | 10 |
| pH | S.U.[a] | 6-9 |
| Total coliform bacteria | 100 ml | 400 |
| Total nitrogen | mg/l | 10 |
| Total phosphorus | mg/l | 2 |
| Total suspended solids | mg/l | 50 |

[a] Standard unit

### ၄.၂.၂. ဆူညံသံ (Noise)

စီမံကိန်းအနေဖြင့် လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း အောက်ဖော်ပြပါ ဆူညံမှုအဆင့်များအား ကျော်လွန်ခြင်းမရှိစေရန် ဆောင်ရွက်သွားပါမည်။

| Receptor | One Hour LAeq (dBA) | |
|---|---|---|
| | Daytime 07:00-22:00 (10:00-22:00 for Public holidays) | Nightime 22:00-07:00 (22:00 -10:00 for Public Holidays) |
| Residential, institutional, educational | 55 | 45 |
| Industrial, commercial | 70 | 70 |

### ၄.၂.၃. အနံ့ (Odor)

စီမံကိန်းလုပ်ငန်းများသည် ထွက်ရှိသော စုစည်းနှင့် ပျံ့လွင့် (Point and Diffuse) အနံ့ကို ပတ်ဝန်းကျင်ရှိလူများ လက်မခံနိုင်သည့် ဆိုးရွားသောအနံ့များ မရှိထွက်စေရန် ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ စီမံကိန်းဧရိယာအနားရှိ နေရာများတွင် အနံ့ယူနစ် ၏ ၅ မှ ၁၀ ကို ကျော်လွန်ခြင်း မရှိစေရန် ဆောင်ရွက်သွားပါမည်။

## ၄.၃. ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ

စီမံကိန်းလုပ်ငန်းအနေဖြင့် စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှု-စီးပွားတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများ သက်ရောက်ခြင်း မရှိ (သို့) လျော့နည်းစေရန်အတွက် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ နှင့်အညီ လိုက်နာအကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

## ၄.၄. အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ

စီမံကိန်းလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအပြင် အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များအားလည်း ဖောက်ဖျက်ခြင်းမရှိစေဘဲ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်-

**ဇယား ၄-၁ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ**

| အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ | လက်မှတ်ရေးထိုးသည့်နေ့ | အတည်ပြုသည့်နေ့ | အဖွဲ့ဝင်ဖြစ်သည့်နေ့ | ကက်ဘိနက်အတည်ပြုနေ့ |
|---|---|---|---|---|
| United Nations Framework Convention on Climate Change, New York, 1992 (UNFCCC) | 11-6-1992 | 25-11-1994 (Ratification) | | 41/94 9-11-1994 |
| Vienna Convention for the Protection of the Ozone Layer, Vienna, 1985 | | 24-11-1993 (Ratification) | 22-9-1994 | 46/93 |

| အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘော တူညီချက်များ | လက်မှတ်ရေး ထိုးသည့်နေ့ | အတည်ပြု သည့်နေ့ | အဖွဲ့ဝင် ဖြစ်သည့်နေ့ | ကက်ဘိနက် အတည်ပြုနေ့ |
|---|---|---|---|---|
| Montreal Protocol on Substances that Deplete the Ozone Layer, Montreal, 1987 | | 24-11-1993 (Ratification) | 22-9-1994 | 46/93 |
| London Amendment to the Montreal Protocol on Substances that Deplete the Ozone Layer, London, 1990 | | 24-11-1993 (Ratification) | 22-9-1994 | 46/93 |
| ASEAN Agreement on Transboundary Haze Pollution | 10-6-2002 | 13-3-2003 (Ratification) | | 7/2003 (27-2-2003) |

# အခန်း (၅)၊ စီမံကိန်းအကြောင်းအရာဖော်ပြချက်နှင့် အခြားနည်းရွေးချယ်ခြင်း

## ၅.၁. စီမံကိန်းအကြောင်းအရာ

The Rangoon Hotel စီမံကိန်းဆိုင်ရာ အချက်အလက်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**ဇယား ၅-၁ စီမံကိန်းဆိုင်ရာအချက်အလက်များ**

| | | |
|---|---|---|
| စီမံကိန်းဆောင်ရွက်သူ | - | ဦးထက်လင်းအောင်<br>(၁၂/ကမရ (နိုင်)၀၆၃၃၀၆) |
| စီမံကိန်းအမည် | - | The Rangoon Hotel စီမံကိန်း |
| စီမံကိန်းအမျိုးအစား | - | ဟိုတယ်လုပ်ငန်း |
| စီမံကိန်းတည်နေရာ | - | အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကျယ်အဝန်း | - | မြေအကျယ် (၀.၀၅၇) ဧက |
| အခန်းအရေအတွက် | - | (၁၄) ထပ် ၊ အခန်း (၅၅) ခန်း |
| တာဝန်ခံ/ဆက်သွယ်ရန်ပုဂ္ဂိုလ်/လိပ်စာ | - | ဒေါ်အေးအေးစိုး<br>ဖုန်း - ၀၉၂၅၁၀၂၃၈၃၈<br>အီးမေးလ် - aayesoe152@gmail.com<br>အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

## ၅.၂. ရရှိမည့်အကျိုးကျေးဇူး


စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ ဟိုတယ်လုပ်ငန်းလိုအပ်ချက်အား အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေနှင့် အခွန်ဘဏ္ဍာငွေများ ရရှိခြင်း၊ ဟိုတယ်လုပ်ငန်းဆိုင်ရာ အလုပ်အကိုင်နေရာများဖန်တီးပေးနိုင်ခြင်း နှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြင့်မား

လာစေခြင်း၊ CSR လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအား တစ်ဖက်တစ်လမ်းမှ အကူအညီပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

## ၅.၃. စီမံကိန်းတည်နေရာ၊ စီမံကိန်းနေရာတစ်ခုလုံးကို ခြုံငုံဖော်ပြသည့်မြေပုံ နှင့် လုပ်ငန်းခွင်အလိုက် နေရာချထားမှုမြေပုံများ

စီမံကိန်းသည် အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ကိုဩဒိနိတ် (16°46'38.82"N, 96° 8'15.73"E) ၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
|  |  |
| စီမံကိန်းရှေ့ရှိ အနော်ရထာလမ်းမ | စီမံကိန်းဘေးရှိ (၁) လမ်း |
|  |  |
| စီမံကိန်းရှိ မော်တော်ယာဉ် ရပ်နားရန်နေရာ | စီမံကိန်းရှိ မော်တော်ယာဉ် ရပ်နားရန်နေရာ |




**စီမံကိန်း (★ )တည်နေရာပြမြေပုံ**





**စီမံကိန်းတည်နေရာပြမြေပုံ (16°46'38.82"N, 96° 8'15.73"E)**

အခန်း (၅၅) ခန်းပါ ဟိုတယ်စီမံကိန်းအား မြေအကျယ် (၀.၀၅၇) ဧကပေါ်တွင် (၁၄) ထပ် အဆောက်အဦ (၁) လုံး၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆောက်အဦအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**အဆောက်အဦအရေအတွက် နှင့် အမျိုးအစား**

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | (၄၈.၈ ပေx၄၉.၁၀ ပေ) အကျယ်ရှိ RC (၁၄) ထပ် အဆောက်အဦ | (၁) လုံး |




**ပုံ ၅-၁ ဟိုတယ်အဆောက်အဦအား တွေ့မြင်ရပုံ**

စီမံကိန်း၌ ဓါတ်လှေကား (၂) စီး၊ အရေးပေါ်ထွက်ပေါက်တို့အား ထည့်သွင်း တည်ဆောက်ထားပြီး၊ အထပ်အလိုက် နေရာချထားမှုအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဇယား ၅-၂ နေရာချထားမှုအခြေအနေ**

| စဉ် | အလွှာ | ပါဝင်သည့်အရာ |
|---|---|---|
| ၁ | Ground Floor | ကား (၉) စီးစာ ပါကင်နေရာ၊ ရေသိုလှောင်ကန်၊ အမှိုက်ကန်၊ မီးသတ်ရေမော်တာ |
| ၂ | Level 1 | ဧည့်ကြိုကောင်တာ၊ ဧည့်ကြိုခန်းမ |
| ၃ | Level 2 | စားဖိုဆောင်၊ စားသောက်ခန်းမ |
| ၄ | Level 3 | စတိုခန်း နှင့် ရုံးခန်းများ |
| ၅ | Level 4-14 | ဟိုတယ်ခန်းများ (တစ်ထပ်လျှင် အခန်း ၅ ခန်း ပါဝင်ပါသည်) |

| | |
|---|---|
|  |  |
| **ဧည့်ကြိုကောင်တာ** | **စီမံကိန်းအရှေ့ဘက်မြင်ကွင်း** |
|  |  |
| **စားသောက်ခန်းမ** | **စားဖိုဆောင်** |

| | |
|---|---|
|  |  |
| ချက်ပြုတ်ရန်နေရာ | CCTV များ တပ်ဆင်ထားမှု |
|  |  |
| ဟိုတယ်အိပ်ခန်း | သန့်စင်ခန်း |
|  |  |
| မီးသတ်ပိုက်ဆောင်ရွက်ထားမှု | မီးသတ်ပိုက်ဆောင်ရွက်ထားမှု |




မီးသတိပေးစနစ်ဆောင်ရွက်ထားမှု




မီးသတိပေးစနစ်ဆောင်ရွက်ထားမှု



မီးသတ်ဆေးဘူးများ အသင့်ထားရှိခြင်း




ဓါတ်လှေခါး (၂) စင်း




အရေးပေါ်ထွက်ပေါက်





အရေးပေါ်မီးတပ်ဆင်ထားခြင်း





ပုံ ၅-၂ Ground Floor နေရာချထားမှုပုံစံ





ပုံ ၅-၃ Level 1 **နေရာချထားမှုပုံစံ**




ပုံ ၅-၄ Level 2 **နေရာချထားမှုပုံစံ**




ပုံ ၅-၅ Level 3 **နေရာချထားမှုပုံစံ**




**Level 4-14 ဟိုတယ်အခန်းများ နေရာချထားမှုပုံစံ**

## ၅.၄. စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေး အချိန်ဇယား

စီမံကိန်းအား ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုချက်များ ရယူ၍ စတင်ဆောက်လုပ်ခဲ့ပြီး၊ ၂၀၂၂ ခုနှစ်နိုဝင်ဘာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးပြီးဖြစ်ပါသည်။ ဟိုတယ်ဆောက်လုပ်ပြီးစီးပြီးဖြစ်၍ လိုအပ်သည့် ခွင့်ပြုချက်/လိုင်စင်တို့ရယူ၍ ဟိုတယ်လုပ်ငန်းစတင်လည်ပတ်ရန် ဆောင်ရွက်လျက်ရှိပြီး၊ သက်ဆိုင်ရာ ဌာနများ၏ ခွင့်ပြုချက်၊လိုင်စင်များအား ပုံမှန်သက်တမ်းတိုး၍ နှစ်စဉ်သက်တမ်းတိုး၍ ရေရှည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းလည်ပတ်မည့်အချိန်အား ယေဘုယျအားဖြင့် နှစ်ပေါင်း (၃၀) ခန့် ဆောင်ရွက်ရန် လျာထားပြီး၊ စီမံကိန်းဖျက်သိမ်းမည့်ကာလအား (၆) လအတွင်း ပြဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ**

| ကာလ | ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ | ၂၀၂၂ ခုနှစ်မှ ၂၀၅၀ ခုနှစ်ထိ | (၆) လ |
|---|---|---|---|
| တည်ဆောက်ရေးကာလ | ■ | | |
| လည်ပတ်ရေးကာလ | | ■ | |
| ဖျက်သိမ်းရေးကာလ | | | ■ |

## ၅.၅. စီမံကိန်းလုပ်ငန်းအဆင့်တစ်ခုချင်းစီအလိုက် ရွေးချယ်ထားသော အခြားဆောင်ရွက်နိုင်သော နည်းလမ်းများ

စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရန်နေရာရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ လည်ပတ်ခြင်း၊ ဖျက်သိမ်းခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော နည်းလမ်းများနှင့် အခြားဆောင်ရွက်နိုင်သော နည်းလမ်းများအား အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

| လုပ်ဆောင်ချက် | ရွေးချယ်ထားသည့်နည်းလမ်း | အခြားဆောင်ရွက်နိုင်သော နည်းလမ်း |
|---|---|---|
| နေရာရွေးချယ်ခြင်း | ခရီးသွားများအတွက် ဟိုတယ်လုပ်ငန်းလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်အတွက် သွားလာရေး | သွားလာရေး လွယ်ကူသည့် အခြား နေရာများအား ရွေးချယ်ခြင်း |

| | | |
|---|---|---|
| | လွယ်ကူ၍ အခြေခံအဆောက် အဦများ ရှိပြီးဖြစ်သည့် လက်ရှိ နေရာအား ရွေးချယ်ထား ပါသည်။ | |
| စီမံကိန်းတည်ဆောက်ခြင်း | သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ အရည်အသွေးမြင့် ပစ္စည်းကိရိယာများဖြင့် ကာလ တိုအတွင်း တည်ဆောက်ခြင်း နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမြင်များဖြင့် ဆောင်ရွက်ခြင်း | သတ်မှတ်ချက်များနှင့် မညီ ညွတ်ဘဲ၊ ကာလသတ်မှတ်ချက် မရှိ တည်ဆောက်ခြင်း နှင့် ပတ်ဝန်းကျင်အား လျစ်လျူရှု ဆောင်ရွက်ခြင်း |
| စီမံကိန်းလည်ပတ်ခြင်း | ပတ်ဝန်းကျင် နှင့် လူမှုစီးပွား ရေးရှည် ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများဖြင့် ဆောင်ရွက် ခြင်း | ပတ်ဝန်းကျင်နှင့်လူမှုစီးပွားအား လျစ်လျူရှု ဆောင်ရွက်ခြင်း |
| စီမံကိန်းဖျက်သိမ်းခြင်း | သတ်မှတ်ထားသည့် နည်းလမ်း များ၊ ဥပဒေများနှင့် အညီ ပွင့်လင်းမြင်သာစွာ ဖျက်သိမ်း ခြင်း | သတ်မှတ်ချက်များ၊ ဥပဒေ များ နှင့်မညီညွတ်ဘဲ ရုတ်တရက် ဖျက်သိမ်းခြင်း |

စီမံကိန်းဆောင်ရွက်မည့်နေရာ၌ ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ရာတွင် အောက်ဖော် ပြပါ အားသာချက်၊ အားနည်းချက်များအား ထည့်သွင်း စဉ်းစား၍ ရွေးချယ်ခဲ့ပါသည် -

| **အားသာချက်** | **အားနည်းချက်** |
|---|---|
| • လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း အခြေခံအဆောက်အဦများရှိပြီးဖြစ်ခြင်း<br>• ဟိုတယ်လုပ်ငန်းလိုအပ်ချက်ရှိခြင်း | • မြို့တွင်းဖြစ်၍ လမ်းပိတ်ဆို့မှုများ ရှိနိုင်ခြင်း<br>• မြေဧရိယာနည်းပါးခြင်း |

## ၅.၆. စက်ပစ္စည်းကိရိယာစာရင်း

စီမံကိန်း၌ ရုံးအဖွဲ့သုံးစွဲရန် ကွန်ပြူတာ၊ ပရင်တာ ရုံးသုံးပစ္စည်းကိရိယာများထားရှိပြီး၊ ဟိုတယ်အခန်းများတွင် ရေခဲသေတ္တာ၊ လေအေးပေးစက်များ တပ်ဆင်ထားရှိပါသည်။ ရုံးသုံးပစ္စည်းစာရင်းနှင့် တပ်ဆင်ထားသည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာရင်းအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား ၅-၃ ရုံးသုံးပစ္စည်းကိရိယာစာရင်း**

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | ကွန်ပြူတာ | (၁၅) လုံး |
| ၂ | ပရင်တာ | (၄) လုံး |
| ၃ | မိတ္တူကူးစက် | (၂) လုံး |
| ၄ | Scanner | (၂) လုံး |
| ၅ | ဖက်စ် | (၁) လုံး |
| ၆ | ရုံးသုံးစားပွဲ | (၁၀) စုံ |
| ၇ | အစည်းအဝေးစားပွဲ | (၂) စုံ |
| ၈ | ကုလားထိုင် | (၃၀) လုံး |
| ၉ | ကြိုးဖုန်း | (၇) လုံး |

**ဇယား ၅-၄ ရေခဲသေတ္တာ၊ လေအေးပေးစက် စာရင်း**

| No. | Type | | Gas Type | HP | Quantity |
|---|---|---|---|---|---|
| 1 | Indoor | VRF, 4 Way Casette | R410 | 1.5 | 6 |
| 2 | Indoor | VRF, Wall Mounted | R410 | 1.5 | 59 |
| 3 | Indoor | Ceiling Suspended Inverter | R410 | 3 | 1 |
| 4 | Indoor | Wall Mounted Inverter | R410 | 2 | 2 |
| 5 | Indoor | TCL Air Conditioner | R410 | 1 | 3 |
| 6 | Outdoor | VRF, Outdoor | R410 | 8 | 1 |
| 7 | Outdoor | VRF, Outdoor | R410 | 10 | 12 |
| 8 | - | Refrigerator | - | - | 55 |

## ၅.၇. လုပ်သားအရေအတွက်၊ အဆိုင်းနှင့် အလုပ်ချိန်

စီမံကိန်းတွင် လက်ရှိ ဝန်ထမ်းဦးရေ (၃၀) ဦးခန့်ရှိပြီး၊ စီမံကိန်းလည်ပတ်ချိန်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ခန့်အပ်သွားပါမည်။ စီမံကိန်းအတွက် လိုအပ်မည့် အလုပ်အကိုင်နေရာများအတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းပေးအပ်ခြင်းများဆောင်ရွက်၍ အရည်အချင်းပြည့်မီသည့် ဒေသခံများအား ဦးစားပေး ခန့်အပ်သွားမည် ဖြစ်ပါသည်။ အလုပ်ချိန်အား တစ်နေ့ (၈) နာရီခန့် နေ့ဆိုင်း၊ ညဆိုင်းများခွဲ၍ လုပ်ကိုင်စေမည်ဖြစ်ပြီး၊ လုပ်ခ၊ လစာနှင့် အချိန်ပိုကြေးများအား အလုပ်သမားဥပဒေနှင့်အညီ ပေးအပ်သွားမည်ဖြစ်ပါသည်။

## ၅.၈. စီမံကိန်းမှဆောင်ရွက်မည့်ကိစ္စရပ်များ

ဟိုတယ်စီမံကိန်းဖြစ်သည်နှင့်အညီ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ တည်းခိုနေထိုင်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။

## ၅.၉. နှစ်စဉ်ရေလိုအပ်ချက်နှင့် ရေရရှိမှုအရင်းအမြစ်


စီမံကိန်းလည်ပတ်ရန် လစဉ်လိုအပ်မည့် ပျမ်းမျှရေအလိုအပ်ချက်ပမာဏအား YCDC ၏ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုတာဝန်ခံအဖွဲ့မှ အောက်ဖော်ပြပါစာဖြင့် စစ်ဆေးခဲ့ကြောင်း တွေ့ရှိရပြီး၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံချက်အရ နှစ်စဉ်ရေလိုအပ်ချက်နှင့် ရေရရှိမှုများအား အောက်ပါအတိုင်းဖြစ်ကြောင်း ကောက်နုတ်ဖော်ပြအပ်ပါသည်-

(၁) ခန့်မှန်းလူဦးရေ (၁၅၀) ဦး နှင့် တစ်နေ့ရေ လိုအပ်ချက်မှာ ဂါလန် (၆,၀၀၀) ဖြစ်ကြောင်း၊

(၂) အဆောက်အဦရှေ့မြေကျန်တွင် (၄) လက်မ မြေအောက်ရေတွင်း (၂) တွင်း တူးဖော်သုံးစွဲလျက်ရှိကြောင်း၊

(၃) Ground Floor Level (1) ရှိ မြေအောက်ရေသိုလှောင်ကန် ၂ ကန် (၉,၀၀၀ ဂါလံ + ၁,၂၀၀ ဂါလံ) ၌ လည်းကောင်း၊ Ground Floor Level (2) ရှိ (၉၃၈၀) ဂါလံဆံ့ Treated Water Tank ၌လည်းကောင်း၊ (၄၀၀၀) ဂါလံဆံ့ Overhead Tank ၌လည်းကောင်း၊ Roof Floor ရှိ မီးငြိမ်းသတ်ရန် (၄၀၀၀) ဂါလံဆံ့ Overhead

Tank ၌လည်းကောင်း၊ Water Treatment Plant အား Ground Floor Level (1) အပေါ်၌လည်းကောင်း ထားရှိကြောင်းတွေ့ရှိရသဖြင့် ရေလုံလောက်စွာ သိုလှောင်ထားနိုင်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့
စာအမှတ်၊ ၂၂၇၇/ ၀၁ / ၃၄၀ / စည်ပင်-ရဆ
ရက် စွဲ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်

သို့
ဦးမျိုးဦး
မြေရှင်

အကြောင်းအရာ။ **ရေနှင့်သန့်ရှင်းမှုဆိုင်ရာခွင့်ပြုမိန့်များလျှောက်ထားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ (၁) ဦးမျိုးဦး(မြေရှင်)၏ ၂၃-၄-၂၀၁၉ ရက်စွဲပါစာ
(၂) ဦးမျိုးဦး(မြေရှင်)၏ ၅-၉-၂၀၁၉ ရက်စွဲပါစာ

၁။ လမ်းမတော်မြို့နယ် (၁)ရပ်ကွက် အနော်ရထာလမ်းနှင့် (၁)လမ်းထောင့် အမှတ်(၃၃၁/ ၃၃၃)ရှိ (၁၄)ထပ်အဆောက်အဦ၏ ရေနှင့်သန့်ရှင်းမှုဆိုင်ရာခွင့်ပြုမိန့်များ ခွင့်ပြုပေးပါရန် ဦးသန့်စိုး (မြေရှင်)မှ ရည်ညွှန်း(၁)ပါစာဖြင့် တင်ပြလာပါသည်။

၂။ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁၀-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၆၁/ ၂၆၂/ စည်ပင်-ယာ(အုံ)ဖြင့် အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်ရရှိထားပြီး ရေနှင့်သန့်ရှင်းမှုဆိုင်ရာ Drawing များအား အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့(CQHP)၏ ၂၁-၉-၂၀၁၅ရက်စွဲပါစာအမှတ်၊ O-၆၄၄/ CQHP/ ၂၀၁၅ ဖြင့် စစ်ဆေး အတည်ပြုထားပြီးဖြစ်ပါသည်။

၃။ CQHP မှ အတည်ပြုထားသော Drawing အား စိစစ်ချက်အရ အောက်ပါအချက်များကို တွေ့ရှိရပါသည်-

(က) ခန့်မှန်းလူဦးရေ(၁၅၀)ဦးနှင့် တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန်(၆၀၀၀) ဖြစ်ပါသည်။

(ခ) အဆောက်အဦရှေ့မြေကျန်တွင် Tube Well (၂)တွင်းမှရေကို ရယူ သုံးစွဲမည်ဟုဖော်ပြထားပါသည်။

(ဂ) ဂါလန်(၉၀၀၀)ဆံ့၊ ဂါလန်(၁၂၀၀)ဆံ့ Ground Tank ကို Ground Floor Level (1)အောက်တွင်လည်းကောင်း၊ ဂါလန်(၉၃၈၀)ဆံ့ Treated Water Tank ကို Ground Floor Level (2)တွင်လည်းကောင်း၊ ဂါလန်(၄၀၀၀) ဆံ့ Overhead Tank နှင့် မီးငြိမ်းသတ်ရန် ဂါလန်(၄၀၀၀)ဆံ့ Overhead Tank တို့ကို Roof Floor တွင် လည်းကောင်း၊ Water Treatment Plant အား Ground Floor Level (1)အပေါ်တွင်လည်းကောင်း တည်ဆောက်မည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ပုံ ၅-၆ ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုတာဝန်ခံအဖွဲ့၏စာ**

(ဃ ) Ground Floor (-2') Level ၌ ဂျပန်နိုင်ငံမှထုတ်လုပ်သည့် 15 $m^3$/day သန့်စင်နိုင်သည့် Kubota အမှတ်တံဆိပ် မိလ္လာသန့်စင်စက်(၂)လုံးအား တည်ဆောက်မည်ဖြစ်ကြောင်း Plan ပုံတွင် တင်ပြထားသော်လည်း Schematic Diagram တွင် 20 $m^3$/day သန့်စင်နိုင်သည့် Kubota အမှတ်တံဆိပ် မိလ္လာသန့်စင်စက်(၂)လုံးအား တည်ဆောက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၄။ ၃-၅-၂၀၁၉ ရက်နေ့တွင် ဤလုပ်ငန်းတာဝန်ခံအဖွဲ့မှ ကွင်းဆင်းစစ်ဆေးချက်အရ အောက်ပါအချက်များကို တွေ့ရှိရပါသည်-

(က) ခန့်မှန်းလူဦးရေ(၁၅၀)ဦးနှင့် တစ်နေ့ရေလိုအပ်ချက်မှာ ဂါလန်(၆၀၀၀) ဖြစ်ခြင်း၊

(ခ ) အဆောက်အဦရှေ့မြေကျန်တွင် 4"Ø Tube Well (၂)တွင်းတူးဖော်သုံးစွဲလျှက်ရှိခြင်း၊


(ဂ ) ဂါလန်(၉၀၀၀)ဆံ့၊ ဂါလန်(၁၂၀၀)ဆံ့ Ground Tank ကို Ground Floor Level (1)အောက်တွင်လည်းကောင်း၊ ဂါလန်(၉၃၈၀)ဆံ့ Treated Water Tank ကို Ground Floor Level (2)တွင်လည်းကောင်း၊ ဂါလန်(၄၀၀၀) ဆံ့ Overhead Tank နှင့် မီးငြိမ်းသတ်ရန် ဂါလန်(၄၀၀၀)ဆံ့ Overhead Tank တို့ကို Roof Floor တွင်လည်းကောင်း၊ Water Treatment Plant အား Ground Floor Level (1) အပေါ်တွင်လည်းကောင်းတည်ဆောက်ထားပြီးဖြစ်ကြောင်းတွေ့ရှိရသဖြင့် ရေလုံလောက်စွာ သိုလှောင်ထားနိုင်မှုရှိခြင်း၊

(ဃ ) Ground Floor (-2') Level ၌ ဂျပန်နိုင်ငံမှထုတ်လုပ်သည့် 15 $m^3$/day သန့်စင်နိုင်သည့် Kubota အမှတ်တံဆိပ် မိလ္လာသန့်စင်စက်(၁)လုံးအား တည်ဆောက်ထားပြီးဖြစ်ကြောင်း တွေ့ရှိရခြင်း။

၅။ အဆိုပါအဆောက်အဦနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးချိန်တွင် ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့မှ မြေပြင်တွင် ဆောင်ရွက်ထားရှိမှုများအတိုင်း Revised Drawing များ ပြင်ဆင်လျှောက်ထားရန် ညွှန်ကြားခဲ့ပါသဖြင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်သော တွက်ချက်မှုများနှင့် Revised Drawing များအား ဦးမျိုးဦးမှ ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြလာပါသည်။

၆။ စိစစ်ချက်အရ တည်ဆောက်ထားသည့် မိလ္လာသန့်စင်စက်မှာ Soil Waste အတွက်သာဖြစ်၍ ကျန် Waste များအတွက် Ground Floor Level (1) အပေါ်၌ FRB Wastewater Treatment Plant အား တည်ဆောက်မည်ဖြစ်ပြီး Kitchen Sink များတွင် Grease Trap ခံပြီး ၎င်းမှတစ်ဆင့် Wastewater Treatment Plant ထဲသို့ စွန့်ပစ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုတာဝန်ခံအဖွဲ့၏စာ**



၇။ သို့ဖြစ်ပါ၍ Wastewater Treatment စနစ် ပြောင်းလဲသွားမှုအား မြေပြင်တွင် တည်ဆောက်ထားသည့်အတိုင်း CQHPမှပြန်လည်စိစစ်အတည်ပြုချက်ရယူပြီး ဤလုပ်ငန်းတာဝန်ခံအဖွဲ့သို့ ပြန်လည်လျှောက်ထားရန်လိုအပ်ကြောင်း အကြောင်းကြားပါသည်။

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

အတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကော်မတီဝင်(၁၁)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဥက္ကဋ္ဌ၊ အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့

မျှောစာတွဲ

ရုံးလက်ခံ

**ရေစီးရေလာနှင့်ရေဆိုးစီမံခန့်ခွဲမှုတာဝန်ခံအဖွဲ့၏စာ**

## ၅.၁၀. စွမ်းအင်လိုအပ်ချက်နှင့် သုံးစွဲမှုပမာဏ

စီမံကိန်းလည်ပတ်ရန်အတွက် လိုအပ်မည့် လျှပ်စစ်ဓါတ်အားအတွက် လျှပ်စစ်ဓါတ်အား ပေးရေးကော်ပိုရေးရှင်း၏ ခွင့်ပြုချက်နှင့်အညီ ၄၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တပ်ဆင်

ထားရှိပါသည်။ လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုမဖြစ်စေရန် စီမံကိန်း၌ ဒီဇယ်ဆီသုံး ၂၀၀ ကေဗွီအေ အသံလုံမီးစက် (၂) လုံး အသင့်ထားရှိမည်ဖြစ်ပြီး၊ လိုအပ်မည့် ဒီဇယ်ဆီအား နီးစပ်ရာ စက်သုံးဆီ ဆိုင်မှ မှာယူ၍ မီးစက်ပါ ဆီသိုလှောင်ကန်၌ အသင့်ဖြည့်တင်းထားရှိပါမည်။



လျှပ်စစ်ပုံစံ (၂၄၃)
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
ဓာတ်အားခတောင်းခံလွှာ
Oct-2021
11-11-2021 15:47:56
Lanmadaw
ဦးမျိုးဦး(Frist Hotel)
အမှတ်-၃၃၁/၃၃၃
အနော်ရထာလမ်းနှင့် (၁)လမ်းထောင့်
369-016283

| | |
|---|---|
| ငွေစာရင်းအမှတ် | IND/04/15 |
| မီတာအမှတ် | YCA-000664 |
| ငွေတောင်းခံလွှာ | 00016383 |
| နှုန်းထား | 4014 |
| မီတာဖတ်သည့်နေ့ | 05-11-2021 |
| ယခင်လဖတ်ချက် | 335.58 |
| ယခုလဖတ်ချက် | 335.58 |
| ကွာခြားယူနစ် | 0 |
| မြှောက်ကိန်း | 120 |
| ပေါင်းခြင်း | 10% |
| သုံးစွဲယူနစ် | 0 |
| မြင်းကောင်ရေ | 429 |

ဓာတ်အားခတွက်ချက်မှုပုံစံ
မြှောက်ကိန်း/ပေါင်းခြင်း တွက်ချက်မှု
0 X 120 + 10 % = 0
ယူနစ်အလွှာ တွက်ချက်မှု
125 x 0 = 0
Total 0 = 0

နောက်ဆုံးပေးဆောင်ရန်ရက်စွဲ 14-12-2021 နေ့
မဆောင်ပါက ဓာတ်အားဖြတ်ပါမည်။

| | |
|---|---|
| ဓာတ်အားခ | 0 Ks |
| မီတာဝန်ဆောင်ခ | 5,000 Ks |
| မြင်းကောင်ရေခ | 85,800 Ks |
| ဓာတ်အားခစုစုပေါင်း | 90,800 Ks |
| ကြွေးကျန်ငွေ | 635,600 Ks |
| ကြိုတင်ငွေ | 0 Ks |
| ကျသင့်ငွေစုစုပေါင်း | 726,400 Ks |

| | |
|---|---|
| စာရင်းညှိ (ယခင်လ) | 0 Ks |
| ပေးသွင်းရန်ငွေစုစုပေါင်း | 90,800 Ks |
| ကြွေးကျန်အပါစုစုပေါင်း | 726,400 Ks |

မြို့နယ်လျှပ်စစ်ရုံးသို့တိုင်ကြားနိုင်သောဖုန်းနံပါတ်များ
01-222466 09456880122 09977275722

ပုံ ၅-၇ ဓါတ်အားခ ပေးသွင်းမှုမှတ်တမ်း

## ၅.၁၁. စွန့်ပစ်ပစ္စည်းထွက်ရှိမှု (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့) စီမံခန့်ခွဲမှု အကျဉ်းချုပ်

စီမံကိန်းမှ ထွက်ရှိနိုင်မည့် စွန့်ပစ်ပစ္စည်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| ဆောင်ရွက်ချက် | စွန့်ပစ်ပစ္စည်းထွက်ရှိမှု | ဆောင်ရွက်မည့် လုပ်ငန်းစဉ် |
|---|---|---|
| ဝန်ထမ်းများ၊ တည်းခိုသူများ နေထိုင်ခြင်း | • သုံးစွဲပြီးစွန့်ပစ်ရေများ<br>• အထွေထွေစွန့်ပစ်ပစ္စည်းများ | • Kubota မိလ္လာရေဆိုးသန့်စင်စက်၊ Grease Trap များ၊ Waste Water Treatment Plant များ၌ သန့်စင်စစ်ထုတ်ပြီးနောက် စွန့်ပစ်ခြင်း<br>• YCDC နှင့် ဆက်သွယ် စွန့်ပစ်ခြင်း |
| ဟိုတယ်၏ရုံးလုပ်ငန်း လည်ပတ်ခြင်း | • လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများ<br>• အထွေထွေစွန့်ပစ်ပစ္စည်းများ | • YCDC နှင့် ဆက်သွယ် စွန့်ပစ်ခြင်း<br>• လိုအပ်သူများထံ ပြန်လည် ရောင်းချခြင်း (ဥပမာ- အိတ်ခွံ၊ ပီပါ၊ ပုံးခွံ စသည်) |

| | | |
|---|---|---|
| လောင်စာစွမ်းအင်သုံး စက်များ မောင်းနှင်ခြင်း | • ဖုန်နှင့်အမှုန်အမွှားများ<br>• လောင်စာလောင်ကျွမ်း ပြီးနောက် စွန့်ထုတ်ဓာတ်ငွေ့ များ | • ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း |

## ၅.၁၂. အဓိကစွန့်ထုတ်အခိုးအငွေ့၊ အမှုန်အမျိုးအစားနှင့် စီမံခန့်ခွဲမှုစနစ်


ဟိုတယ်စီမံကိန်းဖြစ်သဖြင့် စွန့်ထုတ်အခိုးအငွေ့နှင့် အမှုန်ထွက်ရှိမှု နည်းပါးသော်လည်း လောင်စာစွမ်းအင်သုံး စက်ပစ္စည်းများမှ စွန့်ထုတ် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်နှင့် အခြားအမှုန်အမွှားများ ထွက်ရှိနိုင်ခြင်းတို့ကြောင့် ထွက်ရှိမှုနည်းပါးစေရန် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ သုံးစွဲမှုနှင့် ယာဉ်အသွားအလာ တတ်နိုင်သမျှလျှော့ချခြင်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




**မီးခိုးခေါင်းတိုင်ဆောင်ရွက်ထားမှု**

## ၅.၁၃. စွန့်ပစ်ရေထွက်ရှိမှုပမာဏ နှင့် စီမံခန့်ခွဲမှုစနစ်

စွန့်ပစ်ရေအနေဖြင့် ခန့်မှန်းလူဦးရေ (၁၅၀) ဦး မှ တစ်နေ့စွန့်ပစ်ရေ ဂါလန် (၆,၀၀၀) ခန့်ဖြစ်ပါသည်။ စီမံကိန်းမှ ထွက်ရှိသည့် မိလ္လာရေများအား 15m$^3$/day သန့်စင်နိုင်သည့် Kubota တံဆိပ် မိလ္လာရေဆိုးသန့်စင်စက်ဖြင့် သန့်စင်၍လည်းကောင်း၊ Kitchen Sink များမှ ထွက်ရှိရေများအား Grease Trap များ၌ စစ်ထုတ်ပြီးနောက်လည်းကောင်း၊ ကျန်ရေများအား Waste Water Treatment Plant ဖြင့်လည်းကောင်း သန့်စင်ပြီးနောက်လည်းကောင်း စွန့်ပစ်သွားမည်ဖြစ်ပါသည်။




ပုံ ၅-၈ တပ်ဆင်ထားသည့် Kubota အမှတ်တံဆိပ် မိလ္လာရေဆိုးသန့်စင်စက်ဆိုင်ရာ အချက်အလက်များ




**တပ်ဆင်ထားသည့် Kubota အမှတ်တံဆိပ် မိလ္လာရေဆိုးသန့်စင်စက်ဆိုင်ရာ အချက်အလက်များ**

# Wa Minn Co., Ltd

Establishment - 1996

Project – The 1st Street Hotel

– U Kyu Family Construction Co.,Ltd

Given data

No. of Users – 150

Waste Water Volume Estimation

- PE = 150
- 1PE = 180Lpcd
- Water Consumption = 150 x 180Lpcd
  = $27m^3$/day
- Soil only waste = 30% of Water Consumption
- Waste Water Volume = $8.1m^3$/day (Soil only)
- **Installed Sewage Treatment Plant – Kubota Johkasou – K-HC-T-1BS-15 $m^3$/day**

BOD Load Estimation

- Waste Water Volume = 8.1 $m^3$/day
- Use BOD = 250mg/L
- Influent BOD Loading = 250 x 8.1
  = 2.0 kg/day
- **Installed STP capacity – K-HC-T-1BS (15 $m^3$/day)**
- Influent BOD = 50~450mg/L
- BOD Loading Capacity = 2 kg/day
- Calculated Influent BOD = (2kg/day)/($15m^3$/day)
  = 133mg/L
- Effluent BOD = 20 mg/L

WM KUBOTA Engineering

Kubota THE PINNACLE OF WATER TREATMENT TECHNOLOGY

116, Thamine Station Road, 2 Quarter, Mayangone Township, Yangon, Myanmar.
Tel : (+951) 9660772, 9660412, 9661139 Fax : (951)9660412, 9660772
E-mail : admin@waminn.com Website : waminn.com

**တပ်ဆင်ထားသည့် Kubota အမှတ်တံဆိပ် မိလ္လာရေဆိုးသန့်စင်စက်ဆိုင်ရာ အချက်အလက်များ**

**(b) Waste water treatment unit**

Process: Sedimentation followed by Chlorination.

Design data:

No. o f users =150

90% of waste water discharge =(40-12) =28 gpcd

= 28 x 0.9 =25.2 gpcd

= 113.4 lpcd

For 150 Users ,Total Discharges is;

=113.4 x 150 =17010 lit/day

=17.01 $m^3$/day

=0.708 $m^3$/h

=0.0118 $m^3$/min

The Sedimentation Tank design-as

Primary Sedimentation System

Detection time =2.0 hr

-Surface loading rate =(1.2 -2.5) $m^3/m^2$ h

-Flow through velocity =(0.6-3.6)m /min

-Weir loading =(125-500) $m^3$/m-d

**Note:**

Reference : Wastewater Treatment Concepts and Design Approach (page -137)

G.L.Karia , R.A.Christian (Second Edition 2012)

All Design references are made w.r.t the given reference.

Volume of Sedimentation Tank w.r.t

2.0 hrs detention time;

=0.708 $m^3$/ x 2.0 hrs =1.416 $m^3$

The dimension of sedimentation tank

Depth =1.0m

Width =0.9 m

Length =1.8 m

Volume provided =1.0 x 0.9 x 1.8 =1.62 $m^3$ > Required volume of 1.416 $m^3$

MYANMAR ENGINEERING PE-0212 ELECTRICAL MYO KYAW PROFESSIONAL ENGINEER BS Valid up to Dec.2020

**ပုံ ၅-၉ Waste Water Treatment Plant ဆိုင်ရာ အချက်အလက်များ**

**Check:**

(i) Check Surface Loading Rate(SLR)

$$\frac{\text{Flow}}{\text{Surface Area}} = \frac{\text{(Use Max Flow)}}{\text{(W x L)}}, \quad \text{Max Flow} = 3.0 \times 0.708\ m^3/h = 2.124\ m^3/h$$

$$= \frac{(3.0 \times \text{Average Flow})}{(W \times L)}$$

$$SLR = \frac{(3.0 \times 0.708)}{(0.9 \times 1.8)}$$

$$= 1.31\ m^3/m^2h \quad < \quad \text{Range};(1.2\text{-}2.5)\ m^3/m^2h$$

(ii) Flow Through Rate:

$$\frac{\text{Flow at Max Flow}}{\text{Cross Sectional area of tank}} = \frac{0.0118\ m^3/m \times 3.0}{(1.0 \times 0.9)\ (D \times W)}$$

$= 0.04$ m/min < Range (0.6-3.6) m/min

(iii) Weir Loading Rate (WLR)

$$= \frac{\text{Peak/Max Flow Rate}}{\text{Length Of discharge Weir}} = \frac{(17.01 \times 3.0)\ m^3/d}{0.9\ m}$$

$= 56.7\ m^3/d$ Range (125-500) $m^3/m\ d$

**The dimension of Sedimentation Tank**

Depth =(1.0)m +0.2m F/B =1.2 m (4 ft)

Width = 0.9 m (3 ft)

Length =1.8 m

(iv) **Chlorination Unit**

Contact Line between chlorine solution and waste water =30 minutes

Using Peak/Max Flow:

Chlorine Tank Capacity =0.708 x 0.5 = 0.354 $m^3$

Use the dimension of chlorination unit:


| | |
|---|---|
| Depth | =0.75 m (2ft .6in) |
| Width | = 0.90 m (3f .0 in) |
| Length | = 0.9 m (3f .0 in) |

Volume provided =0.75 x 0.9 x 0.9 =0.61 $m^3$

MYANMAR ENGINEERING COUNCIL
PE-0267
CIVIL
SAW CHRISTOPHER
PROFESSIONAL ENGINEER
WATER SUPPLY & SANITATION
Valid up to Dec.2020

MYANMAR ENGINEERING COUNCIL
PE-0212
ELECTRICAL
MYO KYAW
PROFESSIONAL ENGINEER
BS
Valid up to Dec.2020

**Waste Water Treatment Plant ဆိုင်ရာ အချက်အလက်များ**




## Waste Water Treatment Plant ဆိုင်ရာ အချက်အလက်များ

| | |
|---|---|
|  |  |
| ဘောစင်၌ Grease Trap တပ်ဆင်ထားမှု | မိလ္လာရေဆိုးသန့်စင်စက် တပ်ဆင်ထားမှု |

|  |  |
| --- | --- |
| **Waste Water Treatment Plant**<br>**တပ်ဆင်ထားမှု** | **Waste Water Treatment Plant**<br>**တပ်ဆင်ထားမှု** |

## ၅.၁၄. ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် ထွက်ရှိမှုပမာဏနှင့်စီမံခန့်ခွဲမှု စနစ်

စီမံကိန်းသည် ဟိုတယ်စီမံကိန်းတစ်ခုဖြစ်သဖြင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်းမရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၅.၁၅. စီးဆင်းရေ နှင့် ရေနုတ်မြောင်းစနစ်အခြေအနေ

စီမံကိန်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများအား ဆောင်ရွက်ထားပါသည်။





**ပုံ ၅-၁၀ ရေနုတ်မြောင်းများအား မြောင်းဖုံးနှင့်တကွ ဆောင်ရွက်ထားခြင်း**

# အခန်း (၆)၊ စီမံကိန်းအနီးပတ်ဝန်းကျင်အကြောင်းရှင်းလင်းဖော်ပြခြင်း

## ၆.၁. လေ့လာမှုဆိုင်ရာ ကန့်သတ်ချက်များ သတ်မှတ်ခြင်း

The Rangoon Hotel စီမံကိန်းအား အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းတည်ရှိရာ လမ်းမတော်မြို့နယ်သည် ရန်ကုန်မြို့ Downtown (၆) မြို့နယ်၌ ပါဝင်သည့် မြို့နယ်တစ်ခုဖြစ်ပါသည်။

ဟိုတယ်စီမံကိန်းတစ်ခု ဖြစ်သဖြင့် လေ့လာရန်အတွက် ကန့်သတ်ချက်များ သတ်မှတ်ရာတွင် စီမံကိန်းအနီးပတ်ဝန်းကျင်၊ လူမှု စီးပွား၊ ယဉ်ကျေးမှု၊ မြင်ကွင်းဆိုင်ရာ သက်ရောက်နိုင်မှု အခြေအနေများအပေါ် မူတည်၍ စီမံကိန်းဧရိယာအတွင်း/ကပ်လျက်ပတ်ဝန်းကျင်နှင့် စီမံကိန်းတည်ရှိရာမြို့နယ်တို့၏ လူမှုစီးပွား၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုတို့အား လေ့လာဆောင်ရွက်ထားပါသည်။ စီမံကိန်းအနီး ပတ်ဝန်းကျင် လေ့လာမှုများအား သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များနှင့် မြေပြင်ကွင်းဆင်းလေ့လာတွေ့ရှိမှုများ စသည်တို့အပေါ် အခြေခံ၍ ဆောင်ရွက်ထားပါသည်။




**ပုံ ၆-၁ စီမံကိန်းဧရိယာနှင့် အနီးပတ်ဝန်းကျင်နေရာများပြမြေပုံ**

## ၆.၂. စီမံကိန်းအနီးပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ

စီမံကိန်းသည် အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၌ တည်ရှိပြီး၊ မြောက်ဘက်တွင် အနော်ရထာလမ်းခြားလျက် မြေကွက်လွတ်၊ အနောက်ဘက်တွင် (၁) လမ်းခြားလျက် မြေကွက်လွတ်၊ အရှေ့ဘက် နှင့် တောင်ဘက်တို့တွင် လူနေအိမ်တို့ တည်ရှိပါသည်။




ပုံ ၆-၂ **စီမံကိန်းနှင့်ကပ်လျက်နေရာများအား တွေ့မြင်ရပုံ**


## ၆.၃. စီမံကိန်းတည်ရှိရာဒေသ၏ ဒေသဆိုင်ရာအချက်အလက်များ

စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လမ်းမတော်မြို့နယ်အတွင်း၌ တည်ရှိပါသည်။ ၁၈၃၆ ခုနှစ်ခန့် သာယာဝတီမင်းလက်ထက်တွင် ရွှေတိဂုံဘုရားကုန်းတော်သို့ ဝင်ပေါက် (၃) ပေါက်ရှိသည့်အနက် တောင်ဘက်ဝင်ပေါက် တံခါးနှင့် တည့်တည့်လမ်းအား လမ်းမတော်လမ်းဟု ခေါ်ဆိုခြင်းအား အခြေပြု၍ လမ်းမတော်မြို့နယ်ဟု စတင်တည်ထောင်ခဲ့ပါသည်။ (ဒေသဆိုင်ရာ အချက်အလက်များပါ အချက်များအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ http://www.gad.gov.mm/my/content/ရန်ကုန်အနောက်ပိုင်းခရိုင်၊-လမ်းမတော်မြို့နယ်၏-ဒေသဆိုင်ရာအချက်အလက် မှ ကိုးကားရယူထားခြင်း ဖြစ်ပါသည်။)

## ၆.၃.၁. ရူပပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအချက်များ

### ၆.၃.၁.၁. တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင် နှင့် ရေဆင်း

လမ်းမတော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၆ မိနစ်နှင့် ၉၆ ဒီဂရီ ၁၆ မိနစ် အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၀ ဒီဂရီ ၀၀ မိနစ်နှင့် ၀၈ ဒီဂရီ ၃၅ မိနစ်အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက် ၁.၇မိုင် နှင့် တောင်မှမြောက် ၀.၈၈ မိုင် ရှည်လျားပြီး၊ ၀.၆၁၄ မိုင် ကျယ်ဝန်းပါသည်။ အရှေ့ဘက်တွင် လသာမြို့နယ် နှင့် ဗိုလ်တထောင်မြို့နယ်၊ အနောက်ဘက်တွင် အလုံမြို့နယ်၊ တောင်ဘက်တွင် ဆိပ်ကမ်းမြို့နယ်၊ မြောက်ဘက်တွင် ဒဂုံမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေပြီး၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀ တွင် တည်ရှိပါသည်။ မြေမျက်နှာသွင်ပြင် ညီညာပြန့်ပြူး၍ ရေဆင်းမှာ ကျုံးကြီးမြောင်း (ကျုံးကြီး) မှတစ်ဆင့် ရန်ကုန်မြစ်အတွင်းသို့ စီးဆင်းပါသည်။



### ၆.၃.၁.၂. ရာသီဥတုနှင့် သဘာဝဘေး

မြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် (၄၂) ဒီဂရီစင်တီဂရိတ် နှင့် အနိမ့်ဆုံးအပူချိန် (၁၂) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့သည့် မိုးရေချိန်နှင့်အပူချိန်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ ဒီဂရီစင်တီဂရိတ် | ဆောင်းရာသီ ဒီဂရီစင်တီဂရိတ် |
| | | | | အမြင့်ဆုံး (°C) | အနိမ့်ဆုံး(°C) |
| ၁ | ၂၀၁၇ | ၁၃၆ | ၁၂၈.၄၆ | ၄၂ | ၁၈ |
| ၂ | ၂၀၁၈ | ၁၂၈ | ၁၁၀.၀၇ | ၄၂ | ၁၈ |
| ၃ | ၂၀၁၉ | ၁၀၇ | ၁၀၄.၀၉ | ၄၂.၂ | ၁၂.၅ |
| ၄ | ၂၀၂၀ | ၁၃၀ | ၁၂၂.၄၂ | ၄၂.၂ | ၁၂.၅ |


၂၀၁၉ ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၁ ဇန်နဝါရီလအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်မှု အခြေအနေများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ဖြစ်ပွား ကြိမ် | သေ/ပျောက် ဦးရေ | အဆောက်အဦ ပျက်စီးမှု | ဆုံးရှုံးမှု တန်ဖိုး (ကျပ်) |
|---|---|---|---|---|---|
| ၁ | မုန်တိုင်းဘေး | - | - | - | - |
| ၂ | လေဘေး | - | - | - | - |
| ၃ | မိုးကြိုးဘေး | - | - | - | - |
| ၄ | မီးဘေး | - | - | - | - |
| | **ပေါင်း** | **-** | - | - | - |

### ၆.၃.၁.၃. လေထုအရည်အသွေး

စီမံကိန်းဒေသ၏ ပတ်ဝန်းကျင်လေထုအရည်အသွေးအား www.accuweather.com ၌ (၁၂-၁၀-၂၀၂၁) ရက်နေ့၌ တိုင်းတာဖော်ပြထားချက်အရ လေထုအရည်အသွေးမှာလည်း အသင့်အတင့် ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

CURRENT AIR QUALITY




**Fair**

The air quality is generally acceptable for most individuals. However, sensitive groups may experience minor to moderate symptoms from long-term exposure.

Based on Current Pollutants

Learn more at plume labs

| | | |
|---|---|---|
| $PM_{2.5}$ Fair | **Fine Particulate Matter** are inhalable pollutant particles with a diameter less than 2.5 micrometers that can enter the lungs and bloodstream, resulting in serious health issues. The most severe... more | 23 12 µg/m³ |
| $PM_{10}$ Excellent | **Particulate Matter** are inhalable pollutant particles with a diameter less than 10 micrometers. Particles that are larger than 2.5 micrometers can be deposited in airways, resulting in health... more | 19 19 µg/m³ |
| $O_3$ Excellent | Ground-level **Ozone** can aggravate existing respiratory diseases and also lead to throat irritation, headaches, and chest pain. | 16 40 µg/m³ |
| CO Excellent | Carbon Monoxide is a colorless and odorless gas and when inhaled at high levels can cause headache, nausea, dizziness, and vomiting. Repeated long-term exposure can lead to heart disease | 5 913 µg/m³ |
| $SO_2$ Excellent | Exposure to Sulfur Dioxide can lead to throat and eye irritation and aggravate asthma as well as chronic bronchitis. | 4 4 µg/m³ |
| $NO_2$ Excellent | Breathing in high levels of **Nitrogen Dioxide** increases the risk of respiratory problems. Coughing and difficulty breathing are common and more serious health issues such as respiratory infections can occur with longer exposure. | 2 3 µg/m³ |

**www.accuweather.com ၌ တိုင်းတာဖော်ပြထားချက် (၁၂-၁၀-၂၀၂၁ ရက်နေ့)**

**နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် ($NO_2$)။** နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် ($NO_2$) သည် လောင်စာများ လောင်ကျွမ်းခြင်းမှ ထွက်ရှိသည့်ဓာတ်ငွေ့တစ်မျိုးဖြစ်ပြီး၊ ရှူသွင်းမိပါက အဆုတ်ရောဂါ ဖြစ်ပွား စေနိုင်ပါသည်။

**ဆာလ်ဖာဒိုင်အောက်ဆိုဒ်($SO_2$)။** ဆာလ်ဖာဒိုင်အောက်ဆိုဒ် ($SO_2$) သည် အရောင်မရှိသော်လည်း အနံ့စူးရှသည့် ဓာတ်ငွေ့တစ်မျိုးဖြစ်ပါသည်။ လောင်စာစွမ်းအင်သုံးစက်များမှ အဓိကထွက်ရှိပြီး၊ အသက်ရှု လမ်းကြောင်းဆိုင်ရာရောဂါများ၊ လည်ချောင်းယားယံမှုဖြစ်ပွားစေနိုင်ပါသည်။

**ကာဗွန်မိုနောက်ဆိုဒ်(CO)။** ကာဗွန်မိုနောက်ဆိုဒ်သည် ကာဗွန်ဓာတ်ပါသည့် လောင်စာများ အပြည့်အဝလောင်ကျွမ်းရာမှ ထွက်ရှိသည့် ဓာတ်ငွေ့ဖြစ်ပြီး၊ အရောင်၊ အနံ့၊ အရသာမရှိပါ။ အဓိကအားဖြင့် အလွန်ပူလောင်သည့်နေရာများမှ ထွက်ရှိလေ့ရှိပြီး၊ ရှူရှိုက်မိပါက ခေါင်းမူး ခေါင်းကိုက်ခြင်း၊ မောပန်း၍ အသက်ရှူမမှန်ခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာဗွန်ဒိုင်အောက်ဆိုဒ်($CO_2$)။** ကာဗွန်ဒိုင်အောက်ဆိုဒ်သည် လောင်စာလောင်ကျွမ်းရာမှ အောက်ဆီဂျင်/ကာဗွန်မိုနောက်ဆိုဒ်တို့နှင့်ဓာတ်ပြုပြီးနောက် ထွက်ရှိသည့် ဓာတ်ငွေ့တစ်မျိုး ဖြစ်ပါသည်။ အဓိကအားဖြင့် လောင်စာသုံး စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်များ မှ ထွက်ရှိပြီး၊ လူသားများရှူသွင်းမိပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ၊ အဆုတ်ဆိုင်ရာရောဂါများ ကိုယ်လက် မအီမသာဖြစ်ခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။

စီမံကိန်းအတွင်းရှိလေထုအရည်အသွေးအား သိရှိနိုင်ရန်အတွက် ၁၂-၁၀-၂၀၂၁ ရက်နေ့ ၁၀၀၀ နာရီချိန်ခန့် ၁၄၀၀ နာရီခန့်အတွင်း Ground Floor Level (2) ၊ Reception Area တို့၌ Air Quality Detector ဖြင့် PM 10, PM 2.5, PM1.0, HCHO, TVOC, Temperature, Humidity တို့အား တိုင်းတာခဲ့ပြီး တိုင်းတာမှုပျမ်းမျှရလဒ်များအရ WHO လမ်းညွှန်ချက်များ အတွင်း ရှိကြောင်း အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

ပုံ ၆-၃ **စီမံကိန်းအတွင်းရှိလေထုအရည်အသွေးတိုင်းတာမှုရလဒ်**

| **အမျိုးအမည်** | Temperature | Humidity | PM10 | PM2.5 | PM1.0 | HCHO | TVOC |
|---|---|---|---|---|---|---|---|
| **ရလဒ်** | 31°C | 82% | 003 | 005 | 005 | 0.000 | 0.000 |



**Air Quality Detector ဖြင့်တိုင်းတာခြင်း မှတ်တမ်းဓါတ်ပုံ**

### ၆.၃.၁.၄. မြေအောက်ရေ အရည်အသွေးနှင့် စွန့်ပစ်ရေအရည်အသွေး

ပတ်ဝန်းကျင်ရေအရည်အသွေးအား သိရှိနိုင်ရန်အတွက် မြေပြင်ကွင်းဆင်း၍ မြေအောက်ရေနမူနာရယူခြင်းအား ၁၂-၁၀-၂၀၂၁ ရက်နေ့ ၁၄၀၀ နာရီချိန်ခန့်တွင် (GPS Point: 16°46'38.51"N, 96° 8'15.70"E) မှ ရယူ၍ ISO Tech ဓာတ်ခွဲခန်းသို့ ပို့ဆောင်စမ်းသပ်ခဲ့ပါသည်။ စမ်းသပ်ချက် ရလဒ်များအရ မြေအောက်ရေနမူနာရလဒ်များသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) မှ သတ်မှတ်သည့်သောက်သုံးရေ လမ်းညွှန်ချက်များ (Drinking Water Guidelines) အတွင်းရှိကြောင်း အောက်ပါအတိုင်းနှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

**ဇယား ၆-၁ မြေအောက်ရေနမူနာ ဓါတ်ခွဲစမ်းသပ်ချက်ရလဒ် အား WHO လမ်းညွှန်ချက်ဖြင့် နှိုင်းယှဉ်ဖော်ပြချက်**

| စဉ် | အမျိုးအမည် | WHO Drinking Water Guideline | ရေနမူနာ ရလဒ် | မှတ်ချက် |
|---|---|---|---|---|
| ၁. | pH | 6.5- 8.5 | 7.6 | သတ်မှတ်ချက်အတွင်း |
| ၂. | Colour (True) | 15 TCU | Nil | သတ်မှတ်ချက်အတွင်း |
| ၃. | Turbidity | 5 NTU | 2 | သတ်မှတ်ချက်အတွင်း |
| ၄. | Total Hardness(as $CaCO_3$) | 500 mg/l | 66 | သတ်မှတ်ချက်အတွင်း |
| ၅. | Iron | 0.3 mg/l | 0.20 | သတ်မှတ်ချက်အတွင်း |
| ၆. | Chloride (as Cl) | 250 mg/l | 4 | သတ်မှတ်ချက်အတွင်း |
| ၇. | Sulphate ($SO_4$) (as SO4) | 500 mg/l | 10 | သတ်မှတ်ချက်အတွင်း |

| | | | | |
|---|---|---|---|---|
| ၈. | Total Solids | 1500 mg/l | 112 | သတ်မှတ်ချက်အတွင်း |
| ၉. | Total Suspended Solids | - | 3 | – |
| ၁၀. | Total Dissolved Solids | 1000 mg/l | 109 | သတ်မှတ်ချက်အတွင်း |
| ၁၁. | Manganese | 0.05 mg/l | Nil | သတ်မှတ်ချက်အတွင်း |
| ၁၂. | Salinity | - | 0.1 ppt | - |

ISO TECH LABORATORY

ISO 9001:2015 Cert. No. 688600

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd). Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 1 of 1

W1021 220

**WATER QUALITY TEST RESULTS FORM**

Client: Yangon Hotel
Nature of Water: Ground Water
Location: Lanmadaw Township
Date and Time of collection: 12.10.2021 (12:35 PM)
Date and Time of arrival at Laboratory: 12.10.2021
Date and Time of commencing examination: 13.10.2021
Date and Time of completing: 15.10.2021

**Results of Water Analysis** — **WHO Drinking Water Guideline (Geneva - 1993)**

| | | | |
|---|---|---|---|
| pH | 7.6 | | 6.5 - 8.5 |
| Colour (True) | Nil | TCU | 15 TCU |
| Turbidity | 2 | NTU | 5 NTU |
| Conductivity | | micro S/cm | |
| Total Hardness | 66 | mg/l as $CaCO_3$ | 500 mg/l as $CaCO_3$ |
| Calcium Hardness | | mg/l as $CaCO_3$ | |
| Magnesium Hardness | | mg/l as $CaCO_3$ | |
| Total Alkalinity | | mg/l as $CaCO_3$ | |
| Phenolphthalein Alkalinity | | mg/l as $CaCO_3$ | |
| Carbonate ($CaCO_3$) | | mg/l as $CaCO_3$ | |
| Bicarbonate ($HCO_3$) | | mg/l as $CaCO_3$ | |
| Iron | 0.20 | mg/l | 0.3 mg/l |
| Chloride (as CL) | 4 | mg/l | 250 mg/l |
| Sodium Chloride (as NaCL) | | mg/l | |
| Sulphate (as $SO_4$) | 10 | mg/l | 500 mg/l |
| Total Solids | 112 | mg/l | 1500 mg/l |
| Total Suspended Solids | 3 | mg/l | |
| Total Dissolved Solids | 109 | mg/l | 1000 mg/l |
| Manganese | Nil | mg/l | 0.05 mg/l |
| Phosphate | | mg/l | |
| Phenolphthalein Acidity | | mg/l | |
| Methyl Orange Acidity | | mg/l | |
| Salinity | 0.1 | ppt | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature:
Name: Zaw Hein Oo
B.Sc (Chemistry)
Sr.Chemist
ISO TECH Laboratory

**Approved by**
Signature:
Name: Thinzar Theint Theint
B.E(Civil)
Assistant Technical Officer
ISO TECH Laboratory

(a division of WEG Co.,Ltd.)

No.18. Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-73225175, 09-30339681, 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

**မြေအောက်ရေ ဓာတ်ခွဲစမ်းသပ်ချက်ရလဒ်**

စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ရေအရည်အသွေးအား သိရှိနိုင်ရန်အတွက် စွန့်ပစ်ရေနမူနာရယူခြင်းအား ၁၂-၁၀-၂၀၂၁ ရက်နေ့ ၁၄၃၀ နာရီချိန်ခန့်တွင် (GPS Point: 16°46'38.33"N, 96° 8'15.75"E) မှ ရယူ၍ ISO Tech ဓာတ်ခွဲခန်းသို့ ပို့ဆောင်စမ်းသပ်ခဲ့ပါသည်။ စမ်းသပ်ချက်ရလဒ်များအရ စွန့်ပစ်ရေနမူနာရလဒ်များသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (National Environmental Quality (Emission) Guidelines-NEQEG) အတွင်းရှိကြောင်း အောက်ပါအတိုင်းနှိုင်းယှဉ်ဖော်ပြအပ် ပါသည်-

**စွန့်ပစ်ရေဓာတ်ခွဲစမ်းသပ်ချက်အဖြေ**

| Parameter | Unit | EQEG Guideline Value | စီမံကိန်းမှ စွန့်ပစ်ရေ | မှတ်ချက် |
|---|---|---|---|---|
| pH | S.U.[C] | 6-9 | 7.4 | သတ်မှတ်ချက်အတွင်း |
| Total Solid | mg/l | - | 220 | - |
| Salinity | mg/l | - | 0.1 | - |
| Dissolved Oxygen (DO) | mg/l | - | 6.2 | - |
| Chemical Oxygen Demand (COD) | mg/l | 250 | 64 | သတ်မှတ်ချက်အတွင်း |
| 5-day Biochemical oxygen demand | mg/l | 50 | 24 | သတ်မှတ်ချက်အတွင်း |

ISO TECH LABORATORY

ISO-TECH LABORATORY

ISO 9001:2015 Cert. No. 688600

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd). Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 2 of 2

WW1021 010

## WATER QUALITY TEST RESULTS FORM

Client: Yangon Hotel
Nature of Water: Wastewater (Outlet)
Location: Lanmadaw Township
Date and Time of collection: 12.10.2021 (12:50 PM)
Date and Time of arrival at Laboratory: 12.10.2021
Date and Time of commencing examination: 13.10.2021
Date and Time of completing: 18.10.2021

**Results of Water Analysis**

| | | | |
|---|---|---|---|
| Temperature (°C) | | °C | |
| Fluoride (F) | | mg/l | |
| Lead (as Pb) | | mg/l | |
| Arsenic (As) | | mg/l | |
| Nitrate ($N.NO_3$) | | mg/l | |
| Chlorine (Residual) | | mg/l | |
| Ammonia Nitrogen ($NH_3$) | | mg/l | |
| Ammonium Nitrogen ($NH_4$) | | mg/l | |
| Dissolved Oxygen (DO) | 6.2 | mg/l | |
| Chemical Oxygen Demand (COD) | 64 | mg/l | |
| Biochemical Oxygen Demand (BOD) (5 days at 20 °C) | 24 | mg/l | |
| Cyanide (CN) | | mg/l | |
| Zinc (Zn) | | mg/l | |
| Copper (Cu) | | mg/l | |
| Silica ($SiO_2$) | | mg/l | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Hein
Name: Zaw Hein Oo
B.Sc (Chemistry)
Sr.Chemist
ISO TECH Laboratory

**Approved by**
Signature:
Name: Thinzar Theint Theint
B.E(Civil)
Assistant Technical Officer
ISO TECH Laboratory

(a division of WEG Co.,Ltd.)

No.18. Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-73225175, 09-30339681, 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

ပုံ ၆-၄ စွန့်ပစ်ရေဓါတ်ခွဲစမ်းသပ်ချက်အဖြေ

ISO TECH LABORATORY

ISO 9001:2015 Cert. No. 688600

Laboratory Technical Consultant: U Saw Christopher Maung
B.Sc Engg: (Civil), Dip S.E(Delft) Lecturer of YIT (Retd). Consultant (Y.C.D.C), LWSE 001.
Former Member (UNICEF, Water quality monitoring & Surveillance Myanmar)

WTL-RE-001
Issue Date - 01-12-2012
Effective Date - 01-12-2012
Issue No - 1.0/Page 1 of 2

WW1021 010

## WATER QUALITY TEST RESULTS FORM

Client: Yangon Hotel
Nature of Water: Wastewater (Outlet)
Location: Lanmadaw Township
Date and Time of collection: 12.10.2021 (12:50 PM)
Date and Time of arrival at Laboratory: 12.10.2021
Date and Time of commencing examination: 13.10.2021
Date and Time of completing: 18.10.2021

### Results of Water Analysis

| | | |
|---|---|---|
| pH | 7.4 | |
| Colour (True) | TCU | |
| Turbidity | NTU | |
| Conductivity | micro S/cm | |
| Total Hardness | mg/l as $CaCO_3$ | |
| Calcium Hardness | mg/l as $CaCO_3$ | |
| Magnesium Hardness | mg/l as $CaCO_3$ | |
| Total Alkalinity | mg/l as $CaCO_3$ | |
| Phenolphthalein Alkalinity | mg/l as $CaCO_3$ | |
| Carbonate ($CaCO_3$) | mg/l as $CaCO_3$ | |
| Bicarbonate ($HCO_3$) | mg/l as $CaCO_3$ | |
| Iron | mg/l | |
| Chloride (as CL) | mg/l | |
| Sodium Chloride (as NaCL) | mg/l | |
| Sulphate (as $SO_4$) | mg/l | |
| Total Solids | 202 mg/l | |
| Total Suspended Solids | mg/l | |
| Total Dissolved Solids | mg/l | |
| Manganese | mg/l | |
| Phosphate | mg/l | |
| Phenolphthalein Acidity | mg/l | |
| Methyl Orange Acidity | mg/l | |
| Salinity | 0.1 ppt | |

**Remark: This certificate is issued only for the receipt of the test sample.**

**Tested by**
Signature: Zaw Hein Oo
Name: B.Sc (Chemistry)
Sr.Chemist
ISO TECH Laboratory

**Approved by**
Signature: Thinzar Theint Theint
Name: B.E(Civil)
Assistant Technical Officer
ISO TECH Laboratory

(a division of WEG Co.,Ltd.)

No.18. Lanthit Road, Nanthargone Quarter, Insein Township, Yangon, Myanmar.
Ph: 01-640955, 09-73225175, 09-30339681, 01-644506, E-mail: isotechlaboratory@gmail.com, Website: weg-myanmar.com

စွန့်ပစ်ရေဓါတ်ခွဲစမ်းသပ်ချက်အဖြေ

## ၆.၃.၁.၅. အသံဆူညံမှု

စီမံကိန်းမှာ ဟိုတယ်စီမံကိန်းဖြစ်ပြီး၊ အဆောက်အဦအား အကာအရံများဖြင့် သေချာစွာ တည်ဆောက်ထားသဖြင့် ဆူညံသံများ စီမံကိန်းအတွင်းမှ အပြင်သို့ ပျံ့လွင့်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ စီမံကိန်းအတွင်း (GPS Point: 16°46'38.76"N, 96°8'15.76"E) နှင့် စီမံကိန်း မျက်နှာစာ (GPS Point: 16°46'38.91"N, 96° 8'15.82"E) တို့၌ တိုင်းတာချက်များအရ EQEG သတ်မှတ်ချက်များအတွင်းရှိကြောင်း အောက်ပါအတိုင်း နှိုင်းယှဥ်ဖော်ပြအပ်ပါသည်-

| **Receptor** | **Noise Monitoring Result** | **One Hour LAeq (dBA)** | |
|---|---|---|---|
| | | **Daytime 07:00-22:00 (10:00-22:00 for Public holidays)** | **Nightime 22:00-07:00 (22:00 -10:00 for Public Holidays)** |
| Industrial, commercial | 65 (24 hours Average) | 70 | 70 |





ပုံ ၆-၅ ဆူညံသံတိုင်းတာမှု မှတ်တမ်းဓါတ်ပုံ

## ၆.၃.၂. သက်ရှိဇီဝပတ်ဝန်းကျင်


### ၆.၃.၂.၁. ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ထိန်းသိမ်းကာကွယ်ထားသော ယဉ်ကျေးမှု အမွေအနှစ်နေရာနှင့် သမိုင်းဆိုင်ရာ အထင်ကရနေရာများ တည်ရှိမှုအခြေအနေ

စီမံကိန်းတည်ရှိရာမြို့နယ်အတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနယ်မြေ၊ ထိန်းသိမ်းကာကွယ်ထားသော ယဉ်ကျေးမှုအမွေအနှစ်နေရာနှင့် သမိုင်းဆိုင်ရာအထင်ကရ နေရာများ တည်ရှိခြင်းမရှိပါ။


မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်၊ ဧပြီလအထိ သဘာဝထိန်းသိမ်းရေးနယ်မြေ(၄၄)ခု သတ်မှတ်ဖွဲ့စည်းထားရှိပြီး နိုင်ငံဧရိယာ၏ ၅.၈၅ % ဖြစ်ပါသည်။ ဖွဲ့စည်းတည်ထောင်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ (၄၄) ခုအနက် အာဆီယံဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟာစနစ်နှင့် ယဉ်ကျေးမှုတို့အရ အာဆီယံအမွေအနှစ်ဥယျာဉ်များ (ASEAN Heritage Park–AHP) များ အနေဖြင့် အသိအမှတ်ပြုသတ်မှတ်ခြင်းခံထားရသည့် သဘာဝထိန်းသိမ်းရေး နယ်မြေ (၇)ခုမှာ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တို့ဖြစ်ကြပါသည်။

ထို့အပြင် ရမ်ဆာကွန်ဗင်းရှင်း(Ramsar Convention) ဟု လူသိများသည့် ရေဝပ်ဒေသများ ကွန်ဗင်းရှင်းမှ နိုင်ငံတကာအဆင့်အရေးပါသည့် ရမ်ဆာရေဝပ်ဒေသ(Ramsar Site)အဖြစ် သတ်မှတ်ခံထားရသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ(၅)ခုရှိပြီး၊ ၎င်းတို့မှာ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်အပိုင်း) နှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ဖြစ်ကြပါသည်။ ၎င်းတို့သည် ရာသီရွှေ့ပြောင်းကျရောက်ကျက်စားသည့် ကမ္ဘာ့ရွှေ့ပြောင်းငှက်မျိုးစိတ်များအတွက် အရေးကြီးသည့် အရှေ့အာရှ-သြစတြေးလျ ပျံသန်းလမ်းကြောင်း (East-Asian Australasian Flyway) နှင့် ဗဟိုအာရှဒေသ ပျံသန်းလမ်းကြောင်း (Central Asian Flyway)တို့တွင်လည်းကျရောက်လျက်ရှိပါသည်။ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတွင် ဒေသခံပြည်သူများပါဝင်မှု၊ ထောက်ခံအားပေးမှုတို့အားမြှင့်တင် နိုင်ရန်ရည်ရွယ်၍ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ လူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ် (Man and Biosphere Reserve-MAB)အဖြစ် အင်းလေးကန်

တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော နှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သတ်မှတ်ခံထားရပြီးဖြစ်ကာ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအား (MAB)အဖြစ် ထပ်မံအဆိုပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ (ကိုးကား www.forestdepartment.gov.mm )




**မြန်မာနိုင်ငံအတွင်းဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကာကွယ်ထိန်းသိမ်းထားသည့်နေရာများ**




မြန်မာနိုင်ငံအတွင်းဇီဝမျိုးစုံမျိုးကွဲတည်ရှိမှုဆိုင်ရာ အထင်ကရနေရာများ

### ၆.၃.၂.၂. သစ်တောတည်ရှိမှု

ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော၊ သစ်တောများ မရှိပါ။

### ၆.၃.၂.၃. အပင်မျိုးစိတ်များတည်ရှိမှု

သဘာဝပေါက်ပင်များ မရှိပါ။

### ၆.၃.၂.၄. တိရစ္ဆာန်မျိုးစိတ်များတည်ရှိမှု

တောရိုင်းတိရစ္ဆာန်များ မရှိပါ။

## ၆.၃.၃. လူမှု-စီးပွားဆိုင်ရာအကြောင်းအချက်များ

စီးပွားရေးအချက်အခြာကျသည့် မြို့နယ်တစ်ခုဖြစ်ပြီး၊ နေထိုင်သူများသည် အရောင်းအဝယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ကိုင်ကြပါသည်။ မြို့နယ်အတွင်း ၂၀၁၉ ခုနှစ်စက်တင်ဘာလကုန်အထိ စာရင်းများအရ အိမ်ခြေ (၂၀၆၄)၊ အိမ်ထောင်စု (၈၀၇၃) စုဖြစ်ပြီး၊ လူဦးရေ ကျား (၁၆၁၅၇)၊ မ (၂၁၆၅၄) စုစုပေါင်း (၃၇၈၁၁) နေထိုင်ကြောင်း တွေ့ရှိရပါသည်။

### ၆.၃.၃.၁. ကိုးကွယ်ယုံကြည်မှု

မြို့နယ်၌ နေထိုင်သူများ၏ ကိုးကွယ်သည့် ဘာသာအလိုက်လူဦးရေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | မြို့နယ် | ဗုဒ္ဓ ဘာသာ | ခရစ် ယာန် | ဟိန္ဒူ ဘာသာ | အစ္စ လာမ် ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | လမ်းမတော် | ၃၆၂၁၃ | ၁၃၀၂ | ၉၀ | ၂၀၆ | - | - | ၃၇၈၁၁ |
| **မြို့နယ်ချုပ်** | | **၃၆၂၁၃** | **၁၃၀၂** | **၉၀** | **၂၀၆** | - | - | **၃၇၈၁၁** |

### ၆.၃.၃.၂. မြေအသုံးချမှု

စီမံကိန်းတည်ရှိရာ မြို့နယ်၏ မြေအသုံးချမှုအခြေအနေများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေ ဧရိယာပေါင်း** | - |
| | (က) လယ်မြေဧရိယာ | - |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | - |
| | (င) ဓနို | - |
| ၂ | **လုပ်ထားးမြေဧရိယာပေါင်း** | - |
| | (က) လယ်မြေဧရိယာ | - |
| | (ခ) ယာမြေ | - |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | - |
| | (င) ဓနို | - |
| ၃ | **စားကျက်မြေ** | - |
| ၄ | **စက်မှုလုပ်ငန်းသုံးမြေ** | - |
| ၅ | **မြို့မြေ / အခြားမြေ** | ၃၉၃ ဧက |
| ၆ | **ရွာမြေ** | - |
| ၇ | **အခြားမြေ** | - |
| ၈ | **ကြိုးဝိုင်း/ကြိုးပြင်ကာကွယ် တောဧရိယာ** | - |
| ၉ | **တောရိုင်း** | - |
| ၁၀ | **မြေရိုင်း** | - |
| ၁၁ | **စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ** | - |
| **စုစုပေါင်း** | | **၃၉၃ ဧက** |

စီမံကိန်း၏ မြေအသုံးချမှုအနေဖြင့် စီမံကိန်းမြေအကျယ် (၀.၀၅၇) ဧကပေါ်တွင် အဆောက်အဦ အပြည့်ဆောက်လုပ်၍ စီမံကိန်းမြေအား ရာနှုန်းပြည့် အသုံးချထားပါသည်။

### ၆.၃.၃.၃. အခြေခံအဆောက်အဦ၊ ဝန်ဆောင်မှုလုပ်ငန်းများတည်ရှိမှု

အခြေခံအဆောက်အဦများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ဆေးရုံ၊ ဘဏ်လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ဆေးခန်း၊ အခြေခံပညာကျောင်းများ နှင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်သည့် မြို့နယ်တစ်ခုဖြစ်ပါသည်။

### ၆.၃.၃.၄. ပြည်သူ့ကျန်းမာရေးဆိုင်ရာအကြောင်းအချက်များ


မြို့နယ်အတွင်း အစိုးရနှင့်ပုဂ္ဂလိပိုင် ဆေးရုံ (၈) ရုံ၊ မြို့နယ်ဒေသန္တရဆေးပေးခန်း (၁) ခန်း ရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်သည့် မြို့နယ်တစ်ခုဖြစ်ပါသည်။

# အခန်း (၇)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေး နည်းလမ်းများ

## ၇.၁. ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်နည်းစနစ်

စီမံကိန်း၏ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ဆန်းစစ်ရာတွင် ဆိုးကျိုး၏ ပြင်းထန်မှု (Intensity)၊ ပမာဏ (Extent) နှင့် ကြာချိန်ကာလ (Duration) တို့ကို စုပေါင်း၍ ထိခိုက်မှု ညွှန်းကိန်းဖြစ်သည့် သိသာထင်ရှားမှု (Significance) ကို ဆုံးဖြတ်ပါသည်။

**ဇယား ၇-၁ ထိခိုက်မှုတစ်ခု၏ သိသာထင်ရှားမှုအား ဆန်းစစ်ခြင်း**




### ၇.၁.၁. ဂေဟစနစ်အခြေခံတန်ဖိုး (Ecosystem-based Value)

ဂေဟစနစ်အခြေခံတန်ဖိုး (Ecosystem-based Value) သည် အစိတ်အပိုင်းတစ်ခု၏ လုပ်ဆောင်ချက် အခန်းကဏ္ဍအလိုက် အရေးပါကြောင်း နှိုင်းရအရေးကြီးမှု (Relative Importance) ကို ဖော်ပြပါသည်။ ဂေဟစနစ်အခြေခံတန်ဖိုးအား အောက်ပါအဆင့်များဖြင့် စဉ်းစားနိုင်ပါသည်-

- မြင့်သည် - ဂေဟစနစ်လုပ်ဆောင်ချက်၊ ဇီဝမျိုးစုံမျိုးကွဲ သို့မဟုတ် ခြွင်းချက်အရည်အသွေးများရှိ၍ အဓိကစိတ်ဝင်စားမှုခံရပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် သိပ္ပံပညာရပ်နယ်ပယ်တွင် တစ်ညီတစ်ညွတ်တည်း သဘောတူညီထားခြင်း
- အလယ်အလတ်ရှိသည် - ခိုင်မာသော စိတ်ဝင်စားမှုခံရပြီး အရည်အသွေးများကို အသိအမှတ်ပြုခံရသောအခါ သို့မဟုတ် သိပ္ပံပညာရပ်နယ်ပယ်တွင် တစ်ညီတစ်ညွတ်တည်း မဟုတ်သော်လည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် စိတ်ဝင်စားခြင်း
- နိမ့်သည် - စိတ်ဝင်စားမှုအနည်းငယ်ခံရပြီး၊ မှတ်သားလောက်သောအရည်အသွေးများ မရှိခြင်း သို့မဟုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် စိတ်ဝင်စားမှုမရှိခြင်း

## ၇.၁.၂. အစိတ်အပိုင်းတစ်ခု၏ လူမှုဆိုင်ရာတန်ဖိုး (Social Value)

အစိတ်အပိုင်းတစ်ခု၏ လူမှုဆိုင်ရာတန်ဖိုး (Social Value) သည် အများပြည်သူ၊ အစိုးရ၊ အာဏာပိုင် တို့က ယင်းအစိတ်အပိုင်းကို သတ်မှတ်ထားသော နိုင်ငံရအရေးကြီးမှု နှင့် ဝိသေသလက္ခဏာကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆန္ဒရှိမှုကို ဖော်ပြပါသည်။ အစိတ်အပိုင်းတစ်ခု၏ လူမှုဆိုင်ရာတန်ဖိုးအား အများပြည်သူနှင့် အကြံယူဆွေးနွေးရာမှ ရရှိသည့် သတင်းအချက်အလက်များအားအခြေခံပါသည်။ အစိတ်အပိုင်းတစ်ခု၏ လူမှုဆိုင်ရာတန်ဖိုးအား အောက်ပါအဆင့်များဖြင့် စဉ်းစားနိုင်ပါသည်-

- မြင့်သည် - ဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ခု၏ ခေါင်းစဉ်ဖြစ်ခြင်း (မျိုးသုဉ်းတော့မည့်မျိုးစိတ်များ၊ ထိန်းသိမ်းရေး ဥယျာဉ်များ) သို့မဟုတ် လူသားတို့၏ လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်ခြင်း (ဥပမာ-သောက်သုံးရေ)
- အလယ်အလတ်ရှိသည် - သိသာများပြားသော လူအများစုက တန်ဖိုးထား/အသုံးပြုသော်လည်း ဥပဒေအရ ကာကွယ်ထားမှုမရှိခြင်း၊
- နိမ့်သည် - လူအများစု၏ စိတ်ဝင်စားမှုမရှိခြင်း/အသုံးမပြုခြင်း

## ၇.၁.၃. ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုး (Environmental Value)

ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုး (Environmental Value) မှာ ဂေဟစနစ်အခြေခံတန်ဖိုး (Ecosystem-based Value) နှင့် လူမှုဆိုင်ရာတန်ဖိုး (Social Value) တို့ကို ပေါင်းစပ်ထားခြင်း

ဖြစ်ပြီး၊ ထိုတန်ဖိုးနှစ်ခု၏ မြင့်မားသောတန်ဖိုးကိုသာယူ၍ ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးအား ဆုံးဖြတ်ပါသည်။

**ဇယား ၇-၂ ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးဆုံးဖြတ်ခြင်း**

| လူမှုဆိုင်ရာတန်ဖိုး | ဂေဟစနစ်အခြေခံသည့်တန်ဖိုး | | |
|---|---|---|---|
| | မြင့်သည် | အလယ်အလတ်ရှိသည် | နိမ့်သည် |
| မြင့်သည် | မြင့်သည် | မြင့်သည် | မြင့်သည် |
| အလယ်အလတ်ရှိသည် | မြင့်သည် | အလယ်အလတ်ရှိသည် | အလယ်အလတ်ရှိသည် |
| နိမ့်သည် | မြင့်သည် | အလယ်အလတ်ရှိသည် | နိမ့်သည် |

### ၇.၁.၄. နှောင့်ယှက်မှုအတိုင်းအတာ (Degree of Disturbance)

နှောင့်ယှက်မှုအတိုင်းအတာ (Degree of Disturbance) သည် စီမံကိန်းနှင့်ဆက်စပ်၍ ထိခိုက်လွယ်သောအစိတ်အပိုင်းပေါ်သို့ သက်ရောက်နေသော ပြောင်းလဲမှုအမျိုးမျိုးဖြစ်ပြီး အဆိုပါပြောင်းလဲမှုများကြောင့် ဆိုးကျိုး/ကောင်းကျိုးများ ဖြစ်ပေါ်နိုင်ပြီး၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ စုပေါင်းထိခိုက်မှု (Cumulative Impacts) သို့မဟုတ် နှောင့်နှေးဖြစ်ပေါ်သော ထိခိုက်မှု (Delayed Impacts) များကလည်း နှောင့်ယှက်မှုအတိုင်းအတာအား တိုးပွားစေနိုင်ပြီး၊ အထူးသဖြင့် အလွန်ထိခိုက်လွယ်သည့် အခြေအနေများတွင် ဖြစ်ပေါ်နိုင်ပါသည်။ နှောင့်ယှက်မှုအတိုင်းအတာအား အောက်ပါအတိုင်း စဉ်းစားနိုင်ပါသည်-

- မြင့်သည် - ထိခိုက်မှုသည် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ခု၏ ရပ်တည်မှု အပေါ် အမြဲသက်ရောက်နေပြီး၊ မူလအတိုင်းပြန်မဖြစ်နိုင်သည်အထိ ပြင်းထန်ခြင်း သို့မဟုတ် သိသာထင်ရှားစွာကန့်သတ်ထားခြင်း
- အလယ်အလတ်ရှိသည် - ထိခိုက်မှုသည် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ခု၏ အသုံးဝင်မှု/ အရည်အသွေးကို လျော့ကျစေခြင်း/တိုးတက်စေခြင်း ဖြစ်စေသော်လည်း ယင်းအစိတ်အပိုင်း၏ ဖြစ်တည်မှုကို အန္တရာယ်မဖြစ်စေခြင်း
- နိမ့်သည် - ထိခိုက်မှုသည် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ခု၏ အသုံးဝင်မှု/ အရည်အသွေး/ဖြစ်တည်မှုကို သိသာစွာသက်ရောက်မှုမရှိခြင်း

## ၇.၁.၅. ထိခိုက်မှု၏ ပြင်းထန်မှု (Intensity of Impact)

ထိခိုက်မှု၏ ပြင်းထန်မှု (Intensity of Impact) သည် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုး (Environmental Value) နှင့် ၎င်း၏ နှောင့်ယှက်မှုအတိုင်းအတာ (Degree of Disturbance) တို့ကို စုစည်းပေါင်းစပ်ထားခြင်းဖြစ်ပြီး၊ အပေါင်းလက္ခဏာ (သို့) အနုတ်လက္ခဏာ ဖြစ်နိုင်ပါသည်။

**ဇယား ၇-၃ ထိခိုက်မှု၏ ပြင်းထန်မှုကို ဆုံးဖြတ်ခြင်း**

| နှောင့်ယှက်မှု အတိုင်းအတာ | ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုး | | |
|---|---|---|---|
| | မြင့်သည် | အလယ်အလတ်ရှိသည် | နိမ့်သည် |
| မြင့်သည် | အလွန်မြင့်သည် | မြင့်သည် | အလယ်အလတ်ရှိသည် |
| အလယ်အလတ်ရှိသည် | မြင့်သည် | မြင့်သည် | နိမ့်သည် |
| နိမ့်သည် | အလယ်အလတ်ရှိသည် | နိမ့်သည် | နိမ့်သည် |

## ၇.၁.၆. ထိခိုက်မှုပမာဏ (Extent of Impact)

ထိခိုက်မှုပမာဏသည် ထွက်ပေါ်လာသော သက်ရောက်မှု/ပြောင်းလဲမှုများ၏ အကျယ်အဝန်း၊ အကွာအဝေးဆိုင်ရာလွှမ်းခြုံမှုကို ဖော်ပြပြီး သက်ရောက်ခံရသည့် လူဦးရေ၏ အစိတ်အပိုင်းကိုလည်းရည်ညွှန်းနိုင်ပါသည်။ ထိခိုက်မှုပမာဏအား အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်-

- ဒေသအဆင့် (Regional) - ကြီးမားကျယ်ပြန့်သောဧရိယာ/သိသာစွာဝေးကွာသော အစိတ်အပိုင်းများ/လူဦးရေတစ်ခုလုံး/လေ့လာသောဧရိယာအတွင်းရှိ လူဦးရေများစွာကို သက်ရောက်ခြင်း
- ဒေသန္တရအဆင့် (Local) - စီမံကိန်းနေရာအတွင်း/ကန့်သတ်အကွာအဝေးအတွင်းရှိ အတန်အသင့် ကျယ်ပြန့်သော ကန့်သတ်ဧရိယာအတွင်းရှိ လူဦးရေအကန့်အသတ်တစ်ခုကို သက်ရောက်ခြင်း

- နေရာအဆင့် (Site-specific) - စီမံကိန်းနေရာအနီးရှိ ကန့်သတ်ဧရိယာအတွင်း/လေ့လာသည့် ဧရိယာအတွင်းရှိ အရေအတွက် အနည်းငယ်ကိုသာ သက်ရောက်သောအခါ

## ၇.၁.၇. ထိခိုက်မှု၏ ကြာချိန်ကာလ

ထိခိုက်မှုတစ်ခုကို တွေ့ကြုံနေရသော အချိန်ကာလတစ်ခုကို ဖော်ပြပြီး (ထိခိုက်မှုသည် ပြတ်တောင်းသက်ရောက်နေသောအခါ အကြိမ်အရေအတွက်ကိုလည်း ထည့်သွင်းစဉ်းစားသည်) အောက်ပါတိုင်း အတန်းအစားခွဲခြားနိုင်ပါသည် -

- ကာလရှည် - အကျိုးသက်ရောက်မှုများကို ပစ္စည်းကိရိယာတစ်ခု၏ သက်တမ်းတစ်လျှောက်အဆက်မပြတ်တွေ့ကြုံခြင်း သို့မဟုတ် သက်တမ်းထက်ပင်ကျော်လွန်၍ မူလအတိုင်းပြန်မဖြစ်နိုင်သည့် သက်ရောက်မှု ကြုံတွေ့ရခြင်း
- ကာလလတ် - အကျိုးသက်ရောက်မှုများကို အသင့်အတင့်ရှည်ရှားသောကာလအတွင်း တွေ့ကြုံရခြင်း သို့မဟုတ် သက်တမ်းထက်လျော့နည်းသည့် အချိန်အတွင်းသာ ကြုံတွေ့ရခြင်း
- ကာလတို - အကျိုးသက်ရောက်မှုများကို အချိန်အကန့်အသတ် (တည်ဆောက်ရေးကာလ၊ စတင်သည့်ကာလ၊ ရာသီချိန်) တစ်ခုအတွင်းသာ ကြုံတွေ့ရခြင်း

## ၇.၁.၈. ထိခိုက်မှု၏ သိသာထင်ရှားမှု (Significance of the Impacts)

ထိခိုက်မှု၏သိသာထင်ရှားမှုကို ပြင်းထန်မှု (Intensity)၊ ပမာဏ (Extent) နှင့် ကြာချိန်ကာလ (Duration) တို့ကို စုပေါင်း၍ ဆုံးဖြတ်ပြီး၊ သိသာထင်ရှားမှုအဆင့်များအား အောက်ပါအတိုင်း နှိုင်းယှဉ်နိုင်ပါသည်-

**ဇယား ၇-၄ ထိခိုက်မှု၏ သိသာထင်ရှားမှုကို ဆုံးဖြတ်ခြင်း**

| ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
|---|---|---|---|
| အလွန်မြင့်သည် | ဒေသအဆင့် (Regional) | ကာလရှည် | အလွန်မြင့်သည် |
| | | ကာလလတ် | အလွန်မြင့်သည် |
| | | ကာလတို | အလွန်မြင့်သည် |
| | ဒေသန္တရအဆင့် (Local) | ကာလရှည်<br>ကာလလတ် | အလွန်မြင့်သည် |

| | | | |
|---|---|---|---|
| | | ကာလတို | အလွန်မြင့်သည်<br>မြင့်သည် |
| | နေရာအဆင့်<br>(Site Specific) | ကာလရှည်<br>ကာလလတ်<br>ကာလတို | အလွန်မြင့်သည်<br>မြင့်သည်<br>မြင့်သည် |
| မြင့်သည် | ဒေသအဆင့်<br>(Regional) | ကာလရှည်<br>ကာလလတ်<br>ကာလတို | အလွန်မြင့်သည်<br>မြင့်သည်<br>မြင့်သည် |
| | ဒေသန္တရအဆင့်<br>(Local) | ကာလရှည်<br>ကာလလတ်<br>ကာလတို | မြင့်သည်<br>မြင့်သည်<br>အလယ်အလတ်ရှိသည် |
| | နေရာအဆင့်<br>(Site Specific) | ကာလရှည်<br>ကာလလတ်<br>ကာလတို | မြင့်သည်<br>အလယ်အလတ်ရှိသည်<br>အလယ်အလတ်ရှိသည် |
| အလယ်အလတ်ရှိသည် | ဒေသအဆင့်<br>(Regional) | ကာလရှည်<br>ကာလလတ်<br>ကာလတို | မြင့်သည်<br>အလယ်အလတ်ရှိသည်<br>အလယ်အလတ်ရှိသည် |
| | ဒေသန္တရအဆင့်<br>(Local) | ကာလရှည်<br>ကာလလတ်<br>ကာလတို | အလယ်အလတ်ရှိသည်<br>အလယ်အလတ်ရှိသည်<br>နိမ့်သည်<br>နိမ့်သည် |
| | နေရာအဆင့်<br>(Site Specific) | ကာလရှည်<br>ကာလလတ်<br>ကာလတို | အလယ်အလတ်ရှိသည်<br>နိမ့်သည်<br>နိမ့်သည် |
| နိမ့်သည် | ဒေသအဆင့်<br>(Regional) | ကာလရှည်<br>ကာလလတ်<br>ကာလတို | အလယ်အလတ်ရှိသည်<br>နိမ့်သည်<br>နိမ့်သည် |
| | ဒေသန္တရအဆင့်<br>(Local) | ကာလရှည်<br>ကာလလတ်<br>ကာလတို | နိမ့်သည်<br>နိမ့်သည်<br>အလွန်နိမ့်သည် |

| | နေရာအဆင့် (Site Specific) | ကာလရှည်<br>ကာလလတ်<br>ကာလတို | နိမ့်သည်<br>အလွန်နိမ့်သည်<br>အလွန်နိမ့်သည် |
|---|---|---|---|

## ၇.၂. ထိခိုက်မှုများအား ဖော်ထုတ်သတ်မှတ်ခြင်း

အထက်ဖော်ပြပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့် နည်းစနစ်အား အသုံးပြု၍ ပတ်ဝန်းကျင်ထိခိုက်မှုများအား ဖော်ထုတ်သတ်မှတ်ရာတွင် စီမံကိန်းကာလအလိုက် တည်ဆောက်ခြင်းအဆင့် (တည်ဆောက်ပြီးဖြစ်ပါသည်)၊ လည်ပတ်ခြင်းအဆင့် နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအဆင့်များအား ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

ထိခိုက်မှု၏ သိသာထင်ရှားမှုအား တွက်ချက်ရန်အတွက် ထိခိုက်မှု၏ ပြင်းထန်မှုအား အောက်ပါတွက်ချက်ထားမှုအရ နိမ့်သည်ဟု သတ်မှတ်ပါသည်-

**ဇယား ၇-၅ ထိခိုက်မှု၏ သိသာထင်ရှားမှုအား တွက်ချက်ထားမှု**

| အကြောင်းအရာ | သတ်မှတ်ချက် | မှတ်ချက် |
|---|---|---|
| ဂေဟစနစ်အခြေခံ တန်ဖိုး (Ecosystem-based Value) | နိမ့်သည် | စိတ်ဝင်စားမှုအနည်းငယ် ခံရပြီး၊ မှတ်သား လောက်သော အရည်အသွေးများ မရှိခြင်း သို့မဟုတ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် စိတ်ဝင်စားမှုမရှိခြင်း |
| အစိတ်အပိုင်းတစ်ခု၏ လူမှုဆိုင်ရာတန်ဖိုး (Social Value) | နိမ့်သည် | လူအများစု၏ စိတ်ဝင်စားမှု မရှိခြင်း/အသုံးမပြုခြင်း |
| ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုး (Environ-mental Value) | နိမ့်သည် | ဂေဟစနစ်အခြေခံတန်ဖိုး နှင့် လူမှုဆိုင်ရာတန်ဖိုး တို့အရ |
| နှောင့်ယှက်မှု အတိုင်းအတာ (Degree of Disturbance) | နိမ့်သည် | ထိခိုက်မှုသည် ပတ်ဝန်းကျင်အစိတ်အပိုင်း တစ်ခု၏ အသုံးဝင်မှု/အရည်အသွေး/ဖြစ်တည်မှုကို သိသာစွာသက်ရောက်မှု မရှိခြင်းကြောင့် |

| | | |
|---|---|---|
| ထိခိုက်မှု၏ပြင်းထန်မှု (Intensity of Impact) | နိမ့်သည် | ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုး (Environmental Value) နှင့် ၎င်း၏ နှောင့်ယှက်မှုအတိုင်းအတာ (Degree of Disturbance) တို့ကို စုစည်းပေါင်းစပ်ထားခြင်းအရ |

ထိခိုက်မှု၏ သိသာထင်ရှားမှု နိမ့်ခြင်းကြောင့် သိသာထင်ရှားမှုအဆင့်များအား အောက်ပါအတိုင်း နှိုင်းယှဉ်နိုင်ပါသည်-

**ဇယား ၇-၆ ထိခိုက်မှု၏ သိသာထင်ရှားမှုကို ဆုံးဖြတ်ခြင်း**

| ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
|---|---|---|---|
| နိမ့်သည် | ဒေသအဆင့် (Regional) | ကာလရှည် | အလယ်အလတ်ရှိသည် |
| | | ကာလလတ် | နိမ့်သည် |
| | | ကာလတို | နိမ့်သည် |
| | ဒေသန္တရအဆင့် (Local) | ကာလရှည် | နိမ့်သည် |
| | | ကာလလတ် | နိမ့်သည် |
| | | ကာလတို | အလွန်နိမ့်သည် |
| | နေရာအဆင့် (Site Specific) | ကာလရှည် | နိမ့်သည် |
| | | ကာလလတ် | အလွန်နိမ့်သည် |
| | | ကာလတို | အလွန်နိမ့်သည် |

## ၇.၃. စီမံကိန်းတည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ

စီမံကိန်း တည်ဆောက်ခြင်းနှင့်ဖျက်သိမ်းခြင်း၊ လည်ပတ်ခြင်း တို့ကြောင့် ဖြစ်ပေါ်နိုင်မည့် သက်ရောက်နိုင်မှုအခြေအနေများအား အောက်ပါဇယားများဖြင့် တွက်ချက်ဖော်ပြအပ်ပါသည်-

## ဇယား ၇-၇ စီမံကိန်းတည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ

| စဉ် | ကဏ္ဍ | လုပ်ဆောင်ချက် | သက်ရောက်နိုင်မှု | သက်ရောက်မှု၏သိသာထင်ရှားမှုအားဆုံးဖြတ်ခြင်း | | | |
|---|---|---|---|---|---|---|---|
| | | | | ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
| ၁ | လေအရည်အသွေး | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • အမှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင် အောက်ဆိုဒ်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်များ ထွက်ရှိ နိုင်ခြင်း | နိမ့်သည် | ဒေသန္တရ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ကာဗွန်မိုနောက် ဆိုဒ်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | ဒေသန္တရ | ကာလတို | အလွန်နိမ့် |
| ၂ | အနံ့ | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဓာတ်ဆီ၊ ဒီဇယ်ဆီအနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းစဉ်များမှ အနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၃ | ဆူညံသံနှင့် တုန်ခါမှု | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆူညံသံနှင့် တုန်ခါမှုများထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များကြောင့် ဆူညံသံများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၄ | ရေအရည်အသွေး | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များမှ ညစ်ညမ်းရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • သိုလှောင်ထားသည့် စွန့်ပစ်ရေ များကို စွန့်ထုတ်ခြင်း | • ညမ်းညမ်းရေများထွက်ရှိနိုင်ခြင်းနှင့် ရေအရည်အသွေး ပြောင်းလဲနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၅ | မြေအရည်အသွေး | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်းရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆီမတော်တဆ ဖိတ်စင်ခြင်းမှ မြေထုညစ်ညမ်းစေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်းနှင့် ယင်းလုပ်ငန်းစဉ်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား မြေထုအတွင်း စွန့်ပစ်ခြင်းကြောင့် မြေထုညစ်ညမ်းစေနိုင်ခြင်း<br>• မလိုအပ်ဘဲ သစ်ပင်ခုတ်ထွင်ရှင်းလင်းခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |

| စဉ် | ကဏ္ဍ | လုပ်ဆောင်ချက် | သက်ရောက်နိုင်မှု | သက်ရောက်မှု၏သိသာထင်ရှားမှုအားဆုံးဖြတ်ခြင်း | | | |
|---|---|---|---|---|---|---|---|
| | | | | ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
| ၆ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ) | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်/ဖျက်သိမ်းပစ္စည်းများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၇ | စွန့်ပစ်ပစ္စည်း (အရည်) | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်း ရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆီမတော်တဆ ဖိတ်စင်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်များမှ စွန့်ပစ်ရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၈ | စွန့်ပစ်ပစ္စည်း (ထုတ်လွှတ် အခိုးအငွေ့) | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်း ရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • အမှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင် အောက်ဆိုဒ်နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်များ ထွက်ရှိ နိုင်ခြင်းနှင့် ဆီမတော်တဆဖိတ်စင်ခြင်းမှ အခိုးအငွေ့ များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ကာဗွန် မိုနောက်ဆိုဒ်နှင့် အနံ့အသက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၉ | မီးဘေးအန္တရာယ် | • တည်ဆောက်ရေး/ဖျက်သိမ်းရေး ပစ္စည်းများ စုပုံခြင်း | • စနစ်တကျ စုပုံထားမှု မရှိပါက မတော်တဆ မီးလောင်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၁၀ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | • လုပ်ငန်းတည်ဆောက်ရေး/ဖျက်သိမ်း ရေးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • လုပ်ငန်းတည်ဆောက်/ဖျက်သိမ်းသည့်ယာဉ်များ လည်ပတ်သွားလာ မှုကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ် စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • တည်ဆောက်ရေး/ဖျက်သိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း | • မတော်တဆ ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း<br>• တည်ဆောက်ရေး/ဖျက်သိမ်းရေးလုပ်ငန်းစဉ်မှ ထွက်ရှိသော စွန့်ပစ် ပစ္စည်းများကြောင့် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| | | • ယာယီဝန်ထမ်းများခန့်ထားခြင်း | • ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |
| ၁၁ | လူမှု-စီးပွားရေး အခြေအနေ | • လူမှုရေးပဋိပက္ခများ ဖြစ်ပေါ်နိုင်ခြင်း | • ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း<br>• နစ်နာကြေးပေးအပ်မှုမရှိခြင်း<br>• အစားထိုးအလုပ်အကိုင် ရှာဖွေမပေးခြင်း | နိမ့်သည် | နေရာ | ကာလတို | အလွန်နိမ့် |

ဇယား ၇-၈ စီမံကိန်းလည်ပတ်ခြင်းကာလတွင် ဖြစ်နိုင်ခြေရှိသော သက်ရောက်နိုင်မှုများ

| စဉ် | ကဏ္ဍ | လုပ်ဆောင်ချက် | သက်ရောက်နိုင်မှု | ပြင်းထန်မှု | ပမာဏ | အချိန်ကာလ | သိသာထင်ရှားမှု |
|---|---|---|---|---|---|---|---|
| ၁။ | လေအရည်အသွေး | • သယ်ယူပို့ဆောင်ရာတွင် မော်တော်ယာဉ်များ အသုံးပြုခြင်း | • အမှုန်များအမွှားများ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်နှင့် ဆာလဖာဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့များ ထွက်ရှိ နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း စက်ပစ္စည်းများ (ဥပမာ - မီးစက်) လည်ပတ်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း လေအေးပေးစက်များ အသုံးပြုခြင်း | • လေအေးပေးစက်များမှ ကမ္ဘာကြီးပူနွေးစေသည့် ဓာတ်ငွေ့များ စိမ့်ထွက်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း ကြမ်းပြင်သန့်ရှင်းခြင်း | • အမှုန်အမွှားများ ပျံ့လွင့်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၂။ | အနံ့ | • မော်တော်ယာဉ်များလည်ပတ် မောင်းနှင်ခြင်း | • ဓာတ်ဆီ၊ ဒီဇယ်ဆီအနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • စီမံကိန်းအတွင်း စက်ပစ္စည်းများ လည်ပတ်မောင်းနှင်ခြင်း | • စက်ပစ္စည်းများမှ ဓာတ်ဆီ၊ ဒီဇယ်အနံ့များနှင့် မီးခိုးငွေ့အနံ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • လုပ်ငန်းခွင်အတွင်း နေထိုင်သူများ၏ အိမ်သာများနှင့် စားသောက်ဆောင်များမှ အနံ့ အသက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၃။ | ဆူညံသံနှင့်တုန်ခါမှု | • လုပ်ငန်းသုံးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း | • ဆူညံသံများထွက်ရှိနိုင်ခြင်း<br>• တုန်ခါမှုများ ဖြစ်ပေါ်နိုင်ခြင်း | နိမ့်သည် | ဒေသန္တရ | ကာလလတ် | အလွန်နိမ့် |
| | | • ဒီဇယ်နှင့် ဓာတ်ဆီအသုံး ပြုသော မီးစက်များ မောင်းနှင်ခြင်း | • စက်ပစ္စည်းများလည်ပတ်ခြင်းကြောင့် ဆူညံသံများနှင့် တုန်ခါမှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၄။ | ရေအရည်အသွေး | • မိုးရေများစီးဆင်းခြင်း | • စီမံကိန်းအတွင်း မိုးရေများ၊ စွန့်ပစ်ရေများ ရောနှော၍ စီးဆင်းခြင်းကြောင့် ဘေးပတ်ဝန်းကျင်ရေထု ညစ်ညမ်းစေနိုင်ခြင်း၊ အက်စစ်ဓာတ်များပြားစေခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • လုပ်ငန်းခွင်အတွင်း နေထိုင်သူများမှ စွန့်ပစ်သည့် မိလ္လာရေနှင့် သုံးစွဲပြီးရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | • လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • လုပ်ငန်းခွင်နေထိုင်သူများမှ စားကြွင်းစားကျန်၊ ပလတ်စတစ်အိတ်များ၊ သံဘူးခွံများ စွန့်ပစ်ခြင်းကြောင့် မြေထုညစ်ညမ်းစေနိုင်ခြင်း၊ | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |

| | | | | | | |
|---|---|---|---|---|---|---|
| | | •ဝန်ထမ်းများစားဖိုဆောင် | • စားဖိုဆောင်နှင့် Cateen များမှ စားကြွင်း/ စားကျန်များ၊ အိမ်သုံးအမှိုက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၇။ | စွန့်ပစ်ပစ္စည်း (အရည်) | •လုပ်ငန်းသုံးယာဉ်များ လည်ပတ် မောင်းနှင်ခြင်း | • ဆီမတော်တဆ ဖိတ်စင်နိုင်ခြင်း၊ | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •စက်ကရိယာများ ပြင်ဆင်ခြင်းနှင့် ဆေးကြောသန့်စင်ခြင်း | • စက်ကရိယာများ ပြင်ဆင်ခြင်းနှင့် ဆေးကြောသန့်စင်ခြင်းတို့မှ စက်ဆီ၊ ချောဆီနှင့် ဒီဇယ်ဆီများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •စီမံကိန်းအတွင်း အိမ်သာများ | • မိလ္လာရေဆိုးများနှင့် သုံးစွဲပြီးစွန့်ပစ်ရေများ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၈။ | စွန့်ပစ်ပစ္စည်း (ထုတ်လွှတ် အခိုးအငွေ့) | •လုပ်ငန်းသုံးယာဉ်များ လည်ပတ် မောင်းနှင်ခြင်း | • အမှုန်များ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် နှင့် ဆာလဖာဒိုင်အောက်ဆိုဒ်များ ထွက်ရှိနိုင်ခြင်းနှင့် ဆီမတော် တဆဖိတ်စင်ခြင်းမှ အခိုးအငွေ့များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •မီးစက်များ/အင်ဂျင်များ မောင်းနှင်ခြင်း | • အမှုန်အမွှားများ၊ နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ကာဗွန် မိုနောက်ဆိုဒ်နှင့် အနံ့အသက်များ ထွက်ရှိနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၉။ | မီးဘေးအန္တရာယ် | •ကုန်ပစ္စည်းများ သိမ်းဆည်းခြင်း/ သိုလှောင်ခြင်း | •ကုန်ပစ္စည်းများ စနစ်တကျ သိမ်းဆည်း/ သိုလှောင်ခြင်းမရှိပါက မီးဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •စီမံကိန်းအတွင်းလျှပ်စစ်သွယ်တန်းခြင်း | •အရည်အသွေးမကောင်းသော လျှပ်စစ်မီးကြိုးများ၊ Safeguard, Breaker များ အသုံးပြုခြင်းကြောင့် ဝါယာရှော့များဖြစ်ပေါ်နိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | •လုပ်ငန်းခွင်နေထိုင်သူများ၏ ပေါ့လျော့ခြင်းကြောင့် မတော်တဆ မီးလောင်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •ဓာတ်ဆီ/ ဒီဇယ်ဆီသိုလှောင်ခြင်း | •မတော်မဆ မီးလောင်မှုများဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၁၀။ | သဘာဝဘေး အန္တရာယ် | •လုပ်ငန်းလည်ပတ်ခြင်းနှင့် လုပ်ငန်းခွင်အတွင်းနေထိုင်ခြင်း | •ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေနိုင်ခြင်း၊ ငလျှင်လှုပ်ခြင်းနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၁၀။ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | •လုပ်ငန်းသုံးယာဉ်များ လည်ပတ် မောင်းနှင်ခြင်း | • လုပ်ငန်းသုံးယာဉ်များ လည်ပတ်သွားလာမှုကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | •လုပ်ငန်းလည်ပတ်ခြင်း | • လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| | | လုပ်ငန်းခွင်ဧရိယာ | • လေဝင်လေထွက်မကောင်းခြင်း၊ အလင်းရောင် လုံလောက်စွာ မရရှိခြင်း၊ | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | • လုပ်ငန်းခွင်အတွင်း သတ်မှတ်ထားသော အပူချိန်ထက် ကျော်လွန်နေခြင်း၊<br>• အစားအသောက်များ မသန့်ရှင်းခြင်း<br>• ရောဂါပိုးရှိသူနှင့် ထိတွေ့ဆက်ဆံနေရခြင်း၊<br>• မသန့်ရှင်းသော အလုပ်ပတ်ဝန်းကျင်တွင် လုပ်ကိုင်နေရခြင်း၊ | | | | |
| | | •လုပ်ငန်းခွင်အတွင်း နေထိုင်ခြင်း | • တစ်ကိုယ်ရည် သန့်ရှင်းရေး၊ သန့်ရှင်းသော သောက်သုံးရေ စနစ်တကျ ပြုလုပ်ထားမှုမရှိပါက ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ခြင်း | နိမ့်သည် | နေရာ | ကာလလတ် | အလွန်နိမ့် |
| ၁၁။ | လူမှု-စီးပွားရေး အခြေအနေ | •အလုပ်အကိုင်၊ ဝင်ငွေနှင့် အခွန်အခများရရှိခြင်း | • ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာနိုင်ခြင်း<br>• နိုင်ငံတော်၏ဘဏ္ဍာငွေ၊ အခွန်အခများ ရရှိလာနိုင်ခြင်း<br>• စီးပွားရေးတိုးတက်လာနိုင်ခြင်း<br>• လူမှုအကျိုးတူပူးပေါင်းပါဝင်မှု (CSR) အစီအစဉ်များပြုလုပ်ခြင်း ဖြင့် လူမှုဝန်းကျင်အပေါ် ကောင်းကျိုးများရရှိစေခြင်း၊ | ကောင်းကျိုးဖြစ်ထွန်းခြင်း | ကောင်းကျိုးဖြစ်ထွန်းခြင်း | ကောင်းကျိုးဖြစ်ထွန်းခြင်း | ကောင်းကျိုးဖြစ်ထွန်းခြင်း |

## ၇.၄. ပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချမည့်နည်းလမ်းနှင့် နည်းပညာများ

လုပ်ငန်းဆောင်ရွက်ရာတွင် လေအရည်အသွေး၊ အနံ့၊ ဆူညံမှုနှင့် တုန်ခါမှု၊ ရေအရည်အသွေး၊ မြေအရည်အသွေး၊ စွန့်ပစ်ပစ္စည်း၊ မီးဘေးအန္တရာယ်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့မှ ဖြစ်ပေါ်နိုင်ခြေရှိသော သက်ရောက်မှုများအပေါ်မူတည်ပြီး သိသာထင်ရှားသော သက်ရောက်မှုအဆင့်များကို အထက်တွင်တွက်ချက်ဖော်ထုတ်ချက်များအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| သက်ရောက်မှု၏ သိသာထင်ရှားမှုအဆင့်များ | တည်ဆောက်ရေးနှင့် ဖျက်သိမ်းရေးကာလ | လည်ပတ်ခြင်း ကာလ |
|---|---|---|
| အလွန်မြင့် | မရှိပါ။ | မရှိပါ။ |
| မြင့်သည် | မရှိပါ။ | မရှိပါ။ |
| အလယ်အလတ်ရှိသည် | မရှိပါ။ | မရှိပါ။ |
| နိမ့်သည် | မရှိပါ။ | မရှိပါ။ |
| အလွန်နိမ့်သည် | ၁၀ | ၁၀ |

သက်ရောက်မှုအဆင့် နိမ့်သည် နှင့် အလွန်နိမ့် တို့သည် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သိသာထင်ရှားသော သက်ရောက်မှုနှင့် ထိခိုက်မှု မရှိနိုင်ပါ။ သက်ရောက်မှုအဆင့် အလယ်အလတ်သည် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သက်ရောက်မှုနှင့် ထိခိုက်မှု အနည်းငယ်ရှိနိုင်ပါသည်။ ထိုကြောင့်ယင်းအဆင့်တွင် လျှော့ချရမည့်နည်းလမ်းများကို လုပ်ဆောင်ရန်လိုအပ်ပါသည်။ သက်ရောက်မှုအဆင့် ပြင်းထန်နှင့် အလွန်ပြင်းထန်သည် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သိသာထင်ရှားသော သက်ရောက်မှုနှင့် ထိခိုက်နိုင်မှုရှိနိုင်ပါသည်။

စီမံကိန်းသည် ဟိုတယ်စီမံကိန်းဖြစ်ပြီး၊ စီမံကိန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးတို့အပေါ် သိသာထင်ရှားစွာသက်ရောက်နိုင်မှုများသည် အလွန်နိမ့်သည့် အဆင့်များတွင်သာရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် သိသာထင်ရှားစွာ သက်ရောက်နိုင်မှုများအား အလွန်နိမ့်သည့် အဆင့်တွင် ထိန်းသိမ်းထားနိုင်ရန်အတွက် အောက်တွင် ဖော်ပြထားသည့် စီမံကိန်း၏ လည်ပတ်ရေးကာလ၊ တည်ဆောက်ရေးနှင့်ဖျက်သိမ်းရေးကာလအလိုက် လျှော့ချမည့်နည်းလမ်းများအား ဆောင်ရွက်သွားပါမည် -

### ၇.၄.၁. စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် ဖျက်သိမ်းခြင်းကာလတို့အတွက် လျှော့ချမည့် နည်းလမ်းများ

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| လေအရည်အသွေး | ➢ လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ ယာဉ်သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ခြင်း၊<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက် ခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ အမှုန်အမွှားများထွက်ရှိမှုနည်းပါးစေရန် စီမံကိန်းအတွင်း ရေဖြန်းခြင်း၊<br>စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်း မပြုလုပ်ခြင်း၊ |
| အနံ့ | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ စွန့်ပစ်ပစ္စည်းများအား မီးရှို့မှု မပြုလုပ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်ခြင်း၊ |
| ဆူညံသံနှင့် တုန်ခါမှု | ➢ လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ ဂျင်နရေတာအား အသံလုံသည့်အခန်းတွင်ထားရှိခြင်း၊ |
| ရေအရည်အသွေး | ➢ ရေစီးဆင်းစနစ်လုပ်ဆောင်ပေးခြင်းနှင့် မြောင်းများတူးဖော်ပေးခြင်း၊<br>➢ မြေအောက်ရေအားထုတ်ယူ၍ ရေသိုလှောင်ကန်တွင် သိုလှောင်ပြီး စနစ်တကျ သုံးစွဲခြင်း၊<br>➢ ပြန်လည်အသုံးပြု၍ ရနိုင်သည့်ရေများအား ပြန်လည်သုံးစွဲခြင်း၊<br>➢ ဖျက်သိမ်းခြင်းကာလ၌ သွယ်ယူထားသော ပိုက်လိုင်းများကို စနစ်တကျ ပြန်လည် ဖြုတ်ယူခြင်းနှင့် ပြန်လည် အသုံးပြုစေခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်း၊ |
| မြေအရည်အသွေး | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ မြေတိုက်စားမှု/မြေပြိုမှုမဖြစ်စေရန် ကွန်ကရိခင်းခြင်း၊ မြေထိန်းနံရံများ ဆောင်ရွက်ခြင်း နှင့် သင့်လျော်သည့် စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း (ဥပမာ - ဒေသနှင့်ကိုက်ညီသည့် သစ်ပင်ပန်းမာန်များ စနစ်တကျ စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်း)<br>➢ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ထုတ်လွှတ်ခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊ |
| စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည် နှင့် ထုတ်လွှတ်အခိုးအငွေ့ | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ ကောင်းမွန်သည့်စက်ပစ္စည်းများကို အသုံးပြုခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊<br>➢ ဖျက်သိမ်းခြင်းကာလတွင် ဖြိုဖျက်ခြင်းကြောင့် ရရှိလာသော ဖြိုဖျက်ပစ္စည်းများကို စနစ်တကျစုပုံထားရှိခြင်းနှင့် လိုအပ်သောနေရာတွင် ပြန်လည်သုံးစွဲခြင်း၊<br>➢ ရေစီးဆင်းစနစ်လုပ်ဆောင်ပေးခြင်းနှင့် မြောင်းများတူးဖော်ပေးခြင်း၊<br>➢ ပြန်လည်အသုံးပြု၍ ရနိုင်သောရေများအား ပြန်လည်သုံးစွဲခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | ➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက် ခြင်း၊ |
| မီးဘေး အန္တရာယ် | ➢ မီးသတ်ဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များ ထားရှိခြင်းနှင့် မီးဘေးအန္တရာယ် နှင့်ပတ်သက်သည့် ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊<br>➢ လျှပ်စစ်ဝါယာကြိုးများအား စစ်ဆေးခြင်း၊<br>➢ တည်ဆောက်ရေးကာလတွင် တည်ဆောက်ရေးပစ္စည်းများအား စနစ်တကျ သိမ်းဆည်းသိုလှောင်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလတွင် ဖျက်သိမ်းခြင်းမှ ထွက်ရှိသော ပစ္စည်းများအား စနစ်တကျ စုပုံခြင်း၊<br>➢ မီးသတ်ဌာနနှင့် ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား သင့်လျော်သည့် သင်တန်းများ ပေးအပ်ခြင်း၊<br>➢ အရေးပေါ်မီးသတ်ဌာနနှင့်သက်ဆိုင်သောဆက်သွယ်ရမည့်ဖုန်းနံပါတ်များ နှင့် လိပ်စာများဖော်ပြထားရှိခြင်း၊ |
| ကျန်းမာရေး နှင့် ဘေး အန္တရာယ် ကင်းရှင်း ရေး | ➢ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းနှင့် တစ်ကိုယ်ရည်ကာကွယ် ရေး အသုံးအဆောင်ပစ္စည်းများ အသုံးပြုစေခြင်း၊<br>➢ အလုပ်ချိန် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊<br>➢ ကူးစက်ရောဂါများ မပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>➢ အရေးပေါ်သုံးဆေးဝါးများနှင့် ဆေးသေတ္တာများအား လက်လှမ်းမီရာ တွင် ထားရှိခြင်း၊<br>➢ ဝန်ထမ်းများအတွက် သောက်သုံးရေကို လုံလောက်စွာ ထားရှိပေးခြင်း၊ |

## ၇.၄.၂. စီမံကိန်းလည်ပတ်ခြင်းကာလအတွက် လျှော့ချမည့် နည်းလမ်းများ

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| လေအရည်အသွေး | ➢ တပ်ဆင်ထားသော အိုဇုန်းလွှာထိခိုက်မှုနည်းစေသော ဓာတ်ငွေ့သုံး လေအေးပေး စက်များ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းနှင့် အစားထိုးရန် လိုအပ်ပါက အိုဇုန်းလွှာ ထိခိုက်မှုနည်းစေသော ဓာတ်ငွေ့သုံး လေအေးပေးစက်များကိုသာ တပ်ဆင်သုံးစွဲခြင်း၊<br>➢ တပ်ဆင်ထားသည့် အမှုန်စုပ်စက် (Dust Collector) ၊ လေမှုတ်ထုတ်သည့်စက် (Exhaust Fan) နှင့် လေသန့်စင်သည့်စက် (Roof Ventilator) များ၊ မီးခိုးခေါင်းတိုင် စသည်တို့အား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ စက်ပစ္စည်းများအား ရေရှည်အသုံးပြုနိုင်ရန် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ နှင့် စောင့်ကြည့်စစ်ဆေးခြင်း၊<br>➢ စီမံကိန်းအတွင်း အစိမ်းရောင်ဧရိယာ (Greening Area) ထားရှိ၍ စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ခြင်း (ဥပမာ- Roof Top ၌ ဆောင်ရွက်ခြင်း) |
| အနံ့ | ➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ စွန့်ပစ်ပစ္စည်းများ (ပလတ်စတစ်၊ စက္ကူများနှင့် အခြားစွန့်ပစ်ပစ္စည်းများ) အား မီးရှို့မှု မပြုလုပ်ခြင်း၊<br>➢ ရေမြောင်းဖုံးများအား လုံခြုံစွာပိတ်၍ အနံ့ဆိုးများ မထွက်ရှိအောင် ပုံမှန်စစ်ဆေးခြင်း၊ |
| ဆူညံသံနှင့် တုန်ခါမှု | ➢ ဆူညံမှုများသော နေရာများတွင် ဆောင်ရွက်ရသည့် ဝန်ထမ်းများအား နားကြပ် နှင့်နားအဆို့အကာများ ထောက်ပံ့ပေးထားခြင်း နှင့် အလှည့်ကျ လုပ်ကိုင်စေခြင်း၊<br>➢ စက်ပစ္စည်းကရိယာများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း၊<br>➢ ဘေးပတ်ဝန်းကျင်သို့ ဆူညံသံနှင့် တုန်ခါမှုများမဖြစ်ပေါ်စေရန် အဆိုပါ ဆူညံသံထွက်ရှိရာ နေရာများအား လုံခြုံစွာကာရံထားခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| ရေအရည်အသွေး | ➢ မိလ္လာစနစ်နှင့်ရေမြောင်းများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ခြင်း<br>➢ မိလ္လာကန်စနစ်များ၊ စွန့်ပစ်ရေသန့်စင်စနစ်များအား ပုံမှန်စစ်ဆေးခြင်း<br>➢ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ပုံမှန်စစ်ဆေးခြင်း<br>➢ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို ရေဆင်းမြောင်းထဲသို့ စွန့်ပစ်မှု မပြုခြင်း၊<br>➢ စွန့်ပစ်ရေများအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ (အရည်အသွေး) ထုတ်လွှတ်မှု လမ်းညွှန်ချက်များအတိုင်း စနစ်တကျစွန့်ပစ်ခြင်း |
| မြေအရည်အသွေး | ➢ အမျိုးအစားတူ စွန့်ပစ်အမှိုက်များအား စနစ်တကျစုစည်းထားရှိခြင်း၊<br>➢ အမှိုက်ပုံးများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ ကွန်ကရီအခင်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း |
| စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည် နှင့် ထုတ်လွှတ် အခိုးအငွေ့ | ➢ စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်သော ပစ္စည်း၊ ပြန်လည်အသုံးမပြုနိုင် သော ပစ္စည်း စသည်တို့အား ခွဲခြားစွန့်ပစ်ခြင်း<br>➢ စွန့်ပစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်း YCDC အား ဆက်သွယ်ပြီး စနစ်တကျ စွန့်ပစ်ခြင်း<br>➢ ကောင်းမွန်သော စက်ပစ္စည်းများတပ်ဆင်ဆောင်ရွက်ပြီး အရည်အသွေး ပြည့်မီ သည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ လုပ်ငန်းသုံးလောင်စာစွမ်းအင်သုံးစက်များနှင့် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေး ကြည့်ရှုခြင်း၊<br>➢ အခိုးအငွေ့ထွက်ရှိသော နေရာများအား မီးခိုးခေါင်းတိုင်မြင့်မြင့် တည်ဆောက် ၍ စွန့်ထုတ်ခြင်း<br>➢ လောင်စာစွမ်းအင်သုံးစက်များ မောင်းနှင်မှုကြောင့် အခိုးအငွေ့များ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန် ရေဖျန်းစနစ်၊ Cycleone System နှင့် Scrubber များ တပ်ဆင်ခြင်း<br>➢ အစိုင်အခဲ၊ အရည်နှင့် အခိုးအငွေ့ထုတ်လွှတ်မှုတိုင်းအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | လမ်းညွှန်ချက်များနှင့် အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့်ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်း |
| မီးဘေး အန္တရာယ် | ➢ မီးသတ်ဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များ ထားရှိခြင်းနှင့် မီးဘေးအန္တရာယ် နှင့်ပတ်သက်သည့် ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊<br>➢ အရည်အသွေးကောင်းမွန်သော လျှပ်စစ်မီးကြိုးများ၊ Safeguard များအသုံး ပြုခြင်း၊<br>➢ အပူချိန်လွန်ကဲသော စက်ယန္တရားများမောင်းနှင်ရာ နေရာများတွင် အပူချိန်တိုင်း ကိရိယာများတပ်ဆင်ထားခြင်း၊<br>➢ မီးသတ်ဌာနနှင့်ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား မီးဘေး အန္တရာယ်နှင့် မီးသတ်ခြင်းဆိုင်ရာလုပ်ငန်းများအား လေ့ကျင့်ပေးခြင်း၊<br>➢ မီးသတိပေးစနစ်၊ မီးသတ်စနစ်၊ မီးသတ်ဆေးဘူးများ၊ အရေးပေါ် တံခါးပေါက်၊ လှေကားနှင့် အရေးပေါ်စုရပ်များအား လမ်းညွှန်စနစ်များ ထားရှိပေးခြင်း နှင့် ပုံမှန် စစ်ဆေးခြင်း၊<br>➢ အရေးပေါ်ဖြစ်ပွားလျှင် ဆေးကုသရေးနှင့် မီးသတ်ဌာန၊ အစိုးရဌာန များသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်များအား စီမံကိန်းအတွင်း အလွယ် တကူမြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားခြင်း၊ |
| ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ➢ အန္တရာယ်ရှိသော ပစ္စည်းများအား ကိုင်တွယ်အသုံးပြုရာတွင် တစ်ကိုယ် ရည်သုံး ကာကွယ်ရေးပစ္စည်းများ (**PPE)** အပြည့်အစုံဖြင့် စနစ်တကျ ဝတ်ဆင်ခြင်း၊<br>➢ လေဝင်လေထွက်ကောင်းမွန်စေရန် တပ်ဆင်ထားသည့် စနစ်များအား နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ ဝန်ထမ်းများအား ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း၊<br>➢ အရေးပေါ်ပြုစုရန် နေရာ (သို့) ဆေးပေးခန်းထားရှိခြင်း၊<br>➢ ကူးစက်ရောဂါဖြစ်ပွားနေသော လုပ်သားများအား လုပ်ငန်းခွင်မှ အနားပေးခြင်း၊ |

| ကဏ္ဍ | လျှော့ချမည့် နည်းလမ်းများ |
|---|---|
| | ➢ ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများအား စေလွှတ်တက်ရောက်စေ၍ ဆင့်ပွားသင်တန်းများ ပြန်လည်ပြုလုပ်ပေးခြင်း၊ |

# အခန်း (၈)၊ စီမံအုပ်ချုပ်မှုနှင့် စောင့်ကြည့်စစ်ဆေးရေးစီမံချက်

## ၈.၁. စီမံအုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ နှင့် တာဝန်ဝတ္တရားများ

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ခြင်းအတွက် လိုက်နာဆောင်ရွက်ရန် အဓိကတာဝန်ရှိသူများမှာ စီမံကိန်းပိုင်ရှင်ဖြစ်သူ နှင့် စီမံကိန်း၌ ဆောင်ရွက်နေသည့် ဝန်ထမ်းများဖြစ်ပါသည်။

ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများ ဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တို့အနေဖြင့် စီမံကိန်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ခြင်းအခြေအနေအား လေ့လာစောင့်ကြည့်ထိန်းသိမ်းသွားရန် လိုအပ်မည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တတိယအဖွဲ့အစည်းများအနေဖြင့် စီမံကိန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြံပြုချက်များပေးခြင်း၊ အစီရင်ခံစာရေးဆွဲပေးခြင်း စသည်တို့အား ကူညီပံ့ပိုးပေးသွားရန် လိုအပ်ပါသည်။

စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများနှင့် တာဝန်များအား အောက်ဖော်ပြပါ ဇယားဖြင့်ဖော်ပြအပ်ပါသည် -

**ဇယား ၈-၁ စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများနှင့် တာဝန်များ**

| စဉ် | တာဝန်ရှိမှု | သက်ဆိုင်သူများ | သက်ဆိုင်သည့် အခန်းကဏ္ဍ | တာဝန်ဝတ္တရားများ |
|---|---|---|---|---|
| ၁။ | စောင့်ကြပ်စစ်ဆေးရန် တာဝန်ရှိ အဖွဲ့အစည်းများ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန<br>မြို့နယ်စည်ပင်သာယာရေးကော်မတီ<br>ဒေသခံများနှင့် လူမှုအဖွဲ့အစည်းများ | လေ့လာစောင့်ကြည့် ထိန်းသိမ်းခြင်း | • စီမံကိန်း၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာကိစ္စရပ်များအား စောင့်ကြပ်စစ်ဆေးခြင်း နှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊<br>• ညွှန်ကြားချက်များ၊ ဝေဖန်အကြံပြုချက်များ၊ ပေါင်းစပ်ညှိနှိုင်းမှုများ၊ ပံ့ပိုးကူညီမှုများကို လိုအပ်သလို ပြုလုပ်ပေးခြင်း၊ |
| ၂။ | ဟိုတယ်လုပ်ငန်းရှင် | လုပ်ငန်းရှင်<br>မန်နေဂျာ | ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | • ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေးကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ရန်၊<br>• လုပ်ငန်းအဆင့်အလိုက် ပုံမှန်စစ်ဆေး ဆောင်ရွက်ရန်၊<br>• ပတ်ဝန်းကျင်ထိခိုက်မှုများရှိလာနိုင်သည့် ကိစ္စရပ်များအတွက် လမ်းညွှန်မှုများ၊ အရေးယူဆောင်ရွက်မှုများ ကြိုတင်ပြုလုပ်ထားရန်၊<br>• ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် ဝန်ဆောင်မှု အကောင်းမွန်ဆုံးပေးနိုင်စေရေး ဆောင်ရွက်ရန်၊<br>• လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအစဉ်များ ချမှတ်ဖော်ဆောင်ရန်၊<br>• ဝန်ထမ်းများအား အသိပညာပေးနှင့် သင်တန်းအစီအစဉ် များ ပြုလုပ်ပေးရန်၊<br>• အရေးပေါ်အခြေအနေ ကြီးကြပ်ရေးအစီအစဉ်အား ပြင်ဆင်ထားရှိရန်၊<br>• လူမှုပတ်ဝန်းကျင်နှင့်သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများ လျော့ပါးသက်သာစေရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းမှတ်တမ်းများအား စနစ်တကျပြုစုထားရှိရန်နှင့် သက်ဆိုင်ရာများမှ လာရောက် စစ်ဆေးပါက အစီ ရင်ခံတင်ပြနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်။ |
| ၃။ | တတိယပုဂ္ဂိုလ်အဖွဲ့အစည်း/ အကြံပေး ပညာရှင်များ | ပတ်ဝန်းကျင်ဆိုင်ရာ အကြံပေး ပညာရှင်များ | အကြံပြုကူညီ ပံ့ပိုးခြင်း | • လုပ်ငန်းဆောင်ရွက်ခြင်းအဆင့်ဆင့်အားလိုအပ်သလို အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်းများ ပြုလုပ်ရန်၊<br>• ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲရာတွင် ဦးဆောင် အကြံပေးရန်၊<br>• ပြည်သူလူထု၏ သဘောထား အမြင်များရယူပေးရန်၊<br>• ဆောင်ရွက်ထားရှိသည့် လုပ်ငန်းမှတ်တမ်းများအား စနစ်တကျပြုစု၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနသို့ အစီရင်ခံ တင်ပြရန် ကူညီ ဆောင်ရွက်ရန်။ |

စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် စီမံကိန်းပိုင်ရှင် အနေဖြင့် အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင် အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) အား ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့**

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | အဖွဲ့ခေါင်းဆောင် |
| ၂ | လက်ထောက်မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | အဖွဲ့ဝင် |
| ၄ | ဝန်ထမ်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့ခေါင်းဆောင် နှင့် အဖွဲ့ဝင်တို့၏ တာဝန်ဝတ္တရားများ**

| | |
|---|---|
| **အဖွဲ့ခေါင်းဆောင်** | • ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ကိစ္စရပ်များကို စနစ် တကျ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း<br>• ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် ဝန်ဆောင်မှု အကောင်းမွန်ဆုံး ပေးနိုင်စေရေး ဆောင်ရွက်ခြင်း<br>• ပတ်ဝန်းကျင်ထိခိုက်မှုများ ရှိ လာနိုင်သည့် ကိစ္စရပ် များအတွက် လမ်းညွှန်မှုများ၊ အရေးယူဆောင်ရွက်မှုများ ကြိုတင် ပြုလုပ်ထားခြင်း<br>• သက်ဆိုင်ရာမှ လာရောက်စစ်ဆေးပါက အစီရင်ခံတင်ပြနိုင်ရန် အတွက် ကြိုတင်ပြင်ဆင်ထားခြင်း<br>• ပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာများ တင်ပြနိုင်ရေးဆောင်ရွက်ခြင်း |
| **အဖွဲ့ဝင်များ** | • လုပ်ငန်းအဆင့်အလိုက် ပုံမှန်စစ်ဆေး ဆောင်ရွက်ရန်၊<br>• ဝန်ထမ်းများအား အသိပညာပေးနှင့် သင်တန်းအစီအစဉ် များ ပြုလုပ်ပေးရန်၊ |

| | |
|---|---|
| | • လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊<br>• အရေးပေါ်အခြေအနေ ကြီးကြပ်ရေးအစီအစဉ်အား ပြင်ဆင်ထားရှိရန်၊<br>• လူမှုပတ်ဝန်းကျင်နှင့်သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများ လျော့ပါးသက်သာစေရေး အတွက် ဆောင်ရွက် ထားရှိ သည့် လုပ်ငန်းမှတ်တမ်းများ အား စနစ်တကျ ပြုစုထားရှိ ရန် |

## ၈.၂. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ

စီမံကိန်းအနေဖြင့် အောက်ပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ ကာကွယ်မှု အစီအစဉ်

(ခ) ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ်

(ဂ) အရေးပေါ်အခြေအနေ တုံ့ပြန်မှု အစီအစဉ်

(ဃ) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်

(င) ဝန်ထမ်းများအတွက် အသိပညာပေးနှင့် သင်တန်းအစီအစဉ်

### ၈.၂.၁. ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ ကာကွယ်မှု အစီအစဉ်

လုပ်ငန်းဆောင်ရွက်ချက်အမျိုးမျိုးကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ် သက်ရောက်နိုင်မှုနှင့် ထိခိုက်နိုင်မှုများလျော့နည်းစေရန်အတွက် စီမံကိန်း၏ အချိန်ကာလအဆင့်အလိုက် (တည်ဆောက်ခြင်းကာလ၊ လည်ပတ်ခြင်းကာလနှင့် ဖျက်သိမ်းခြင်းကာလ) ပတ်ဝန်းကျင် ထိခိုက်မှုလျှော့ချရေးအစီအစဉ်များကို အောက်ပါဇယားတွင် အသေးစိတ်ဖော်ပြအပ်ပါသည်-

## ဇယား ၈-၂ တည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးအစီအစဉ်များ

**တည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလ။** ။ ယင်းကာလတွင် လုပ်ငန်းသုံးယာဉ်များ လည်ပတ်မောင်းနှင်ခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း နှင့် လုပ်ငန်းသုံးစက်ပစ္စည်းများ တပ်ဆင်ခြင်းများ ပါဝင်ပါသည်။

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျှော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| ၁။ | လေအရည်အသွေး | ➢ လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ ယာဉ်သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ခြင်း၊<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ အမှုန်အမွှားများထွက်ရှိမှုနည်းပါးစေရန် စီမံကိန်းအတွင်း ရေဖြန်းခြင်း၊<br>➢ စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်း မပြုလုပ်ခြင်း၊ | ၁,၀၀၀,၀၀၀ | EMP Implementation Team |
| ၂။ | အနံ့ | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ စွန့်ပစ်ပစ္စည်းများအား မီးရှို့မှု မပြုလုပ်ခြင်း၊ | ၅၀၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည် ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ➢ လုပ်ငန်းခွင်အတွင်း ယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်ခြင်း၊ | | |
| ၃။ | ဆူညံသံနှင့် တုန်ခါမှု | ➢ လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ ဂျင်နရေတာအား အသံလုံသည့်အခန်းတွင်ထားရှိခြင်း၊ | ၅၀၀,၀၀၀ | EMP Implementation Team |
| ၄။ | ရေအရည်အသွေး | ➢ ရေစီးဆင်းစနစ်လုပ်ဆောင်ပေးခြင်းနှင့် မြောင်းများတူးဖော်ပေးခြင်း၊<br>➢ မြေအောက်ရေအားထုတ်ယူ၍ ရေသိုလှောင်ကန်တွင် သိုလှောင်ပြီး စနစ်တကျ သုံးစွဲခြင်း၊<br>➢ ပြန်လည်အသုံးပြု၍ ရနိုင်သည့်ရေများအား ပြန်လည်သုံးစွဲခြင်း၊<br>➢ ဖျက်သိမ်းခြင်းကာလ၌ သွယ်ယူထားသော ပိုက်လိုင်းများကို စနစ်တကျ ပြန်လည် ဖြုတ်ယူခြင်းနှင့် ပြန်လည် အသုံးပြုစေခြင်း၊<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်း၊ | ၅၀၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည် ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| ၅။ | မြေအရည် အသွေး | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ မြေတိုက်စားမှု/မြေပြိုမှုမဖြစ်စေရန် ကွန်ကရိခင်းခြင်း၊ မြေထိန်းနံရံများ ဆောင်ရွက်ခြင်း နှင့် သင့်လျော်သည့် စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း (ဥပမာ - ဒေသနှင့်ကိုက်ညီသည့် သစ်ပင်ပန်းမာန်များ စနစ်တကျ စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်း)<br>➢ စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ထုတ်လွှတ်ခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊ | ၁,၀၀၀,၀၀၀ | EMP Implementation Team |
| ၆။ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည် နှင့် ထုတ်လွှတ် အခိုးအငွေ့ | ➢ လုပ်ငန်းသုံးယာဉ်များအား ပုံမှန်စစ်ဆေးခြင်း၊<br>➢ ကောင်းမွန်သည့်စက်ပစ္စည်းများကို အသုံးပြုခြင်း၊<br>➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ အမှိုက်ပုံများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊ | ၁,၀၀၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊<br>➢ ဖျက်သိမ်းခြင်းကာလတွင် ဖြိုဖျက်ခြင်းကြောင့် ရရှိလာသော ဖြိုဖျက်ပစ္စည်းများကို စနစ်တကျစုပုံထားရှိခြင်းနှင့် လိုအပ်သောနေရာတွင် ပြန်လည်သုံးစွဲခြင်း၊<br>➢ ရေစီးဆင်းစနစ်လုပ်ဆောင်ပေးခြင်းနှင့် မြောင်းများတူးဖော်ပေးခြင်း၊<br>➢ ပြန်လည်အသုံးပြု၍ ရနိုင်သောရေများအား ပြန်လည်သုံးစွဲခြင်း၊<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်နိုင်စေရန် လိုအပ်သည့် ကိရိယာများ တပ်ဆင်ဆောင်ရွက် ခြင်း၊ | | |
| ၇။ | မီးဘေး အန္တရာယ် | ➢ မီးသတ်ဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များ ထားရှိခြင်းနှင့် မီးဘေးအန္တရာယ် နှင့်ပတ်သက်သည့် ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊<br>➢ လျှပ်စစ်ဝါယာကြိုးများအား စစ်ဆေးခြင်း၊ | ၅၀၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ➢ တည်ဆောက်ရေးကာလတွင် တည်ဆောက်ရေးပစ္စည်းများအား စနစ်တကျ သိမ်းဆည်းသိုလှောင်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလတွင် ဖျက်သိမ်းခြင်းမှ ထွက်ရှိသော ပစ္စည်းများအား စနစ်တကျ စုပုံခြင်း၊<br>➢ မီးသတ်ဌာနနှင့် ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား သင့်လျော်သည့် သင်တန်းများ ပေးအပ်ခြင်း၊<br>➢ အရေးပေါ်မီးသတ်ဌာနနှင့်သက်ဆိုင်သောဆက်သွယ်ရမည့်ဖုန်းနံပါတ်များနှင့် လိပ်စာများဖော်ပြထားရှိခြင်း၊ | | |
| ၈။ | ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ➢ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်းနှင့် တစ်ကိုယ်ရည်ကာကွယ် ရေး အသုံးအဆောင်ပစ္စည်းများ အသုံးပြုစေခြင်း၊<br>➢ အလုပ်ချိန် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊<br>➢ အမှိုက်ပုံးများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ လုပ်ငန်းခွင်အတွင်း ယာယီယင်လုံအိမ်သာများ စနစ်တကျ တည်ဆောက်၍ လုံလောက်စွာထားရှိပေးခြင်း၊ | ၁,၀၀၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ➢ ကူးစက်ရောဂါများ မပြန့်ပွားရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>➢ အရေးပေါ်သုံးဆေးဝါးများနှင့် ဆေးသေတ္တာများအား လက်လှမ်းမီရာ တွင်ထားရှိခြင်း၊<br>➢ ဝန်ထမ်းများအတွက် သောက်သုံးရေကို လုံလောက်စွာ ထားရှိပေးခြင်း၊ | | |

**မှတ်ချက်။** စုစုပေါင်းလျာထားငွေ ကျပ် သိန်း (၆၀) ဖြစ်ပါသည်။

## ဇယား ၈-၃ လည်ပတ်ခြင်းကာလအတွက် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးအစီအစဉ်များ

**လည်ပတ်ခြင်းကာလ။** ။ယင်းကာလတွင် စီမံကိန်းအတွင်း ဆောင်ရွက်မှုများအားလုံး ပါဝင်ပါသည်။

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| ၁။ | လေအရည်အသွေး | ➢ တပ်ဆင်ထားသော အိုဇုန်းလွှာထိခိုက်မှုနည်းစေသော ဓာတ်ငွေ့သုံး လေအေးပေးစက်များ ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းနှင့် အစားထိုးရန်လိုအပ်ပါက အိုဇုန်းလွှာ ထိခိုက်မှုနည်းစေသော ဓာတ်ငွေ့သုံး လေအေးပေးစက်များကိုသာ တပ်ဆင်သုံးစွဲခြင်း၊<br>➢ တပ်ဆင်ထားသည့် အမှုန်စုပ်စက် (Dust Collector) ၊ လေမှုတ်ထုတ်သည့်စက် (Exhaust Fan) နှင့် လေသန့်စင်သည့်စက် (Roof Ventilator) များ၊ မီးခိုးခေါင်းတိုင် စသည်တို့အား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ စက်ပစ္စည်းများအား ရေရှည်အသုံးပြုနိုင်ရန် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊ နှင့် စောင့်ကြည့် စစ်ဆေးခြင်း၊<br>➢ စီမံကိန်းအတွင်း အစိမ်းရောင်ဧရိယာ (Greening Area) ထားရှိ၍ စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ခြင်း (ဥပမာ- Roof Top ၌ ဆောင်ရွက်ခြင်း) | ၂၅၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| ၂။ | အနံ့ | ➢ အရည်အသွေးပြည့်မီသည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ စွန့်ပစ်ပစ္စည်းများ (ပလတ်စတစ်၊ စက္ကူများနှင့် အခြားစွန့်ပစ်ပစ္စည်း များ) အား မီးရှို့မှု မပြုလုပ်ခြင်း၊<br>➢ ရေမြောင်းဖုံးများအား လုံခြုံစွာပိတ်၍ အနံ့ဆိုးများ မထွက်ရှိအောင် ပုံမှန်စစ်ဆေး ခြင်း၊ | ၂၅၀,၀၀၀ | EMP Implementation Team |
| ၃။ | ဆူညံသံနှင့် တုန်ခါမှု | ➢ ဆူညံမှုများသော နေရာများတွင် ဆောင်ရွက်ရသည့် ဝန်ထမ်းများအား နားကြပ် နှင့် နားအဆို့အကာများ ထောက်ပံ့ပေးထားခြင်း နှင့် အလုပ်ကိုင်စေခြင်း၊ (line reads: အလှည့်ကျ လုပ်ကိုင်စေခြင်း၊)<br>➢ စက်ပစ္စည်းကရိယာများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း၊<br>➢ ဘေးပတ်ဝန်းကျင်သို့ ဆူညံသံနှင့် တုန်ခါမှုများမဖြစ်ပေါ်စေရန် အဆိုပါ ဆူညံသံထွက်ရှိရာ နေရာများအား လုံခြုံစွာကာရံထားခြင်း၊ | ၂၅၀,၀၀၀ | EMP Implementation Team |
| ၄။ | ရေအရည်အသွေး | ➢ မိလ္လာစနစ်နှင့်ရေမြောင်းများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ခြင်း<br>➢ မိလ္လာကန်စနစ်များ၊ စွန့်ပစ်ရေသန့်စင်စနစ်များအား ပုံမှန်စစ်ဆေးခြင်း<br>➢ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ပုံမှန်စစ်ဆေးခြင်း<br>➢ အမှိုက်များနှင့် စွန့်ပစ်ပစ္စည်းများကို ရေဆင်းမြောင်းထဲသို့ စွန့်ပစ်မှု မပြုခြင်း၊ | ၂၅၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ➢ စွန့်ပစ်ရေများအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ (အရည်အသွေး) ထုတ်လွှတ်မှု လမ်းညွှန်ချက်များအတိုင်း စနစ်တကျစွန့်ပစ်ခြင်း | | |
| ၅။ | မြေအရည်အသွေး | ➢ အမျိုးအစားတူ စွန့်ပစ်အမှိုက်များအား စနစ်တကျစုစည်းထားရှိခြင်း၊<br>➢ အမှိုက်ပုံးများထားရှိပေးခြင်းနှင့် သတ်မှတ်ထားသော ဧရိယာတွင် စွန့်ပစ်ခြင်း၊<br>➢ ကွန်ကရိအခင်းများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်း | ၂၅၀,၀၀၀ | EMP Implementation Team |
| ၆။ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည် နှင့် ထုတ်လွှတ်အခိုးအငွေ့ | ➢ စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်သော ပစ္စည်း၊ ပြန်လည်အသုံးမပြု နိုင်သောပစ္စည်း စသည်တို့အား ခွဲခြားစွန့်ပစ်ခြင်း<br>➢ စွန့်ပစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်း YCDC အား ဆက်သွယ်ပြီး စနစ်တကျ စွန့်ပစ်ခြင်း<br>➢ ကောင်းမွန်သော စက်ပစ္စည်းများတပ်ဆင်ဆောင်ရွက်ပြီး အရည်အသွေးပြည့်မီ သည့် လောင်စာဆီများ အသုံးပြုခြင်း၊<br>➢ လုပ်ငန်းသုံးလောင်စာစွမ်းအင်သုံးစက်များနှင့် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေး ကြည့်ရှုခြင်း၊ | ၂၅၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ➢ အခိုးအငွေ့ထွက်ရှိသော နေရာများအား မီးခိုးခေါင်းတိုင်မြင့်မြင့် တည်ဆောက် ၍ စွန့်ထုတ်ခြင်း<br>➢ လောင်စာစွမ်းအင်သုံးစက်များ မောင်းနှင်မှုကြောင့် အခိုးအငွေ့များ ပတ်ဝန်းကျင် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း | | |
| ၇။ | မီးဘေး အန္တရာယ် | ➢ မီးသတ်ဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များ ထားရှိခြင်းနှင့် မီးဘေးအန္တရာယ် နှင့် ပတ်သက်သည့် ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊<br>➢ အရည်အသွေးကောင်းမွန်သော လျှပ်စစ်မီးကြိုးများ၊ Safeguard များအသုံးပြုခြင်း၊<br>➢ အပူချိန်လွန်ကဲသော စက်ယန္တရားများမောင်းနှင်ရာ နေရာများတွင် အပူချိန်တိုင်း ကိရိယာများတပ်ဆင်ထားခြင်း၊<br>➢ မီးသတ်ဌာနနှင့်ဆက်သွယ်၍ စီမံကိန်းရှိဝန်ထမ်းများအား မီးဘေး အန္တရာယ်နှင့် မီးသတ်ခြင်းဆိုင်ရာလုပ်ငန်းများအား လေ့ကျင့်ပေးခြင်း၊<br>➢ မီးသတ်ပေးစနစ်၊ မီးသတ်စနစ်၊ မီးသတ်ဆေးဘူးများ၊ အရေးပေါ် တံခါးပေါက်၊ လှေကားနှင့် အရေးပေါ်စုရပ်များအား လမ်းညွှန်စနစ်များ ထားရှိပေးခြင်း နှင့် ပုံမှန် စစ်ဆေးခြင်း၊ | ၂၅၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည်ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ○ အရေးပေါ်ဖြစ်ပွားလျှင် ဆေးကုသရေးနှင့် မီးသတ်ဌာန၊ အစိုးရဌာန များသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်များအား စီမံကိန်းအတွင်း အလွယ်တကူမြင်သာသည့် နေရာများတွင် ချိတ်ဆွဲထားခြင်း၊ | | |
| ၈။ | ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ➢ အန္တရာယ်ရှိသော ပစ္စည်းများအား ကိုင်တွယ်အသုံးပြုရန်လိုအပ်ပါက တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ပစ္စည်းများ (**PPE)** အပြည့်အစုံဖြင့် စနစ်တကျ ဝတ်ဆင်ဆောင်ရွက်စေခြင်း၊<br>➢ လေဝင်လေထွက်ကောင်းမွန်စေရန် တပ်ဆင်ထားသည့် စနစ်များအား နှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း၊<br>➢ ဝန်ထမ်းများအား ပုံမှန်ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း၊<br>➢ အရေးပေါ်ပြုစုရန် နေရာ (သို့) ဆေးပေးခန်းထားရှိခြင်း၊<br>➢ ကူးစက်ရောဂါဖြစ်ပွားနေသော လုပ်သားများအား လုပ်ငန်းခွင်မှအနားပေး ခြင်း၊ | ၂၅၀,၀၀၀ | EMP Implementation Team |

| စဉ် | ကဏ္ဍ | အဆိုပြုထားသော လျော့ပါးစေရေး/ တိုးတက်စေရေး နည်းလမ်းများ | လျာထားငွေ (ကျပ်) | အကောင်အထည် ဖော် ဆောင်ရွက်သူ |
|---|---|---|---|---|
| | | ➢ ဝန်ထမ်းများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများသို့ စေလွှတ်တက်ရောက်စေ၍ ဆင့်ပွားသင်တန်းများ ပြန်လည်ပြုလုပ်ပေးခြင်း၊ | | |

မှတ်ချက်။ နှစ်စဉ် လျာထားငွေ ကျပ်သိန်း (၂၀) ဖြစ်ပါသည်။

### ၈.၂.၂. ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်

စီမံကိန်းဆောင်ရွက်သူ အနေဖြင့် လုပ်ငန်း ဆောင်ရွက်နေစဉ် ကာလ တစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆထိခိုက်မှုမဖြစ်ပွားစေရေး တို့အတွက် ဦးစားပေး ဆောင်ရွက်ပါမည်။

စီမံကိန်းအတွင်း မတော်တဆထိခိုက်ဒဏ်ရာရမှုများကိုလျှော့ချရေး၊ ဖြစ်နိုင်သော အန္တရာယ်များကို ဖယ်ရှားရေးနှင့် လိုအပ်သော အကာအကွယ်များပြုလုပ်ပေးရေး၊ အသိပညာ ပေးခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ဝန်ထမ်းများ ကျန်းမာသန်စွမ်း ပြီး လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းများအောင်မြင်တိုးတက်စေရေး နှင့် အန္တရာယ်ကင်းသောလုပ်ငန်းခွင်တစ်ခုအဖြစ် ထိန်းသိမ်းထားနိုင်ရေးအတွက် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက် ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

စီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အထူး သဖြင့် ပြည်သူ့ကျန်းမာရေးဥပဒေ နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာဥပဒေ တို့အား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်အား အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည် ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | အဖွဲ့ခေါင်းဆောင် |
| ၂ | လက်ထောက်မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | အဖွဲ့ဝင် |
| ၄ | ဝန်ထမ်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ် လုပ်ဆောင်သည့် အဖွဲ့များအနေဖြင့် အောက်ပါအချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- ✓ လုပ်ငန်းခွင်အား ပုံမှန်စစ်ဆေးခြင်း၊ (စစ်ဆေးချက်ပုံစံပြုစု၍ စစ်ဆေးရန်လိုအပ်ပါသည်)
- ✓ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားမှုနှင့် အခြား ထူးခြားသည့် အခြေအနေ ဖြစ်ပွားပါက ချက်ချင်း စုံစမ်းခြင်း၊
- ✓ ကော်မတီအစည်းအဝေး တစ်လလျှင် တစ်ကြိမ် ကျင်းပ၍ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအခြေအနေ၊ လုပ်ငန်းခွင်စစ်ဆေးခြင်းနှင့် မတော်တဆထိခိုက်မှု စုံစမ်းခြင်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခြေအနေနှင့် ပြုပြင်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခြင်း၊
- ✓ အစည်းအဝေးဆုံးဖြတ်ချက်များကို စီမံခန့်ခွဲရေးသို့တင်ပြ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊
- ✓ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိစိတ်ဓာတ် မြှင့်တင်ရေး သင်တန်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊
- ✓ လုပ်ငန်းခွင် စစ်ဆေးခြင်း၊ မတော်တဆ ထိခိုက်မှု စုံစမ်းစစ်ဆေးခြင်းမှတ်တမ်းများ၊ အစည်းအဝေးကျင်းပခြင်း မှတ်တမ်းများ အစရှိသည်တို့ကို ပြုစုထိန်းသိမ်းခြင်း၊
- ✓ စီမံကိန်းအတွက် ရေးဆွဲထားသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲ မှု စနစ်ကို ဝန်ထမ်းများအား ကောင်းစွာ သိနားလည်စေခြင်း၊
- ✓ လုပ်ငန်းခွင်အတွင်း အမြဲမပြတ် လိုက်လံစစ်ဆေးလျက် အန္တရာယ်ရှိသော အခြေအနေ များကို ဖော်ထုတ်ကာ ၎င်းတို့ကို အန္တရာယ်ကင်းသည့် အခြေအနေရောက်အောင် ပြင်ဆင် ဆောင်ရွက်ပေးခြင်း၊
- ✓ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေတို့နှင့်ကိုက် ညီအောင် လုပ်ငန်းခွင်အား ထိန်းသိမ်းထားခြင်း၊
- ✓ ဝန်ထမ်းများအား ၎င်းတို့ကိုင်တွယ်နေသော စက်ကိရိယာနှင့်ပတ်သက်၍ သင်တန်း များပေးခြင်း၊
- ✓ လုပ်ငန်းစဉ်အလိုက် ဝတ်ဆင်ရန်လိုအပ်သည့် တစ်ကိုယ်ရည်ကာကွယ်ရေး အသုံး အဆောင်ပစ္စည်းများအား ထောက်ပံ့ပေးခြင်း။

ထို့အပြင် လုပ်ငန်းခွင်အား အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုလျက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အခြေအနေကို အမြဲတိုးတက်အောင် ဆောင်ရွက်သင့်ပြီး လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်နိုင်သည့်အန္တရာယ်များ၊ ဖြစ်ပွါးခဲ့သော အန္တရာယ်များကို ကော်မတီအနေဖြင့် အောက်ပါအတိုင်းအကဲဖြတ်ရန်လိုအပ်မည်ဖြစ်ပါသည်-

- **အန္တရာယ်များကို စူးစမ်းရှာဖွေခြင်း (Hazard Indentification)။** အလုပ်၏ သဘောသဘာဝ၊ ကြုံတွေ့နိုင်သည့်အန္တရာယ်များ၊ မမြင်နိုင်သည့် အန္တရာယ် များ စသည်တို့ကို သင့်တော်သည့်နည်းလမ်းများဖြင့် စူးစမ်းရှာဖွေပြီး ကြီးကြပ်ရေးအဖွဲ့ဝင်များ တိုင်ပင်ဖော်ထုတ်ရမည်။ မိမိတို့လုပ်ငန်းသာမက အခြား ပြင်ပပယောဂ ကြောင့်ရနိုင်မည့် အန္တရာယ်များကိုပါ ထည့်သွင်းစဉ်းစားရမည်။
- **အန္တရာယ်အကဲဖြတ်ခြင်း (Risk Evaluation)။** ကြီးကြပ်ရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းများတွင် အန္တရာယ်နည်းသည် (သို့) များသည်ကို အောက်ပါဇယားအတိုင်း အကဲဖြတ်ပါမည် -

| ဖြစ်နိုင်ချေ / ပြင်းအား | ဖြစ်တောင့်ဖြစ်ခဲ | တစ်ခါတစ်ရံဖြစ် | မကြာခဏဖြစ် |
|---|---|---|---|
| အသက်အန္တရာယ်ရှိ | အန္တရာယ် အတန်အသင့် ရှိ | အန္တရာယ်များ | အန္တရာယ်များ |
| ဒဏ်ရာပြင်းထန် | အန္တရာယ်နည်း | အန္တရာယ် အတန်အသင့်ရှိ | အန္တရာယ်များ |
| မပြောပလောက် | အန္တရာယ်နည်း | အန္တရာယ်နည်း | အန္တရာယ် အတန်အသင့် ရှိ |

- **အန္တရာယ်ကိုထိန်းချုပ်ခြင်း (Risk Control)။** ကြီးကြပ်ရေးအဖွဲ့အနေဖြင့် အန္တရာယ်အကဲဖြတ်ဇယားတွင် အန္တရာယ်ဦးစားပေးအဆင့်ကို သတ်မှတ်လိုက်ပြီးနောက် ထိုအန္တရာယ်များကိုလျော့နည်းကျဆင်းသွားအောင် (သို့) ပပျောက်သွားအောင် အောက်ပါထိန်းချုပ်နည်းလမ်းများဖြင့် ဆောင်ရွက် ရမည်-
  - **ဖျောက်ဖျက်ခြင်း (Elimination)။** လုပ်ငန်းခွင်မှ အန္တရာယ်များကို ဖျောက်ဖျက်ခြင်းသည် ပထမဦးဆုံးလုပ်ရမည့်အန္တရာယ်ကာကွယ်ရေးလုပ်ငန်း

ဖြစ်သည်။ (ဥပမာ- ပျဉ်ပြားတွင် သံများရှိနေပါက ထိုသံများကို နှုတ်ပစ်လိုက်ခြင်းဖြစ်သည်၊ သံများကိုနှုတ်လိုက်ပါက သံစူးမည့်အန္တရာယ်မရှိတော့ပါ။)

- **အစားထိုးခြင်း (Substitution)။** အကယ်၍ အန္တရာယ်ကို ဖျောက်ဖျက်ရန် မလွယ်ကူ၊ မဖြစ်နိုင်ပါက အန္တရာယ်ပိုနည်းသည့်ပစ္စည်း၊ စက်ကိရိယာ နည်းလမ်းများဖြင့် အစားထိုးဆောင်ရွက်ခြင်း ဖြစ်သည်။ (ဥပမာ- မျက်နှာကျက်ကို ဆေးသုတ်ရမည်ဆိုပါက ငြမ်းဆင်ပြီး အပေါ်တက်သုတ်ပါက ပြုတ်ကျနိုင်သည့်အန္တရာယ်ရှိသဖြင့် ဝါးလုံးရှည် ဖြင့် အောက်မှလှမ်းသုတ်ခြင်း၊ အလွန်ဆူညံသော မီးစက်အစား အသံလုံ မီးစက်များကို အစားထိုး သုံးစွဲခြင်း စသည်တို့ဖြစ်သည်။)
- **အင်ဂျင်နီယာနည်းဖြင့် ထိန်းချုပ်ခြင်း (Engineering Control)။** အထက်ပါ နည်းလမ်းများဖြင့် ထိန်းချုပ်၍ မရသည့်အခါမျိုးတွင် အင်ဂျင်နီယာနည်းဖြင့် ထိန်းချုပ်ခြင်းကိုဆောင်ရွက်နိုင်သည်။ (ဥပမာ - အထည်များ ဖြတ်ခြင်း/ ညှပ်ခြင်း ပြုလုပ်သည့်နေရာတွင် အမှုန်စုတ်စက်များ တပ်ဆင် ပေးခြင်း)

▪ **အုပ်ချုပ်ရေးပိုင်းမှထိန်းချုပ်ခြင်း (Administrative Control)။** အုပ်ချုပ်ရေးပိုင်းမှ စီမံခန့်ခွဲမှုမျိုးဖြင့် ထိန်းချုပ်ခြင်းဖြစ်သည်၊ (ဥပမာ- အန္တရာယ်ရှိသောအလုပ်များ တွင် ထိုအလုပ်နှင့်ပတ်သက်၍ ကျွမ်းကျင်သော ဝန်ထမ်းအား ရွေးချယ်ဆောင်ရွက် စေခြင်း၊ ဆူညံသောနေရာ များတွင် အလှည့်ကျစနစ်ဖြင့် လုပ်ခိုင်းခြင်းမျိုး ဖြစ်သည်။)

## ၈.၂.၃. အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်

စီမံကိန်းဆောင်ရွက်သူ အနေဖြင့် လုပ်ငန်း ဆောင်ရွက်နေစဉ် ကာလ တစ်လျှောက်တွင် လုပ်ငန်းဧရိယာအတွင်း ဝန်ထမ်းများ၊ သဘာဝပတ်ဝန်းကျင်၊ ပိုင်ဆိုင်မှု ပစ္စည်း၊ အဆောက်အဦ စသည်တို့ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပုံမှန်မဟုတ်သော မတော်တဆမှု ဘေးအန္တရာယ် တစ်ခုခု ကို အရေးပေါ်အခြေအနေဟု ခေါ်ဆိုနိုင်သည်။ ထိုမမျှော်လင့်ဘဲဖြစ်ပေါ်လာနိုင်သည့် သဘာဝ ဘေးအန္တရာယ်များကျရောက်ခြင်းနှင့် လူသားများကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ် များကြောင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးနှင့် အနည်းဆုံးဖြစ်စေရေး တို့အတွက် အရေးပေါ် အခြေအနေတုန့်ပြန်ရေးစီမံချက် ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်အား ပစ္စည်းများပျက်စီးမှုနှင့် ဝန်ထမ်းများ ထိခိုက်မှုတို့ကို ကြိုတင်ကာကွယ်ရန်၊ အဆောက်အဦများ၊ သိုလှောင်ရုံများနှင့် စက်ပစ္စည်း ကိရိယာများ ပျက်စီးမှုလျော့နည်းစေရန်၊ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများကို ကာကွယ် ပေးရန်၊ ပုံမှန်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်စတင်နိုင်ရန်နှင့် အလုပ်သမားများ အပေါ် ထိခိုက်မှုအနာတရများနှင့် အသေအပျောက်ဖြစ်စေမှုများကို ကြိုတင်ကာကွယ်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အထူး သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်း ရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ တို့အား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၎င်းအစီအစဉ်အား အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည် ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | အဖွဲ့ခေါင်းဆောင် |
| ၂ | လက်ထောက်မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | အဖွဲ့ဝင် |
| ၄ | ဝန်ထမ်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

**အရေးပေါ်အခြေအနေတုံ့ပြန်ရေးလုပ်ငန်းစဉ်များ ရေးဆွဲခြင်းအစီအစဉ်**

မမျှော်လင့်ဘဲဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကျရောက်ခြင်းကြောင့် ပျက်စီး ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးနှင့် အနည်းဆုံးဖြစ်စေရေးတို့အတွက် အောက်ဖော်ပြပါ အစီ အစဉ်များ ရေးဆွဲဆောင်ရွက်ထားပါသည်-

(က) မီးဘေးလုံခြုံရေးအစီအစဉ်

(ခ) သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်

## ၈.၂.၃.၁. မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း ဘေးလုံခြုံရေးအစီအစဉ်

မီးလောင်လွယ်သော လောင်စာဆီများနှင့် အခြားမီးလောင်နိုင်သည့် ပစ္စည်းများရှိခြင်းကြောင့် ပူပြင်းသော နွေရာသီနှင့် လျှပ်စစ်လိုင်းတို့မှ ရှော့ဖြစ်၍ မီးလောင်နိုင်ခြင်းမှတစ်ဆင့် လူနေအိမ်အဆောက်အဦများသို့ မီးကူးနိုင်ခြင်း၊ ချက်ပြုတ်ခြင်းမှ မီးလောင်နိုင်ခြင်းတို့ ဖြစ်ပွားနိုင်သဖြင့် မီးဘေးကာကွယ်ရေးစီမံချက်အား ရေးဆွဲထားရှိပါသည်။ မီးဘေးအန္တရာယ်ကြောင့် ဝန်ထမ်းများ၊ တည်းခိုနေထိုင်သူများနှင့် မိမိတို့၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရန်နှင့်လျော့နည်းသက်သာစေရန်တို့အတွက် မီးဘေးစီမံချက်အား ကြိုတင်ရေးဆွဲထားပါသည်။

**မီးလောင်ကျွမ်းမှုအမျိုးအစားများ**

မီးလောင်ကျွမ်းမှုအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပေါ့ဆမှုကြောင့်လောင်ကျွမ်းခြင်း၊

(ခ) သဘာဝအလျှောက်လောင်ကျွမ်းခြင်း၊

(ဂ) သောင်းကျန်းသူနှင့် မသမာသူများမှရှို့မီးကြောင့် လောင်ကျွမ်းခြင်း

**မီးအမျိုးအစားများ**

မီးအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရိုးရိုးမီး

(ခ) လောင်စာမီး (ဆီမီး)

(ဂ) လျှပ်စစ်ကြောင့် လောင်ကျွမ်းမီး (လျှပ်စစ်မီး)

**မီးလောင်ခြင်းနှင့် မီးလန့်ခြင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်း**

မီးလောင်ခြင်းနှင့် မီးလန့်ခြင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းအား အောက်ပါအတိုင်းဆောင်ရွက်ရမည်-

- မီးသုံးစွဲမှု သတိပေးခြင်း၊ နှိုးဆော်ခြင်း၊ မီးသတ်ပိုစတာများစိုက်ထူခြင်း၊
- မီးကင်းများ လှည့်လည်စစ်ဆေးခြင်း၊
- ဟောင်းနွမ်းနေသော လျှပ်စစ်ဝါယာကြိုးများ စစ်ဆေးခြင်း၊
- လောင်စာဆီထားသော ပတ်ဝန်းကျင်နေရာများ အမြဲရှင်းလင်းထားခြင်း၊

- ○ လောင်စာဆီများသယ်ဆောင်ရာတွင် ၎င်းနေရာအနီး ဆေးလိပ်သောက်ခြင်းလုံးဝ မပြုလုပ်ရန် တားမြစ်ခြင်း၊
- ○ မီးလောင်လွယ်သော ပစ္စည်းများကို စနစ်တကျကိုင်တွယ်သိုလှောင်စေခြင်း၊
- ○ ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်း၊
- ○ လုပ်ငန်းသုံးပစ္စည်းများနှင့် မပတ်သက်သော အခြားပစ္စည်းများထားရှိမှုကို တားမြစ်ခြင်း၊
- ○ မီးလောင်မှုဖြစ်ပွားလျှင် အလျှင်အမြန်ဆက်သွယ်နိုင်ရန် အဓိကတယ်လီဖုန်းနံပါတ်များကို မြင်သာသောနေရာများတွင် ချိတ်ဆွဲထားခြင်း၊
- ○ လစဉ်မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း၊
- ○ မီးငြိမ်းသတ်ရေးအတွက် ဝန်ထမ်းများအား သင်တန်းပေးခြင်း၊
- ○ မီးတားလမ်းများထားရှိခြင်း၊

## ပြင်ဆင်မှု

ပြင်ဆင်မှုအပိုင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မီးသတ်ဆေးဘူးထားရှိမှု။** မီးသတ်ဆေးဘူးများအားစနစ်တကျထားရှိမည်။ ထို့အပြင် အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများအားလုံး မီးသတ်ဆေးဘူးအား အသုံးပြုတတ်စေရန်အတွက် သရုပ်ပြလေ့ကျင့်ပေးရမည် ဖြစ်ပါသည်။

(ခ) **မီးငြိမ်းသတ်ရန် ရေရှိရေးဆောင်ရွက်မှု။** ရေလုံလောက်စွာရရှိစေရန်နှင့် အလွယ်တကူရရှိစေရန်အတွက် ရေပိုက်လိုင်းများကို သွယ်တန်းထားရှိပါမည်။ မီးလောင်မှုဖြစ်ပွားပါက မီးလောင်သည့်နေရာနှင့် အနီးဆုံးနေရာမှရေစုပ်တင်ပြီး သွယ်တန်းထားရှိသော ရေပိုက်ငုတ်များမှတစ်ဆင့် မီးသတ်ပိုက်ဖြင့် ငြိမ်းသတ်ပါမည်။

(ဂ) **အရန်မီးစက်ထားရှိခြင်းနှင့်မီးလောင်ချိန်တွင်လျှပ်စစ်မီးရရှိရေးစီစဉ်ထားရှိခြင်း။** လျှပ်စစ်လိုင်းမှ မီးလောင်မှုဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ အဆောက်အဦများတွင် မီးလောင်မှုဖြစ်ပွား၍ လျှပ်စစ်လိုင်းများကို ဖြတ်တောက်သည့်အခါတွင် လည်းကောင်း၊ ရေစုပ်တင်နိုင်စေရန်အတွက် မီးစက်တစ်လုံးအား အရံထားရှိ ဆောင်ရွက်ပါမည်။

## မီးလောင်မှုဖြစ်ပွားပါက အနစ်တကျဆောင်ရွက်ငြိမ်းသတ်ရန် အဖွဲ့ ဖွဲ့စည်းထားရှိခြင်း

မီးစတင်လောင်ကျွမ်းသည့်နေရာမှ ဝန်ထမ်းများက မီးကိုကြိုတင်ငြိမ်းသတ်ခြင်း မပြုရ၊ နီးစပ်ရာသို့ **“ မီး မီး မီး ”** အော်ဟစ်အကူအညီတောင်းရမည်။ နီးစပ်ရာသံချောင်း ခေါက်ရမည်။ လုံခြုံရေးနှင့် မီးသတ်ဝန်ထမ်းများမှ မီးလှန့်သံချောင်းခေါက်၍ အသိပေးရမည်။ လျှပ်စစ်

ခါတ်အား ဖြတ်တောက်ရမည်။ မီးလောင်ကျွမ်းမှုအတွက် အောက်ပါအဖွဲ့များအား ဖွဲ့စည်းထားရှိပါမည်-

(က) **ကွပ်ကဲရေးအဖွဲ့။** ကွပ်ကဲရေးအဖွဲ့သည် မီးလောင်သည့်နေရာသို့သွား၍ အမြန်ဆုံး မီးငြိမ်းသတ်နိုင်ရေးအတွက် စီမံကွပ်ကဲရမည်။ ဖြစ်စဉ်များကို အချိန်နှင့် တစ်ပြေးညီ အထက်ဌာနသို့ ဆက်လက်သတင်းပို့ အစီရင်ခံရမည်။

(ခ) **အနီးကပ်မီးငြိမ်းသတ်ရေးအဖွဲ့။** အဆိုပါအဖွဲ့တွင်ရေပိုက်များမှ ရေဖြင့်မီးငြိမ်းသတ်ရေး ဆောင်ရွက်ရမည့်အပြင် အမျိုးသမီးဝန်ထမ်းများသည် နီးစပ်ရာ အဆောက်အဦများမှ ရေများအား လက်ဆင့်ကမ်းစနစ်ဖြင့် ပို့ဆောင်ပေးပြီး၊ အမျိုးသားဝန်ထမ်းများမှ အဆောက်အဦများအနီးတွင်ထားရှိသော သဲပုံးများမှသဲများကို လက်ဆင့်ကမ်းသယ်ဆောင်၍ မီးငြိမ်းသတ်ရမည်။

(ဂ) **အရံမီးငြိမ်းသတ်ရေးအဖွဲ့။** အဆိုပါအဖွဲ့သည် အနီးကပ်မီးငြိမ်းသတ်ရေးအဖွဲ့မီးငြိမ်းသတ်နေစဉ် ပတ်ဝန်းကျင်အဆောက်အဦများသို့ မီးပြန့်ပွားမှုမရှိစေရန် မီးတားခြင်းလုပ်ငန်းများအား ဆောင်ရွက်ရမည်။

(ဃ) **ပစ္စည်းများရွှေ့ပြောင်းရေးအဖွဲ့။** အဆိုပါအဖွဲ့သည် မီးလောင်နေသောနေရာနှင့် ပတ်ဝန်းကျင်မှ ပစ္စည်းများအား မီးလွတ်ရာသို့ ရွှေ့ပြောင်းရမည်ဖြစ်ပါသည်။ ရွှေ့ပြောင်းရန် ပစ္စည်းများမရှိပါက မီးငြိမ်းသတ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ရပါမည်။

(င) **ကယ်ဆယ်ရေးနှင့်အရေးပေါ်ဆေးဝါးကုသရေးအဖွဲ့။** မီးလောင်နေရာတွင် ဒဏ်ရာရနေသူများအား အရေးပေါ်အသက်ကယ်ပြုစုခြင်း ဆေးဝါးကုသမှုများ ဆောင်ရွက် ရမည်။

(စ) **ပြန်လည်နေရာချထားရေးအဖွဲ့**။ သင့်လျော်သည့်နေရာတွင် နေရာချထားပေးခြင်း၊ လိုအပ်သောစောင့်၊ ခြင်ထောင်များ စီစဉ်ပေးခြင်း၊ ယာယီအိပ်စင်များစီစဉ်ပေးခြင်း၊ မီးဘေးသင့်ဝန်ထမ်းများ၏ လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခြင်း ဆောင်ရွက် ရမည်။

**ဆက်သွယ်ရေး**

မီးလောင်မှုဖြစ်ပွားပါက စကားပြောစက်များ/ဖုန်းများ ဖွင့်ထားရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များမှ လိုအပ်သလို ဆက်သွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မီးငြိမ်းသတ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ**

မီးကျွင်းမီးကျန်များကို စနစ်တကျ ငြိမ်းသတ်ခြင်း၊ ပျက်စီးသွားသော လျှပ်စစ်ဓါတ်အားလိုင်းများ ပြန်လည်တပ်ဆင်ခြင်း၊ ပျက်စီးသွားသော အဆောက်အဦများအား ရှင်းလင်းခြင်း၊

ဒဏ်ရာရလူနာများအား ဆေးဝါးဆက်လက်ကုသပေးခြင်း၊ မီးဘေးသင့် ဝန်ထမ်းများအား လုံခြုံသောအဆောက်အဦများတွင်နေထိုင်ပြီး လုပ်ငန်းခွင်ကို ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန် လုပ်ငန်းခွဲများခွဲ၍ ကြီးကြပ်ဆောင်ရွက်စေပါမည်။

## ၈.၂.၃.၂. သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်

မမျှော်လင့်ပဲဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးနှင့် အနည်းဆုံးဖြစ်စေရေးတို့အတွက် ကာကွယ်ရေးအစီအမံများ၊ တုံ့ပြန်ဆောင်ရွက်ရန် အစီအစဉ်များအား ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုများမှ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပြီး မြန်မာနိုင်ငံသည် ရာသီဥတုကြောင့် ထိခိုက်ခံစားရလွယ်သည့် စာရင်းတွင် ပါရှိရာ မိမိတို့အနေဖြင့် ဝန်ထမ်းများ၊ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် လျော့နည်းသက်သာစေရန်တို့အတွက် စီမံချက်များနှင့် တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်များအား ကြိုတင်ရေးဆွဲထားခြင်း ဖြစ်ပါသည်-

**သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းခြင်း**

သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် လျော့နည်းသက်သာစေရန်တို့အတွက် အောက်ဖော်ပြပါအဖွဲ့များ ဖွဲ့စည်း၍ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်များအား ဆောင်ရွက်သွားပါမည်-

(က) ကွပ်ကဲမှုအဖွဲ့

(ခ) ပစ္စည်းသယ်ယူရေးအဖွဲ့

(ဂ) ပို့ဆောင်ဆက်သွယ်ရေးအဖွဲ့

(ဃ) ရှာဖွေကယ်ဆယ်ရေးအဖွဲ့

(င) ကျန်းမာရေးနှင့် စောင့်ရှောက်ရေးအဖွဲ့

**မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း**

မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များဖြစ်သည့် မြေငလျင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြေပြိုခြင်းနှင့် ရေကြီးခြင်းတို့အတွက် အောက်ဖော်ပြပါ ကြိုတင်ကာကွယ်ခြင်းအစီအမံများ ဆောင်ရွက်ထားပါသည် -

**မြေငလျှင်လှုပ်ခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း**

(၁) အဆောက်အဦများတွင် တပ်ဆင်ထားသော မျက်နှာကျက်များ၊ ဘီဒိုများအား ခိုင်မြဲစေရန် ပြုလုပ်ထားရှိခြင်း၊ ပြိုကျနိုင်သော နေရာများတွင် လူနှင့် ပစ္စည်းများ မထားရှိခြင်း၊ မီးလိုင်းများအလွယ်တကူ ဖြတ်တောက်နိုင်ရန် စီစဉ်ခြင်း၊

(၂) မြေငလျင်လှုပ်ပါက ကွင်းပြင်သို့ထွက်ခွာရန် သတ်မှတ်ထားရှိခြင်း၊

(၃) အရေးပေါ်ဖြစ်ပေါ်လာပါက လက်နှိပ်ဓါတ်မီး၊ ဓါတ်ခဲ၊ ဖုန်းများ၊ ဖယောင်းတိုင်၊ ဆေးဝါး၊ သောက်သုံးရေအလွယ်တကူရရှိရန် ရေပုံးများစသည်တို့အား ကြိုတင်စီမံ ထားရှိခြင်း၊

(၄) ဝန်ထမ်းများအား မြေငလျင်လှုပ်ပါက အဆောက်အဦအတွင်း ရှိနေစဉ် အပြင်ထွက်ခွာနည်း၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မေးမြန်းဖြေကြားမှုများ ပြုလုပ်ခြင်း၊

(၅) ညအချိန်ဖြစ်ပါက အရေးပေါ်အချက်ပြမီးစနစ်များ သတ်မှတ်ပေးခြင်း

**မိုးကြိုးပစ်ခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း**

(၁) နီးစပ်ရာအဆောက်အဦသို့ဝင်ရန်၊ သစ်ပင်အောက်တွင် အနေရ၊ မြင့်မားသော အရာဝတ္ထုများအနီးတွင် မနေရ၊

(၂) မိုးကြိုးလွှဲများ တပ်ဆင်ထားခြင်း၊

## ၈.၂.၄. စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်

စီမံကိန်းဆောင်ရွက်ခြင်းမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းအမျိုးမျိုးအား စီမံခန့်ခွဲနိုင်ရေးအတွက် လျှော့ချသုံးစွဲခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြုပြင်သုံးစွဲခြင်း အလေ့အကျင့်များ တိုးတက်ဆောင်ရွက်နိုင်ရန်နှင့် စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက် စီမံခန့်ခွဲနိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲရခြင်းဖြစ်ပါသည်။

ဤအစီအစဉ်အား အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | အဖွဲ့ခေါင်းဆောင် |

| | | |
|---|---|---|
| ၂ | လက်ထောက်မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | အဖွဲ့ဝင် |
| ၄ | ဝန်ထမ်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်တွင် စွန့်ပစ်ပစ္စည်းထွက်ရှိမှု အမျိုးအစားနှင့် အရေအတွက်၊ စွန့်ပစ်ပစ္စည်း စုဆောင်းခြင်းနှင့်စွန့်ပစ်ခြင်း၊ စွန့်ပစ်ပစ္စည်းထွက်ရှိမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းနှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည့် အစီအစဉ်အား စောင့်ကြည့်ထိန်းချုပ်ခြင်းတို့ ပါဝင်ပါသည်။ စီမံကိန်းမှ အထွေထွေစွန့်ပစ်ပစ္စည်းများ (ပလပ်စတစ်များ၊ အိတ်များ၊ သစ်ကိုင်းများ၊ မီးဖိုချောင် ထွက် အမှိုက်များစသည်) နှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ (ကူးစက် နိုင်သည့်စွန့်ပစ်ပစ္စည်း၊ မီးလောင်လွယ်သည့် စွန့်ပစ်ပစ္စည်း နှင့် ပတ်ဝန်းကျင်အဆိပ်အတောက် ဖြစ်စေမည့် စွန့်ပစ်ပစ္စည်း) ထွက်ရှိနိုင်ပါသည်။

### ၈.၂.၄.၁. အမျိုးအစားနှင့် စီမံခန့်ခွဲမှု

စွန့်ပစ်ပစ္စည်းအမျိုးအစားနှင့် စီမံခန့်ခွဲမှု (Australian Waste Classification system AA004643 2011) များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| အမျိုးအစား | အရည်/အစိုင်အခဲ | လုပ်ငန်းစဉ် | ဆောင်ရွက်ရန် |
|---|---|---|---|
| စက္ကူ | အစိုင်အခဲ | မြေဖို့ခြင်း/ ပြန်လည်သုံးစွဲခြင်း | စီမံကိန်းပိုင်ရှင် မှတာဝန်ပေးအပ်သူ |
| ပလပ်စတစ် (ထုတ်ပိုးမှုမှ) | အစိုင်အခဲ | ပြန်လည်ပြုပြင်သုံးစွဲခြင်း | ॥ |
| ပလပ်စတစ်အိတ်များ | အစိုင်အခဲ | ပြန်လည်ပြုပြင်သုံးစွဲခြင်း | ॥ |
| ကတ်ထူပြား | အစိုင်အခဲ | ပြန်လည်ပြုပြင်သုံးစွဲခြင်း | ॥ |
| အဝတ်စ | အစိုင်အခဲ | မြေဖို့ခြင်း (သို့) ပြန်လည်သုံးစွဲခြင်း | ॥ |
| သစ်သား နှင့် သစ်သားအပိုင်းအစ | အစိုင်အခဲ | ပြန်လည်သုံးစွဲခြင်း၊ မီးဖိုချောင် | ॥ |

| | | | |
|---|---|---|---|
| တစ်ကိုယ်ရေသုံး/ လစဉ်သုံး ပစ္စည်းများ | အစိုင်အခဲ | မီးရှို့ခြင်း | ။ |
| စားကြွင်းစားကျန်များ | အစိုင်အခဲ | တိရိစ္ဆာန်အစာနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲခြင်း | ။ |
| စက်ဆီချောဆီဟောင်း | အရည် | ပြန်လည်ပြုပြင်သုံးစွဲခြင်း | ။ |
| မိလ္လာရေ/သုံးစွဲပြီးရေ | အရည် | မိလ္လာကန်၌သန့်စင်ခြင်း / သစ်ပင်ပန်းပင် ရေလောင်းခြင်း | ။ |

စွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲရာတွင် ပြန်လည်သုံးစွဲခြင်း၊ ပြုပြင်သုံးစွဲခြင်း / အခြားနည်းသုံးစွဲခြင်း၊ စွန့်ပစ်ပစ္စည်းအကြွင်းအကျန် နှင့် မြေဖို့ခြင်းတို့ဆောင်ရွက်သွားပါမည်။

**ပြန်လည်သုံးစွဲခြင်း။** သုံးစွဲပြီးလက်ကျန်ပစ္စည်းများ (ကုန်ပစ္စည်းလက်ကျန်၊ ကြိုးလက်ကျန် စသည်)အား နောင်လိုအပ်ချိန်တွင် ထပ်မံသုံးစွဲနိုင်ရန်အတွက် စနစ်တကျသိမ်းဆည်း၍ ပြန်လည်သုံးစွဲသွားပါမည်။

**ပြုပြင်သုံးစွဲခြင်း / အခြားနည်းသုံးစွဲခြင်း။** သုံးစွဲပြီးလက်ကျန်ပစ္စည်းများနှင့် သုံးစွဲပြီးပစ္စည်းများ စသည်တို့အား ထပ်မံသုံးစွဲရန် မရှိတော့ပါက ပြန်လည်ပြုပြင် သုံးစွဲသွားနိုင်ရန်အတွက် စနစ်တကျသိမ်းဆည်းထားပြီး ပြုပြင် သုံးစွဲသွားပါမည်။ (စက်ဆီ ချောဆီဟောင်းများအား လိုအပ်သလိုသုံးစွဲခြင်း၊ စက္ကူ၊ ကတ်ထူ များအား စိုက်ပျိုးရေးတွင်သုံးစွဲခြင်းစသည်)

**စွန့်ပစ်ပစ္စည်းအကြွင်းအကျန်စီမံခန့်ခွဲခြင်း။** စွန့်ပစ်ပစ္စည်းအကြွင်းအကျန်များဖြစ်သည့် တာရာ အဟောင်း၊ သတ္တုနှင့် မသန့်ပြန့်သည့်အဆိပ်အတောက် ရောဂါကပ်ညီ နေနိုင်သည့် ပစ္စည်းများအား ပြန်လည်သုံးစွဲနိုင်ရန် နှင့် စွန့်ပစ်နိုင်ရန် စနစ်တကျ ထားရှိခြင်း၊ မသုံးစွဲတော့သည့် ပစ္စည်းကိရိယာများ၊ အပိုပစ္စည်းများ စသည်တို့အား စနစ်တကျ ထားရှိ၍ နောင်သုံးစွဲနိုင်ရန် စီမံထားရှိခြင်း၊ စွန့်ပစ်နိုင်ရန်အတွက် စနစ်တကျ သိမ်းဆည်းထားခြင်း၊ စားကြွင်းစားကျန် များအား တိရိစ္ဆာန်အစာနှင့် စိုက်ပျိုးရေးသုံးအလို့ငှာ သုံးစွဲခြင်းတို့ ဆောင်ရွက်သွားပါမည်။

**မြေဖို့ခြင်း။** အထက်ပါနည်းလမ်းများဖြင့် စွန့်ပစ်ပစ္စည်းများအား ဖြေရှင်းပြီးနောက် ကျန်ရှိသည့် စွန့်ပစ်ပစ္စည်းများအား မြေဖို့ခြင်း နည်းလမ်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ပါသည်။

### ၈.၂.၄.၂. စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်း

**အထွေထွေ စွန့်ပစ်ပစ္စည်းများ။** စီမံကိန်းလုပ်ငန်းလည်ပတ်ရာမှ အထွေထွေစွန့်ပစ်ပစ္စည်းများ (စာရွက်၊ ပလပ်စတစ်၊ အိတ် နှင့် ထည့်စရာများစသည်တို့) ထွက်ရှိမည်ဖြစ်ပါသည်။ အဆိုပါ စွန့်ပစ်ပစ္စည်းများအား စုစည်း၍ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နှင့်ဆက်သွယ်၍ စွန့်ပစ်သွားမည်ဖြစ်ပါသည်။

**ဓါတုပစ္စည်းများ။** သီးခြားဓာတုပစ္စည်းသုံးစွဲခြင်းမရှိဘဲ သန့်ရှင်းရေးသုံးဓါတုပစ္စည်းအနည်းငယ်မျှ နှင့် စက်ဆီ၊ ချောဆီ စသည် တို့အား စနစ်တကျ စုစည်းထားရှိပြီး၊ သက်ဆိုင်ရာစည်ပင်သာယာ ရေးအဖွဲ့နှင့်ဆက်သွယ်စွန့်ပစ်ပါမည်။

**မိလ္လာရေ/သုံးစွဲပြီးရေ နှင့် တစ်ကိုယ်ရေသုံး/ လစဉ်သုံးပစ္စည်းများ။** တစ်ကိုယ်ရေသုံး/ လစဉ်သုံးပစ္စည်းများအား စနစ်တကျစုဆောင်း၍ မီးရှို့ဖျက်ဆီးစွန့်ပစ်ပါမည်။ မိလ္လာရေများအား Bio Septic Tank များ ဖြင့် စစ်ထုတ်၍ ပြန်လည်စွန့်ပစ်ခြင်း နှင့် သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့နှင့်ဆက်သွယ်၍ စုပ်ထုတ်စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါမည်။ သုံးစွဲပြီးရေများအား စနစ်တကျ သွယ်တန်း၍ ပန်းပင်ရေလောင်းခြင်း ဆောင်ရွက်ပါမည်။

**ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ။** စီမံကိန်းမှ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ထွက်ရှိနိုင်ခြင်းမရှိသော်လည်း၊ ၎င်းပစ္စည်းများနှင့်စပ်လျဉ်း၍ မီးလောင်လွယ်မှု၊ ပေါက်ကွဲနိုင်မှု၊ ကူးစက်နိုင်မှု၊ အဆိပ်သင့်နိုင်မှု၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု စသည့် ဘေးအန္တရာယ်ရှိနိုင်မှုအခြေအနေ နှင့် အတန်းအစားတို့အား အသိပညာရရှိစေရန်အတွက် သင့်လျော်ကောင်းမွန်သည့် သင်တန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၈.၂.၄.၃. စွန့်ပစ်ပစ္စည်းအနည်းဆုံးဖြစ်စေခြင်း

စီမံကိန်းမှ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေနိုင်မည့် အန္တရာယ်ရှိသဖြင့် ဘေးအန္တရာယ်ရှိမှုများအား လျှော့ချနိုင်ရန်အတွက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်၍ စွန့်ပစ်ပစ္စည်းထွက်ရှိမှု အနည်းဆုံးဖြစ်စေရန် စီမံ ဆောင်ရွက်သွားပါမည်။ စီမံကိန်းဆောင်ရွက်သူအနေဖြင့် စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများနှင့် ဆက်စပ်ပတ်သက်သူများအား စွန့်ပစ်ပစ္စည်းထွက်ရှိမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည့် အစီအမံများအား သိရှိလိုက်နာရန် ဆောင်ရွက်ပါမည်။

စီမံကိန်းဆောင်ရွက်သူအနေဖြင့် အောက်ဖော်ပြပါ အလေ့အကျင့်များအား ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပါမည်-

- စွန့်ပစ်ပစ္စည်းများတတ်နိုင်သမျှ လျော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း နှင့် ပြန်လည်ပြုပြင်သုံးစွဲခြင်း
- အထွေထွေအမှိုက်များအား ကမ်းခြေသို့ပို့ဆောင်၍ စွန့်ပစ်ခြင်း၊
- မိလ္လာရေနှင့်စွန့်ပစ်ရေများအား သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နှင့်ဆက်သွယ် စွန့်ပစ်ခြင်းနှင့် သစ်ပင်ပန်းပင်ရေလောင်းရာတွင် ပြန်လည်သုံးစွဲခြင်း၊
- စားကြွင်းစားကျန်များအား တိရိစ္ဆာန်အစာအဖြစ် သုံးစွဲခြင်း၊
- စွန့်ပစ်ပစ္စည်းအကြွင်းအကျန်များအား သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နှင့် ဆက်သွယ်စွန့်ပစ်ခြင်း။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသူအနေဖြင့် သက်ဆိုင်ရာ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများ၊ ဆက်စပ်သူများအား စီမံကိန်းလည်ပတ်သည့်ကာလတစ်လျောက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။

စွန့်ပစ်ပစ္စည်းများအား ခွဲခြားခြင်း၊ ကိုင်တွယ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်သုံးစွဲခြင်း နည်းလမ်းများအား သက်ဆိုင်သူအားလုံး သိရှိလိုက်နာစေရန် ပုံမှန်သင်တန်းပို့ချခြင်း၊ တွေ့ဆုံ ဆွေးနွေးခြင်းများ ဆောင်ရွက်ပါမည်။

### ၈.၂.၄.၄. စွန့်ပစ်ပစ္စည်းထွက်ရှိမှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်မည့်အစီအစဉ်အား စောင့်ကြည့် ထိန်းချုပ်ခြင်း

စီမံကိန်းဆောင်ရွက်သူအနေဖြင့် စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ၎င်း၏ ဘေးအန္တရာယ်တို့အား အနည်းဆုံးဖြစ်စေရန်အတွက် နားလည်သိရှိပါသည်။ စီမံကိန်း မှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်း အမျိုးအစားနှင့်အရေအတွက်တို့အား စောင့်ကြည့် ထိန်းချုပ်နိုင်ရန် အစီရင်ခံစာ စာအုပ်ထားရှိ၍ ပုံမှန်မှတ်တမ်းထားရှိသွားမည် ဖြစ်ပါသည်။ စီမံကိန်းတွင် သုံးစွဲသည့်ပစ္စည်းများအား ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေမှုနှင့် စွန့်ပစ် ပစ္စည်းအနည်းဆုံး ထွက်ရှိစေမှု စသည့်အမြင်များဖြင့် ချင့်ချိန်သုံးစွဲသွားပါမည်။ စွန့်ပစ်ပစ္စည်းသိုလှောင်ရာနေရာများအား ကောင်းမွန်နေစေရန်နှင့်သန့်ရှင်းမှုရှိစေရန်အတွက် အပတ်စဉ်စစ်ဆေးသွားပါမည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်အား လိုအပ်သလို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် လေးလပတ်ပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းသွားပါမည်။

## ၈.၂.၅. ဝန်ထမ်းများအတွက် အသိပညာပေးနှင့် သင်တန်းအစီအစဉ်

စီမံကိန်းဆောင်ရွက်သူအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းများ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုမြင့်မားလာစေရန် နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်ကိုင်နိုင်စေရန် အသိပညာပေး ဟောပြောပွဲနှင့် သင်တန်းများကို အခါအားလျော်စွာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အသိပညာပေးနှင့်သင်တန်းအစီအစဉ်များဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ၊ ပြည်သူ့ကျန်းမာရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ စသည်တို့အပြင် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်အား အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | အဖွဲ့ခေါင်းဆောင် |
| ၂ | လက်ထောက်မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | အဖွဲ့ဝင် |
| ၄ | ဝန်ထမ်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

စီမံကိန်းဆောင်ရွက်သူ မှ ဦးဆောင်၍ သင်တန်းများဖြစ်မြောက်ရေးကို ကြိုးပမ်းရမည် ဖြစ်ပါသည်။ နှစ်စဉ်ဆောင်ရွက်သွားမည့် အသိပညာပေးနှင့်သင်တန်း အစီအစဉ်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

ဇယား ၈-၄ နှစ်စဉ်ဆောင်ရွက်သွားမည့် အသိပညာပေးနှင့် သင်တန်းအစီအစဉ်များ

| စဉ် | သင်တန်းအစီအစဉ် အမည် | သင်တန်းပေးမည့်အဖွဲ့အစည်း | အကြိမ်ရေ |
|---|---|---|---|
| ၁။ | အခြေခံမီးသတ်သင်တန်း | မြို့နယ်မီးသတ်ဦးစီးဌာန | တစ်နှစ်လျှင် (၁) ကြိမ် |
| ၂။ | အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်း သင်တန်း | ဘေးအန္တရာယ်ကင်းရှင်းရေးပညာရှင်အဖွဲ့ | တစ်နှစ်လျှင် (၁) ကြိမ် |
| ၃။ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း | ဘေးအန္တရာယ်ကင်းရှင်းရေးပညာရှင်အဖွဲ့ | တစ်နှစ်လျှင် (၁) ကြိမ် |
| ၄။ | အခြေခံရှေးဦးသူနာပြုသင်တန်း | မြို့နယ်ကျန်းမာရေးဦးစီးဌာန | တစ်နှစ်လျှင် (၁) ကြိမ် |
| ၅။ | မီးသတ်သရုပ်ပြလေ့ကျင့်မှု | စီမံကိန်းဆောင်ရွက်သူ က ဦးဆောင်၍ ဓာတ်တိုက်လေ့ကျင့်မှုများ ပုံမှန်ဆောင်ရွက်ခြင်း | တစ်နှစ်လျှင် (၁) ကြိမ် |
| ၆။ | ဝန်ထမ်းများအတွက် ကျန်းမာရေးစစ်ဆေးမှုနှင့် အခြေခံကျန်းမာရေး အသိပညာပေး ဟောပြောပွဲ | မြို့နယ်ကျန်းမာရေးဦးစီးဌာန | တစ်နှစ်လျှင် (၁) ကြိမ် |
| ၇။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | တစ်နှစ်လျှင် (၁) ကြိမ် |

## ၈.၃. ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်

ပတ်ဝန်းကျင် အစိတ်အပိုင်းတစ်ခု၏ အရည်အသွေး (သို့မဟုတ်) ပမာဏသည် လူသားတို့၏ လုပ်ဆောင်ချက်အမျိုးမျိုးတို့ကြောင့် သတ်မှတ်ထားသောစံနှုန်း(သို့မဟုတ်)လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်၍ ပြောင်းလဲသွားခြင်းမရှိကြောင်း သေချာစေရန် ရည်ရွယ်ချက်ဖြင့် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းပိုင်ရှင်အနေဖြင့် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များဆောင်ရွက်ရန် EMP Implementation Team အား တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လိုအပ်ပါက တတိယ အဖွဲ့အစည်းအား ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့် စစ်ဆေးခြင်း အစီရင်ခံစာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၁) နှစ် (၁) ကြိမ် အစီရင်ခံတင်ပြသွားမည် ဖြစ်ပါသည်။

လုပ်ငန်းစီမံကိန်း၏ အချိန်ကာလ အဆင့်အလိုက် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ် ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

## ဇယား ၈-၅ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များ (စီမံကိန်းလည်ပတ်ခြင်းကာလ)

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အချက်များ | စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များ နှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့် နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့် စံနှုန်း | တိုင်းတာမည့် ကြိမ်ရေ | ခန့်မှန်း ကုန်ကျစရိတ် (ကျပ်) | တင်ပြမည့် အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၁။ | လေ အရည်အသွေး | EMP Implementation Team (သို့) တတိယ ပုဂ္ဂိုလ်/အဖွဲ့ အစည်း | Temperature, Relative Humidity, $PM_{10}$, $PM_{2.5}$, VOC (16°46'38.91"N, 96° 8'15.70"E) | Air Quality Monitoring စက်ဖြင့် တိုင်းတာ စစ်ဆေးခြင်း | NEQEG Guideline | တစ်နှစ် တစ်ကြိမ် | ၂၀၀,၀၀၀ | နှစ်စဉ် အစီရင်ခံစာ ရေးသား တင်ပြခြင်း |
| ၂။ | ဆူညံသံ | ။ | ဆူညံသံထွက်ရှိမှု (GPS Point: 16°46'38.76"N, 96°8'15.76"E) နှင့် (GPS Point: 16°46'38.91"N, 96° 8'15.82"E | Noise Meter စက်ဖြင့် တိုင်းတာ စစ်ဆေးခြင်း | NEQEG Guideline | တစ်နှစ် တစ်ကြိမ် | ၁၀၀,၀၀၀ | |
| ၃။ | သောက်သုံးရေအရည် အသွေး | ။ | pH, Colour, Turbidity, Total Suspended Solid 16°46'38.51"N, 96° 8'15.70"E) | နမူနာ ရယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့ စစ်ဆေးခြင်း | WHO Guidelines | တစ်နှစ် တစ်ကြိမ် | ၁၀၀,၀၀၀ | |

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များနှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့်နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့်စံနှုန်း | တိုင်းတာမည့်ကြိမ်ရေ | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | တင်ပြမည့်အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၄။ | စွန့်ပစ်ရေ အရည်အသွေး | ။ | BOD, COD, pH, Temperature, Iron (16°46'38.33"N, 96° 8'15.75"E) | နမူနာ ရယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့ စစ်ဆေးခြင်း | NEQEG Guideline | တစ်နှစ် တစ်ကြိမ် | ၂၀၀,၀၀၀ | |
| ၅။ | မြေအရည်အသွေး | EMP Implementation Team | ဆီမတော်တဆဖိတ်စင်ခြင်းနှင့် မိလ္လာကန်စနစ် | မျက်မြင် စစ်ဆေးခြင်း | - | လစဉ် | ၁၀၀,၀၀၀ | |
| ၆။ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ) | EMP Implementation Team | စွန့်ပစ်ပစ္စည်းများကို ခွဲခြား၍ စွန့်ပစ်ခြင်း (ဟိုတယ်ဧရိယာတွင်း) | မျက်မြင် စစ်ဆေးခြင်း | - | လစဉ် | ၁၀၀,၀၀၀ | |
| | | | စွန့်ပစ်ပစ္စည်းများအား ပြန်လည်၍ သုံးစွဲခြင်း | | | | | |
| | | | စွန့်ပစ်ပစ္စည်းများအား ပြုပြင်၍ အခြားနည်းဖြင့် သုံးစွဲခြင်း | | | | | |

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များနှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့်နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့်စံနှုန်း | တိုင်းတာမည့်ကြိမ်ရေ | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | တင်ပြမည့်အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၇။ | မီးဘေးအန္တရာယ် | EMP Implementation Team | မီးလောင်ကျွမ်းနိုင်ခြေနှင့် တုံ့ပြန် ဆောင်ရွက်မည့် အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | မျက်မြင်စစ်ဆေးခြင်း | မီးသတ်ဦးစီးဌာနမှ မီးဘေး အန္တရာယ် ကင်းရှင်း ကြောင်း ထောက်ခံချက် | လစဉ် | ၁၀၀,၀၀၀ | |
| | | | မီးဘေးအန္တရာယ် ကင်းရှင်းမှု အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | | | | | |
| | | | လျှပ်စစ်အန္တရာယ် ကင်းရှင်းမှု အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | | စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေး ရေးဦးစီးဌာနမှ လျှပ်စစ် အန္တရာယ် ကင်း ရှင်းကြောင်း ထောက်ခံချက် | | | |
| ၈။ | ကျန်းမာရေး နှင့် ဘေး | EMP Implementation Team | မတော်တဆ ထိခိုက်မှုများနှင့် ရောဂါကူးစက်မှု အခြေအနေ | မျက်မြင်စစ်ဆေးခြင်း | - | လစဉ် | ၁၀၀,၀၀၀ | |

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အချက်များ | စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များနှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့်နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့်စံနှုန်း | တိုင်းတာမည့်ကြိမ်ရေ | ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | တင်ပြမည့်အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| | အန္တရာယ်ကင်းရှင်းရေး | | (ဟိုတယ်ဧရိယာတွင်း) | | | | | |
| | | | လူမှုရေး ပဋိပက္ခများ (ဟိုတယ်ဧရိယာတွင်း) | | | | | |
| | | | ဝန်ထမ်းများ တစ်ကိုယ်ရည် ကာကွယ်ရေး ပစ္စည်းများ စနစ်တကျ အသုံးပြုမှု အခြေအနေ (ဟိုတယ်ဧရိယာတွင်း) | | | | | |

**မှတ်ချက်။** လည်ပတ်ခြင်းကာလ၏ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်အတွက် နှစ်စဉ်စုစုပေါင်းဘဏ္ဍာငွေကျပ် (၁၀) သိန်း လျာထားပါသည်။

ဇယား ၈-၆ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များ (စီမံကိန်း တည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလ)

| စဉ် | စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အချက်များ | စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များနှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့် နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့် စံနှုန်း | တိုင်းတာမည့် ကြိမ်ရေ | ခန့်မှန်း ကုန်ကျစရိတ် (ကျပ်) | တင်ပြမည့် အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၁။ | လေအရည်အသွေး | EMP Implementation Team (သို့) တတိယ ပုဂ္ဂိုလ်/အဖွဲ့အစည်း | Temperature, Relative Humidity, $PM_{10}$, $PM_{2.5}$, VOC (16°57'4.72"N, 96° 5'32.42"E) | Air Quality Monitoring စက်ဖြင့် တိုင်းတာစစ်ဆေးခြင်း | NEQEG Guideline | တစ်ကြိမ် | ၅၀၀,၀၀၀ | အစီရင်ခံစာ ရေးသား တင်ပြခြင်း |
| ၂။ | ဆူညံသံ | ။ | ဆူညံသံထွက်ရှိမှု (16°57'5.16"N, 96° 5'32.28"E) နှင့် (16°57'4.40"N, 96° 5'32.32"E) | Noise Meter ဖြင့် တိုင်းတာစစ်ဆေးခြင်း | NEQEG Guideline | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၃။ | ရေအရည်အသွေး | ။ | BOD, COD, pH, Temperature, Iron (16°57'3.83"N, 96° 5'32.23"E) | နမူနာ ရယူ၍ ဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်း | NEQEG Guideline | တစ်ကြိမ် | ၃၀၀,၀၀၀ | |

| စဉ် | စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အချက်များ | စောင့်ကြပ် ကြည့်ရှုမည့် အဖွဲ့အစည်း | စစ်ဆေးမည့် အချက်များ နှင့် နေရာ(လိုက်နာမှတ်) | စစ်ဆေးမည့် နည်းလမ်း/ စက်ကိရိယာ | စစ်ဆေးမည့် စံနှုန်း | တိုင်းတာမည့် ကြိမ်ရေ | ခန့်မှန်း ကုန်ကျ စရိတ် (ကျပ်) | တင်ပြမည့် အစီအစဉ် |
|---|---|---|---|---|---|---|---|---|
| ၄။ | မြေအရည်အသွေး | EMP Implementation Team | ဆီမတော်တဆဖိတ်စင်ခြင်းနှင့် မိလ္လာကန်စနစ် | မျက်မြင်စစ်ဆေးခြင်း | - | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၅။ | စွန့်ပစ်ပစ္စည်း (အစိုင်အခဲ) | EMP Implementation Team | စွန့်ပစ်ပစ္စည်းများကို ခွဲခြား၍ စွန့်ပစ်ခြင်း (ဟိုတယ်ရေိယာတွင်း) | မျက်မြင်စစ်ဆေးခြင်း | - | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၆။ | မီးဘေးအန္တရာယ် | EMP Implementation Team | မီးလောင်ကျွမ်းနိုင်ခြေနှင့် တုံ့ပြန် ဆောင်ရွက်မည့် အခြေအနေ (ဟိုတယ်ရေိယာတွင်း) | မျက်မြင်စစ်ဆေးခြင်း | မီးသတ်ဦးစီး ဌာနမှ လမ်းညွှန် ချက်များ | တစ်ကြိမ် | ၃၀၀,၀၀၀ | |
| ၇။ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | EMP Implementation Team | မတော်တဆ ထိခိုက်မှုများ နှင့် ရောဂါကူးစက်မှု အခြေအနေ (ဟိုတယ်ရေိယာတွင်း) | မျက်မြင်စစ်ဆေးခြင်း | - | တစ်ကြိမ် | ၅၀၀,၀၀၀ | |

**မှတ်ချက်။** တည်ဆောက်ခြင်း/ဖျက်သိမ်းခြင်းကာလ၏ ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်အတွက် စုစုပေါင်းဘဏ္ဍာငွေကျပ် (၂၅) သိန်း လျာထားပါသည်။

## ၈.၄. CSR လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အစီအစဉ်

စီမံကိန်းဆောင်ရွက်သူအနေဖြင့် စီမံကိန်းဆောင်ရွက်သည့် ပတ်ဝန်းကျင်နှင့် အဆိုပါ ပတ်ဝန်းကျင်တွင်နေထိုင်သူများ၏ လူမှု-ဘဝပိုမိုတိုးတက်ကောင်းမွန်ပြီး ရင်းနှီးမှုခိုင်မာစေရန် စီမံကိန်းမှ နှစ်စဉ်ရရှိသည့် အသားတင်အကျိုးအမြတ်များထဲမှ လူမှုရေးအရတာဝန်ယူ ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် (Corporate Social Responsibility-CSR) အတွက် သုံးစွဲသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်အား အောက်ဖော်ပြပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Environmental Management Plan Implementation Team - EMP Implementation Team) ၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့**

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | စီမံကိန်းမန်နေဂျာ | အဖွဲ့ခေါင်းဆောင် |
| ၂ | လက်ထောက်မန်နေဂျာ | အဖွဲ့ဝင် |
| ၃ | အင်ဂျင်နီယာ | အဖွဲ့ဝင် |
| ၄ | ဝန်ထမ်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |

### ၈.၄.၁. နေထိုင်ရန် ကောင်းမွန်သည့် အသိုင်းအဝန်းတည်ဆောက်ခြင်း

နေထိုင်ရန် ကောင်းမွန်သည့် အသိုင်းအဝန်းတည်ဆောက်ရာတွင် ဒေသခံများနှင့် ဆက်ဆံရေးကောင်းမွန်စေရေး မြှင့်တင်ဆောင်ရွက်ခြင်း နှင့် အကူအညီများပေးအပ်ခြင်း၊ ကိုးကွယ် ယုံကြည်မှု ဓလေ့ထုံးတမ်း၊ ရိုးရာယဉ်ကျေးမှု၊ ပညာသင်ကြားနိုင်မှုဆိုင်ရာများအတွက် လိုအပ်သည့် အဆောက်အဦများတည်ဆောက်ထိန်းသိမ်းပြုပြင်ပေးခြင်း၊ ဆေးရုံ/ဆေးပေးခန်းများ၊ ရေတွင်းများ၊ ကစားကွင်းများ နှင့်ပတ်သက်သည့် အထောက်အပံ့များ ကူညီထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်သွားပါမည်။

### ၈.၄.၂. ပတ်ဝန်းကျင်ဆိုင်ရာ သဟဇာတဖြစ်စေရေးဆောင်ရွက်ခြင်း

စီးပွားရေးလုပ်ငန်းလုပ်ဆောင်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများရှိနိုင်ပါသည်။ ထို့ကြောင့် ချမှတ်ထားသည့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် အဓိကထားဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန်အတွက် သစ်ပင်၊ ပန်းပင်စိုက်ပျိုးခြင်းနှင့်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားပါမည်။

### ၈.၄.၃. ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအား ပိုမိုနားလည်သိရှိစေခြင်း

ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်မည့် ထုတ်လုပ်ခြင်းနည်းလမ်းစဉ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များအပေါ် ပိုမိုနားလည်သိရှိနိုင်စေရန်တို့အတွက် ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

### ၈.၄.၄. ဘဏ္ဍာငွေလျာထားချက်

CSR လုပ်ငန်းစဉ်ဆောင်ရွက်ရန်အတွက် စီမံကိန်းမှအမြတ်ငွေများစတင်ရရှိခြင်းမရှိသေးသော်လည်း (၁) နှစ်လျှင် ကျပ် (၁၀) သိန်းခန့်အား အောက်ဖော်ပြပါ အကျိုးပြုလုပ်ငန်းများတွင် အချိုးကျသတ်မှတ်ပြီး ခွဲဝေသုံးစွဲသွားမည် ဖြစ်ပါသည် -

**ဇယား ၈-၇ ကဏ္ဍအလိုက် ဆောင်ရွက်မည့် CSR လုပ်ငန်းစဉ်**

| စဉ် | ကဏ္ဍ | သုံးစွဲမည့် ရာခိုင်နှုန်း |
|---|---|---|
| ၁ | ပညာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၂ | ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၃ | လူမှုဖူလုံရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၄ | သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးဆောင်ရွက်ခြင်း ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |
| ၅ | ဒေသခံအသိုင်းအဝိုင်းများ ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် | ၂၀ % |

လူမှုရေးအရတာဝန်ယူဆောင်ရွက်ခြင်း (Corporate Social Responsibility-CSR) အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်မည်ဖြစ်ပါသည်။

## ၈.၅. ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အစီအစဉ်များအလိုက် အသုံးစရိတ်လျာထားချက်


စီမံကိန်းအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များအတွက် နှစ်စဉ်လျာထားငွေကျပ် (၆၀) သိန်းခန့်အား အောက်ပါကဏ္ဍများအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ လျာထားချက်ထက် ကျော်လွန်သုံးစွဲရန် လိုအပ်မည့်ကိစ္စရပ်များအတွက်လည်း အရေးပေါ် ရံပုံငွေမှကျခံသုံးစွဲရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

**ဇယား ၈-၈ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ဆောင်ရွက်ချက်များအတွက် သုံးစွဲမည့် အသုံးစရိတ် လျာထားချက်**

| စဉ် | အစီအစဉ်အမည် | နှစ်စဉ်လျာထားငွေ (ကျပ်) |
|---|---|---|
| ၁ | ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး/ ကာကွယ်မှု အစီအစဉ် | ၂၀ သိန်း |
| ၂ | ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအစီအစဉ် | ၅ သိန်း |
| ၃ | အရေးပေါ်အခြေအနေ တုံ့ပြန်မှု အစီအစဉ် | ၅ သိန်း |
| ၄ | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် | ၅ သိန်း |
| ၅ | ဝန်ထမ်းများအတွက် အသိပညာပေးနှင့် သင်တန်းအစီအစဉ် | ၅ သိန်း |
| ၆ | ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ် | ၁၀ သိန်း |
| ၇ | CSR လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အစီအစဉ် | ၁၀ သိန်း |
| | **စုစုပေါင်း** | **၆၀ သိန်း** |

## အခန်း (၉)၊ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ထုတ်ဖော်ခြင်း

စီမံကိန်းဆောင်ရွက်ရာတွင် အများပြည်သူ၏ သဘောထားများ နှင့် သဘောတူညီချက်များရယူ၍ စီမံကိန်းအား ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်း စတင်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်ဆောက်လုပ်ရန် စီမံကိန်းအနီးပတ်ဝန်းကျင် နေထိုင်သူများ၊ ဒေသအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ အစိုးရဌာနများထံမှ အောက်ဖော်ပြပါ ကန့်ကွက်ရန်မရှိကြောင်း သဘောထားများ စုစည်းရယူခဲ့ပါသည်-



သို့

အုပ်ချုပ်ရေးမှူး
ရပ်ကွက်အုပ်ချုပ်ရေးမှူး
(၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။

ရက်စွဲ။ ။၂၀၁၄ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက်။

အကြောင်းအရာ။ ။<u>ဟိုတယ်ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံပေးပါရန် လျှောက်ထားခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ကျွန်တော် ဦးမျိုးဦး (မှတ်ပုံတင်အမှတ်.....................................)အဘ ဦးမောင်ကြူ သည် အမှတ် (၃၃၁/၃၃၃)(၁)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ (၁)ရပ်ကွက်၊ လမ်းမတော်မြို့နယ်တွင် ဥပဒေစည်းကမ်းများနှင့်အညီ (အိပ်ခန်း ၅၅ ခန်းအပါ)(၁၄ထပ်/RCC) ဟိုတယ်(၁လုံး) ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားလိုပါသဖြင့် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံပေးပါရန် လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

လျှောက်ထားသူ
(ဦးမျိုးဦး)
၁၂/လမတ (နိုင်) ၀၂၅၉၀၂
၅၆/၅၈၊ ၁၆လမ်း ၊ (၇)ရပ်ကွက်၊
လမ်းမတော်မြို့နယ်။

အုပ်ချုပ်ရေးမှူး
အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး
လမ်းမတော်မြို့နယ်။

**ရပ်ကွက်အုပ်ချုပ်ရေးမှူး ၏ ထောက်ခံချက်**

လျှောက်ထားသည့်လုပ်ငန်း ပတ်ဝန်းကျင်ရှိ အိမ်များမှ
ကန့်ကွက်ရန် မရှိကြောင်း သဘောတူညီချက်

[illegible]------မြို့နယ်၊ ၁ ------ရပ်ကွက်၊ [illegible] လမ်း၊
[illegible] ------အမှတ်၊ ဦး/ဒေါ် [illegible] ------၏ (အခန်း-၅၅ ခန်းပါ) (၁၄ ထပ်/ RCC)
ဟိုတယ်(၁လုံး)ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း
သဘောတူညီချက်ကို အောက်တွင် လက်မှတ်ရေးထိုးပါသည်။

| စဉ် | အမည် | အမျိုးသားမှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|
| 1 | [illegible] | 13/[illegible] 133114 | [illegible] 329 [illegible] | [signature] |
| 2 | [illegible] | [illegible] | [illegible] 332 [illegible] | [signature] |
| 3 | [illegible] | TN - C49333 | [illegible] | [signature] |
| 4 | [illegible] | [illegible] | [illegible] | [signature] |
| 5 | [illegible] | [illegible] 003708 | No (329), [illegible] | [signature] |
| 6 | [illegible] | [illegible] 068180 | 350, [illegible] | [signature] |
| 7 | [illegible] | [illegible] | [illegible] | [signature] |
| 8 | [illegible] | [illegible] 00000[illegible] | [illegible] | [signature] |
| 9 | [illegible] | [illegible] 0000[illegible] | [illegible] | [signature] |
| 10 | [illegible] | 12/[illegible] (N) 152548 | (504) [illegible] | [signature] |
| | | | | |

[illegible]

အနီးပတ်ဝန်းကျင်နေထိုင်သူများ၏ ထောက်ခံချက်

မြို့ နယ် မီး သတ် ဦး စီး မှူး ရုံး
ကျောက် တံ တား မြို့ နယ်
စာအမှတ်၊ ၁၀၆၅ / ၅ / ၁ / ဦး - ၁
ရက် စွဲ ၊၂၀၁၄-ခုနှစ် ၊ အောက်တိုဘာလ ( ၃၁ ) ရက်

သို့

သက်ဆိုင်ရာ

အကြောင်းအရာ။ **<u>ကန့်ကွက်ရန်မရှိကြောင်းပေးပို့ခြင်း</u>**

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊အမှတ်(၁)ရပ်ကွက်၊(၁)လမ်းနှင့်အနော်ရထာလမ်းထောင့်၊အမှတ်(၃၃၁/၃၃၃)တွင် ဦးမျိုးဦး နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/လမတ(နိုင်)၀၂၅၉၀၂ မှ အိပ်ခန်း(၅၅)ခန်းအပါ RCC (၁၄)ထပ် ဟိုတယ်(၁)လုံး ဆောက်လုပ်ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ မီးသတ်ဦးစီးဌာန၏ (၂၇-၅-၂၀၁၃)ရက်စွဲပါ စာအမှတ်၊၁၃၇၁/၁၀၀/၅၂/ဦး-၁ပါ အဆောက်အဦမီးဘေးလုံခြုံရေးအတွက် လိုက်နာဆောင်ရွက်ရန် အကြံပြုချက်(၁၇)ချက်အား လိုက်နာဆောင်ရွက်ပါက ကန့်ကွက်ရန်မရှိကြောင်း ပေးပို့အပ်ပါသည်။

**မှတ်ချက်။ဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားခြင်းအတွက်သာ**

၃၁၊၁၀၊၂၀၁၄

မြို့နယ်မီးသတ်ဦးစီးမှူး
( ဦးဝင်းဝင်း၊ ဦးစီးအရာရှိ )
ကျောက်တံတားမြို့နယ်

မိတ္တူ

ရုံးလက်ခံ

**မီးသတ်ဦးစီးမှူး၏ ထောက်ခံချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး
လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
စာအမှတ်–၈၉၉/ လမတ/ ထောက်ခံချက်
ရက်စွဲ– ၂၀၁၄ခုနှစ်၊အောက်တိုဘာလ( ၂၉)ရက်

သို့/

သက်ဆိုင်ရာသို့

အကြောင်းအရာ။ ။ဟိုတယ်ဆောက်လုပ်ရန်ခွင့်ပြုမိန့်လျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်ပေးပို့ခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊လမ်းမတော်မြို့နယ်၊ အမှတ်(၃၃၁/ ၃၃၃)(၁)လမ်း (၁)ရပ်ကွက်၊ ပိုင်ရှင်ဦးမျိုးဦး၊ မှတ်ပုံတင်အမှတ် (၁၂/လမတ(နိုင်)၀၂၅၉၀၂၁) တွင် ဥပဒေစည်းကမ်းများနှင့်အညီ(အိပ်ခန်း ၅၅ ခန်းပါ)(၁၄ထပ်/ RCC) ဟိုတယ်(၁)လုံးဆောက်လုပ်ရန်ခွင့်ပြုမိန့်အားစည်းကမ်းသတ်မှတ်ချက်များနှင့် အညီခွင့်ပြုပါကကန့်ကွက်ရန်မရှိပါကြောင်းထောက်ခံအပ်ပါသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး
လမ်းမတော်မြို့နယ်

**မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ထောက်ခံချက်**

ရန် ကုန် မြို့ တော် လျှပ် စစ် ဓာတ် အား ပေး ရေး အ ဖွဲ့
လမ်း မ တော် မြို့ နယ် အုပ် ချုပ် ရေး မှူး ရုံး
စာအမှတ် ၊ ၁၃၄၅ / ၂၄ - လမတ / (အခရ) / ၂၀၁၄
ရက်စွဲ ၊၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်

သို့

သက်ဆိုင်ရာသို့

အကြောင်းအရာ ။ *အဆောက်အဦးနှင့် ဓာတ်အားလိုင်းလွတ်ကင်းကြောင်း ထောက်ခံချက်ပေးပို့ခြင်း*

ရည် ညွှန်း ချက် ။ ဦးမျိုးဦး (၁၂/လမတ(နိုင်)၀၂၅၉၀၂)၏ (၂၈. ၁၀. ၂၀၁၄)ရက်စွဲပါလျှောက်လွှာ

လမ်းမတော်မြို့နယ်၊ (၁)လမ်းနှင့်အနော်ရထာလမ်းထောင့်၊ အမှတ်(၃၃၁/၃၃၃)တွင်အိပ်ခန်း(၅၅)ခန်းပါ (၁၄)ထပ်/အာရ်စီစီ)ဟိုတယ်(၁)လုံး အဆောက်အဦဆောက်လုပ်ရန်အတွက် အဆောက်အဦနှင့် ဓာတ်အားလိုင်းအား ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သတ် မှတ်ထားသော အောက်ဖော်ပြပါ ဓာတ်အားလိုင်းအကွာအဝေးအတိုင်းဆောက်လုပ်ပါက ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံအပ်ပါသည်။

| | ရေပြင်ညီအကွာအဝေး (ပေ) | ထောင်လိုက်အကွာအဝေး(ပေ) |
|---|---|---|
| - (၄၀၀)ဗို့ | ၄ | ၈ |
| - (၆၆၀၀)ဗို့ | ၆ | ၈ |
| - (၁၁၀၀၀)ဗို့ | ၈ | ၈ |

(ကျော်စန်း)
မြို့နယ်အုပ်ချုပ်ရေးမှူး
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
လမ်းမတော်မြို့နယ်

မိတ္တူကို

- ရုံးလက်ခံ
- မျှောစာတွဲ

**မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်**

# ထောက်ခံချက်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊(၇)ရပ်ကွက်၊(၁၆)လမ်း၊အမှတ်(၅၆/၅၈)နေ ဦးမျိုးဦး(ဘ)ဦးမောင်ကြူအမျိုးသားမှတ်ပုံတင်အမှတ်၁၂/လမတ(နိုင်)၀၂၅၉၀၂ ကိုကိုင်ဆောင်သူမှလမ်းမတော်မြို့နယ်၊(၁)ရပ်ကွက်၊အနော်ရထာလမ်းထောင့်ရှိမြေကွက်အမှတ်(၃၃၁/၃၃၃)၌(အိပ်ခန်း ၅၅ခန်းပါ)(၁၄ထပ်/RCC) ဟိုတယ်(၁)လုံး ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပါက ကန့်ကွက်ရန်မရှိပါကြောင်းထောက်ခံပါသည်။

မှတ်ချက်။ **ဟိုတယ်ဆောက်လုပ်ခွင့်လျှောက်ထားရန်အတွက်သာ**

မြို့နယ်ရဲတပ်ဖွဲ့မှူး

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊အောက်တိုဘာလ (၂၈)ရက်

**မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ထောက်ခံချက်**

၁၃၁၅
၂၀.၁၁.၁၄

မြို့ နယ် အထွေ ထွေ အုပ် ချုပ် ရေး ဦး စီး ဌာ န
လမ်းမတော်မြို့နယ်
စာအမှတ်၊ ၃ / ၁ - ၄၆ / ဦး ၁ (အထ၃)
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

သို့

အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းခရိုင်

အကြောင်းအရာ။ **ဟိုတယ်ဆောက်လုပ်ရန်အတွက် ထောက်ခံချက်ပေးပို့ခြင်း**

လမ်းမတော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ (၁)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ အမှတ်(၃၃၁/၃၃၃) မြေကွက်တွင် ဦးမျိုးဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/ လမတ (နိုင်) ၀၂၅၉၀၂ ကိုင်ဆောင်သူမှ ဟိုတယ်ဆောက်လုပ်ရန်လျှောက်ထားလာမှုအပေါ် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ပတ်ဝန်းကျင်နေအိမ် ထောက်ခံချက်များအရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စည်းကမ်း သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံအပ်ပါသည်။

( ကျော်ဇင်၊ပ/၃၅၈၃)
အုပ်ချုပ်ရေးမှူး

မိတ္တူကို
လက်ခံ
မျှော

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်**

ထောက်ခံချက်

ရက်စွဲ ‌. ၅. ၁၁ . ၂၀၁၄

လမ်းမတော်မြို့နယ်၊ (၁) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၃၃၁/၃၃၃)တွင် လုပ်ငန်းရှင် ဦးမျိုးဦး မှတ်ပုံတင်အမှတ် ၁၂/လမတ(နိုင်)၀၂၅၉၀၂အမည်ဖြင့် ဟိုတယ်လိုင်စင် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပါက ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံပါသည်။

5/11/14

အုပ်ချုပ်ရေးမှူး
မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး
လမ်းမတော်မြို့နယ်

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ၏ ထောက်ခံချက်**

## ၉.၁. အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်၊ ရလဒ် နှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေအနေ

စီမံကိန်း လုပ်ငန်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုရေး အပေါ် သက်ရောက်နိုင်မှုများနှင့် ဆိုးကျိုးသက်ရောက်နိုင်မှုများကို လျော့ချနိုင်မည့်နည်းလမ်း များနှင့် လုပ်ငန်းစဉ်များကိုထုတ်ဖော်နိုင်ရန်အတွက် စီမံကိန်းဆောင်ရွက်သည့် ဧရိယာအနီး တဝိုက် ဒေသခံပြည်သူများနှင့် စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သည့်သူများ၏ စီမံကိန်းအပေါ် အကြံပြုသုံးသပ်ချက်များနှင့် ဆွေးနွေးချက်များကို လက်ခံရရှိနိုင်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်၍ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းမှ အကြံပြုချက် သဘောထားရယူခြင်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းအနေဖြင့် လက်ရှိအချိန်တွင် ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်နေသည့် Corona Virus Disease (Covid-19) ရောဂါအားလည်း မြန်မာနိုင်ငံတွင် ရောဂါကူးစက်ပြန့်ပွားမှုအနည်းဆုံး ဖြစ်စေရန်အတွက် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ အချိန်နှင့် တစ်ပြေးညီထုတ်ပြန်လျက်ရှိသည့် ညွှန်ကြားချက်နှင့်အညီ အများပြည်သူနှင့် တိုင်ပင် ဆွေးနွေးခြင်းလုပ်ငန်းစဉ်များအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၉.၂. သတင်းအချက်အလက်ထုတ်ဖော်ခြင်း

ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ပြည်သူများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေး ခြင်းများ ဆောင်ရွက်ပြီး အများပြည်သူ၏ သဘောထားများရယူ၍ စီမံကိန်းပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ်ထိခိုက်ခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းဆိုင်ရာ သတင်းထုတ်ပြန်မှုများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးမှူးရုံးနှင့်စီမံကိန်း ကြော်ငြာ ဘုတ်တို့တွင် အချိန်နှင့် တပြေးညီ ထုတ်ပြန် ဆောင်ရွက်သွားပါမည်။

စီမံကိန်းနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာ နိုင်သော ကောင်းကျိုး/ဆိုးကျိုးများအား စီမံကိန်းဧရိယာအနီးတဝိုက်ရှိ ပြည်သူလူထုအနေဖြင့် အကြံပြုချက်များ ပေးပို့နိုင်ရန်နှင့် အများပြည်သူ၏ သဘောထားများ၊ အကြံဉာဏ်များ အမြဲတမ်း ရယူနိုင်စေရန်အတွက် စီမံကိန်းဆောင်ရွက်ရာသည့်နေရာတွင် အကြံပြုစာတိုက်ပုံး ထားရှိခြင်း၊ စီမံကိန်းဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်၏ ဆက်သွယ်နိုင်မည့် အောက်ဖော်ပြပါ သတင်းအချက်

အလက်များအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ထားရှိခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

**စီမံကိန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရန်ပုဂ္ဂိုလ်**

| | |
|---|---|
| အမည် | ဒေါ်အေးအေးစိုး |
| ဖုန်းနံပါတ် | ၀၉၂၅၁၀၂၃၈၃၈ |
| အီးမေးလ် | aayesoe152@gmail.com |
| ရုံးလိပ်စာ | အမှတ် (၃၃၁/၃၃၃)၊ အနော်ရထာလမ်းနှင့် (၁) လမ်းထောင့်၊ (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |

# အခန်း (၁၀) ၊ နိဂုံး

ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အစီရင်ခံစာ၌ စီမံကိန်းဆောင်ရွက်ရာမှ သက်ရောက်စေနိုင်သော ဆိုးကျိုးများ၊ လျှော့နည်းသက်သာစေရေး နည်းလမ်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ လူထုအကျိုးပြု လုပ်ငန်းဆောင်ရွက်မည့် ရန်ပုံငွေလျာထားချက်နှင့် အစီရင်ခံစာ အကောင်အထည်ဖော်ရန် ရန်ပုံငွေလျာထားချက်များ စသည်တို့အား ထည့်သွင်းရေးဆွဲထားပြီး၊ စီမံကိန်းဆောင်ရွက်သူအနေဖြင့် ပတ်ဝန်းကျင်နှင့်လူမှု-စီးပွားဆိုင်ရာ ထိခိုက်မှုများအား ဖြစ်နိုင်သမျှနည်းသည်ထက်လျှော့နည်းစေပြီး၊ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုများ ရရှိစေရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာပါ အစီအစဉ်များအား လိုက်နာကျင့်သုံး၍ မျက်ခြေမပြတ် စောင့်ကြည့်ထိန်းချုပ်သွားမည်ဖြစ်ပါသည်။

စီမံကိန်းဆောင်ရွက်သူအနေဖြင့် စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချနိုင်ရန် အောက်ပါတို့ကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ရေးသားဖော်ပြထားသော ထိခိုက်မှု လျှော့ချနိုင်မည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်း၊
- စီမံကိန်းရှိ အလုပ်သမား၊ ဝန်ထမ်းများအတွက် လူမှုဖူလုံရေး လုပ်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် အလုပ်သမား၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများကိုလည်း ပြည့်ဝစွာ အသုံးပြုရန် ခွင့်ပြုခြင်း၊
- ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း အစီအစဉ်တွင် ရေးသားထားသော ထိခိုက်မှု လျှော့ကျစေရန် နည်းလမ်းများနှင့် ပတ်ဝန်းကျင်အရည်အသွေးစစ်ဆေးခြင်းများ ပုံမှန်လုပ်ဆောင်ခြင်း၊
- အလုပ်သမားများ၊ ဝန်ထမ်းများအား အသိပညာများ တိုးပွားစေရန်အတွက် သင်တန်းများ ပို့ချပေးရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊
- အစီရင်ခံစာတွင် ထည့်သွင်းရေးသားထားသော လူမှုရေးတာဝန်ခံမှု အစီအစဉ်ကိုလည်း နှစ်စဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အစီရင်ခံစာအား စစ်ဆေးကြည့်ရှုပြီးနောက် အကြံပြုချက်များနှင့် ဝေဖန်သုံးသပ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင်နှင့်ဆိုင်သော မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့် အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာဆောင်ရွက်ခြင်း။

ဤ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် The Rangoon Hotel စီမံကိန်းသည် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားအပေါ် သိသာထင်ရှားသည့် ဆိုးကျိုးသက်ရောက်မှုမရှိနိုင်သည့် စီမံကိန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# ကိုးကားချက်များ

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ
- အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ